ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

၁၃၈၀ ပြည့်နှစ် ကဆုန်လကွယ်၊ တနင်္လာနေ့။ Monday 14 May 2018 ၉၂၈၆

သတိထားသင့်သော ခွေးရူးရောဂါနှင့် သိထားသင့်သော ကာကွယ်ဆေး အစီအစဉ်များ
စာမျက်နှာ - ၆

မြန်မာ့အမွေအနှစ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး အကြိုလုပ်ရှားမှု “နှလုံးသားထဲကပုဂံ” ဓာတ်ပုံပြပွဲကျင်းပ
စာမျက်နှာ - ၈

မောင်တောမြို့နယ် မင်းကြီးကျေးရွာ သစ်၌ နေအိမ် ၈၂ လုံး၊ စာသင်ကျောင်း တစ်ကျောင်းနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်း တည်ဆောက်ပေးလျက်ရှိ
စာမျက်နှာ - ၁၀

ငမိုးရိပ်ချောင်းကူး သံကူကွန်ကရစ် တံတားနှစ်စင်း ဖွင့်လှစ်
စာမျက်နှာ - ၁၄

မန္တလေးတိုင်းဒေသကြီးအတွင်း ဝန်ထမ်းအိမ်ရာ တိုက်ခန်းပေါင်း ၅၃၀ တည်ဆောက်ရန်လျာထား
စာမျက်နှာ - ၁၆

# နာဂစ်မုန်တိုင်းသင့်ဒေသများမှ စပါးစိုက်လယ်မြေများအား ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန် တာတမံများ ပုံစံကျပြန်လည်တည်ဆောက်လျက်ရှိ

နေပြည်တော် မေ ၁၃

နာဂစ်မုန်တိုင်းသင့်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာနှင့် ပုသိမ်ခရိုင်ရှိ စပါးစိုက်လယ်မြေများအား ရေငန်ဝင်ရောက်နစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ရန်အတွက် တာတမံများ ပုံစံကျအခိုင်အမာပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ ဇင်ရွဲတာနှင့် ဘီတွဒ်ကျွန်းအပိုင်း(၁)တို့တွင် တာတမံတည်ဆောက်ခြင်း လုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ သိရသည်။ စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻



ပြင်စလူမြို့ ဦးခေါင်းပုတာပေါ်ရှိ ဦးခေါင်းပုရေတံခါးကို တွေ့ရစဉ်။

# အိန္ဒိယမှ ပဲစင်းငုံဝယ်မည့်သတင်းကြောင့် ရန်ကုန်ပဲဈေးကွက်၌ ပဲစင်းငုံတစ်တန် ကျပ်တစ်သိန်းနီးပါးထိ ဈေးမြင့်လာ

**ရန်ကုန် မေ ၁၃**

မေ ၁၁ ရက်တွင် အိန္ဒိယနိုင်ငံမှ ပဲစင်းငုံတန်ချိန် နှစ်သိန်းဝယ်ယူမည်ဟု သတင်းထုတ်ပြန်ခြင်းကြောင့် ယင်းနေ့တွင် ရန်ကုန်ပဲဈေးကွက်၌ ပဲစင်းငုံနီ RC တစ်တန် ကျပ် ၃၈၅၀၀၀ နှုန်းရှိရာမှ မေ ၁၂ ရက်တွင် ကျပ် ၄၈၁၀၀၀ နှုန်းသို့ မြင့်တက်လာသည်။ တစ်တန်လျှင် ကျပ် ၉၆၀၀၀ နှုန်း မြင့်လာသည်ဟု သိရသည်။

မေ ၅ ရက်၊ ၈ ရက်၊ ၉ ရက် ရန်ကုန်ဈေးကွက်များတွင် ပဲစင်းငုံ ဈေးနှုန်းမဖွင့်ဟု သိရသည်။ မေ ၇ ရက်တွင် ပဲစင်းငုံနီ RC တစ်တန် ကျပ် ၃၇၅၅၀၀ နှုန်း၊ မေ ၁၀ ရက်တွင် ကျပ် ၃၇၇၀၀၀ နှုန်းအသီးသီးရှိခဲ့သည်။ မေ ၁၁ ရက် ရန်ကုန်ပဲဈေးကွက်တွင် ပဲစင်းငုံနီ RC ကုန်သေတ္တာအလုံးရေ ၁၅ လုံး၊ မေ ၁၂ ရက်တွင် ၂၅ လုံး အရောင်းအဝယ်ဖြစ်ခဲ့သည်ဟု သိရသည်။

အလားတူ မေ ၄ ရက်တွင် မတ်ပဲနှင့် ပဲတီစိမ်းတန်ချိန် တစ်သိန်းခွဲစီ အိန္ဒိယသို့တင်သွင်းခွင့်ပြုမည်ဆိုသော အိန္ဒိယအစိုးရက သတင်းထုတ်ပြန်မှုကြောင့် ရန်ကုန်ပဲဈေးကွက်၌ မေ ၄ ရက်တွင် မတ်ပဲ RC တစ်တန် ကျပ် ၃၈၂၀၀၀ နှုန်းရှိရာမှ မေ ၅ ရက်တွင် ကျပ် ၄၅၄၀၀၀ သို့ မြင့်တက်လာပြီး ယင်းနေ့တွင် မတ်ပဲ RC ကုန်သေတ္တာအလုံးရေ ၁၃၅ လုံးအထိ အရောင်းအဝယ်များလာသည်ဟု သိရသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻**



# ကြေးမုံ

## အပစ်အခတ်ရပ်စဲရေးကို ဦးတည်

ပြည်သူအများ သိရှိကြပြီးဖြစ်သည့်အတိုင်း ကျွန်ုပ်တို့နိုင်ငံ မညီညွတ်မှုကြောင့် တိုင်းပြည်လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသည်။ ညီညွတ်သောကြောင့် လွတ်လပ်ရေးရခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ညီညွတ်မှု ပြန်လည်ပြိုကွဲပြီး ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများနှင့် ကြုံတွေ့ခဲ့ရသည်မှာ နှစ်ပေါင်း ၇၀ ကျော်ပြီ။ မငြိမ်းချမ်းမှုများ၊ စစ်ပွဲများကြောင့် တိုင်းရင်းသားပြည်သူများ ဒုက္ခပင်လယ်ဝေခဲ့ရသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

ထို့ကြောင့် ပြည်သူများက စစ်ကိုမလိုလား၊ စစ်ပွဲများရပ်ဖို့ တောင်းဆိုလာကြသည်။ စစ်ပွဲများကို ပြည်သူများက မလိုလားသလို နိုင်ငံတော်အစိုးရကလည်း မနှစ်သက်ချေ။ တပ်မတော်ကလည်း အသက်သွေးချွေးပေးဆပ်ကာ ဆင်နွှဲလိုမည်မဟုတ်ပေ။ မငြိမ်းသတ်နိုင်သေးသော သမိုင်းဆိုးမွေ စစ်ပွဲများနှင့် ကြုံတွေ့နေရဆဲဖြစ်၍ စစ်ပွဲများရပ်ပါဟု ပြည်သူများက ဆိုကြသည်ကို နားလည်သဘောပေါက်ပါသည်။

စစ်ပွဲများနှင့် ကင်းဝေးစေရန် ထာဝရငြိမ်းချမ်းရေးကို အစိုးရအဆက်ဆက် နည်းလမ်းအမျိုးမျိုး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံရေးပြဿနာကို လက်နက်ကိုင်ဖြေရှင်းခြင်းဖြင့် မအောင်မြင်နိုင်ပုံကို ယနေ့ကြုံတွေ့နေရသည့် ပြည်တွင်းလက်နက်ကိုင်တိုက်ပွဲများက သက်သေပြလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်အောင် ကြိုးပမ်းအားထုတ်ခဲ့သည်။ ငြိမ်းချမ်းရေးအတွက် အရေးအကြီးဆုံး ပထမခြေလှမ်းဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီချက်စာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ပြီးနောက် ဒီဇင်ဘာလအတွင်း ပြည်ထောင်စုလွှတ်တော်၌ အဆိုပါစာချုပ်ကို ကန့်ကွက်သူမရှိ အတည်ပြုပေးနိုင်ခဲ့သည်။ ယခုအခါ NCA စာချုပ်တွင် လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှာ ၁၀ ဖွဲ့ရှိပြီဖြစ်သည်။

NCA သဘောတူစာချုပ်၏ အနှစ်ချုပ်မှာ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှု ထူထောင်ကာ တန်းတူရည်တူ အခွင့်အရေးရရှိမည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရန် သဘောတူထားခြင်းဖြစ်သည်။ လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့နှင့်သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများတွင် မိမိတို့၏ အတိုင်းအတာအရ ဆောင်ရွက်ခွင့်ရှိသည်။ ငြိမ်းချမ်းရေး အကောင်အထည်ဖော်နေသည့် ကာလအတွင်း ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဆိုထားသည်။

NCA စာချုပ်တွင် လက်မှတ်ရေးထိုးလိုက်သောအခါ ထိုဒေသမှ တိုင်းရင်းသားပြည်သူများ ဝမ်းသာကြ၊ ပျော်ရွှင်ကြနှင့် စိတ်ချမ်းမြေ့စရာပင်။ NCA စာချုပ်တွင် လက်မှတ်မရေးထိုးထားသော တိုင်းရင်းသားနယ်မြေများတွင် တိုက်ပွဲများနှင့် တိုင်းရင်းသားပြည်သူများ အတိဒုက္ခရောက်နေကြသည်မှာ ယနေ့ထက်တိုင် မြင်တွေ့နေရသည်။ ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားပါသည်ဆိုလျှင် NCA တွင် လက်မှတ်ထိုးနိုင်ရေး ကြိုးပမ်းရမည်ဖြစ်သည်။ NCA တွင် လက်မှတ်ရေးထိုးထားသော ဒေသများတွင် သေနတ်သံများ ဆိတ်သုဉ်းနေသည်။ တိုင်းရင်းသားပြည်သူများ အေးအေးလူလူ သွားလာလုပ်ကိုင် ရောင်းဝယ်ဖောက်ကား နေထိုင်နိုင်ကြသည်။ ဒေသတစ်ခုမှ ဒေသတစ်ခုသို့ ပျော်ပျော်ရွှင်ရွှင် ဝင်ထွက်သွားလာ လည်ပတ်နိုင်ကြသည်။ NCA အကျိုးမှာ များလှသည်။ ငြိမ်းချမ်းရေးရလျှင်မူကား ဆိုဖွယ်ရာမရှိပြီ။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများ အေးအေးချမ်းချမ်းနေရသည်ကို မြင်လိုပါလျှင် စစ်ပွဲများကို ရပ်ရမည်။ ငြိမ်းချမ်းရေးခရီးတွင် အတူတကွ ပါဝင်တက်လှမ်းပြီး တူညီသောရည်မှန်းချက်ပန်းတိုင်ခရီးသို့ ဆက်ကြရမည်။ စစ်ပွဲများကို မလိုလားပါလျှင် NCA စာချုပ်တွင် လက်မှတ်ရေးထိုးရန် ကျန်ရှိနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား လက်မှတ်ရေးထိုးရန် တိုက်တွန်းကြရမည်ဟု ဆိုချင်ပါသည်။ ။

## မြဝတီမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ၃၁ ရွာ ဆောင်ရွက်နေပြီး လည်ပတ်ရန်ပုံငွေ ကျပ် ၁၂၆၈ သန်းကျော် ရှိနေပြီဖြစ်

**မြဝတီ မေ ၁၃**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ကျေးရွာ ၃၁ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လည်ပတ်ရန်ပုံငွေကျပ်သန်း ၉၃၀ ထုတ်ချေးပေးထားကာ ၂၀၁၈ ခုနှစ် ဧပြီလကုန်အထိ အတိုးရရှိငွေကျပ် ၂၀၁ ဒသမ ၃၀၂၀၇ သန်းရရှိခဲ့ပြီး စုစုပေါင်း လည်ပတ်ရန်ပုံငွေမှာ ငွေကျပ် ၁၂၆၈ ဒသမ ၀၉၀၀၉ သန်းရှိနေပြီဖြစ်ကြောင်း မေ ၁၃ ရက် နံနက် ၉ နာရီက မြဝတီမြို့ သောင်ရင်းခန်းမ၌ ပြုလုပ်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားမှ သိရသည်။



အဆိုပါ သုံးသပ်ဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အဖွင့်အမှာစကား ပြောကြားရာ မြစိမ်းရောင် ကျေးရွာစီမံကိန်းများကို အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းကို လျှော့ချရန်၊ တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန်စသည့် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်သဖြင့် အကျိုးရှိရှိအသုံးပြုဆောင်ရွက် စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က အမှာစကားပြောကြားပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ စံပြမြစိမ်းရောင်ကျေးရွာများအား ဆုများ ချီးမြှင့်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က မြစိမ်းရောင်ကျေးရွာ စံပြကျေးရွာဆုရ ပေါလောကျေးရွာအားလည်းကောင်း၊ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ကျန်ခမ်းက မြစိမ်းရောင်စာရင်းဇယား ကောင်းမွန်မှုဆုရ ဖလူးကြီးကျေးရွာအား လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုက မြစိမ်းရောင်လုပ်ငန်း အကောင်အထည်ဖော် တိုးတက်မှုနှင့် စည်းလုံးညီညွတ်မှုဆုရ သက္ကာရကျေးရွာအားလည်းကောင်း အသီးသီး ချီးမြှင့်ပေးသည်။

ဆက်လက်ပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများမှ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာသူကျေးရွာသားများက မြစိမ်းရောင် ကျေးရွာစီမံကိန်းနှင့် ပတ်သက်ပြီး လိုအပ်ချက်များ၊ အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အားနည်းချက်၊ အားသာချက်များအား အကြံပြုဆွေးနွေးကြရာ ဆွေးနွေးချက်များအပေါ် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေစိုးက နိဂုံးချုပ်သုံးသပ်ဆွေးနွေးခဲ့သည်။

မြဝတီမြို့နယ်အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ခဲ့မှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နှစ်ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၂ ရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၂ ရွာ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငါးရွာ စုစုပေါင်း ၃၁ ရွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**



## မိုးမိတ်မြို့နယ်၌ အစားထိုးသီးနှံ စပ်မျိုးစပါး ပုလဲသွယ် ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**မိုးမိတ် မေ ၁၃**

မိုးမိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး ပညာပေးခန်းမ၌ မေ ၁၀ ရက် နံနက် ၉ နာရီခွဲက အစားထိုးသီးနှံ စပ်မျိုးစပါးပုလဲသွယ် (GW-1) ပေးအပ်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မော်မော်လွင်က အစားထိုးသီးနှံ စပ်မျိုးစပါးမျိုး ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာရှစ်ရွာတွင် စိုက်ပျိုးရန် စပ်မျိုးစပါးပုလဲသွယ် (GW-1) စိုက်ဧက ၁၀၀ အတွက် ကီလို ၇၀၀ ကို အခမဲ့ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(မြန်/ဆက်)**

## ဘီးလင်းမြို့နယ်၌ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဘီးလင်း မေ ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအတွင်း မရမ်းကုန်းကျေးရွာအုပ်စု ငါးဘတ်ချောင်ကျေးရွာတွင် စီမံကိန်းမှ ပံ့ပိုးငွေကျပ် ၁၁ သန်းကျော်ဖြင့် ဆောင်ရွက်ခဲ့သည့် ရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်း (၄၂၀၀×၁၂)ပေအား တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး မေလ ဒုတိယပတ်က လူထုစစ်ဆေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး ဘီးလင်းမြို့နယ် ဦးစီးမှူး ဦးမင်းထောစံက စီမံကိန်းအကြောင်း ပြောကြားကာ တာဝန်ရှိသူများနှင့် ကျေးရွာကော်မတီများက စီမံကိန်းလုပ်ငန်းစဉ်တစ်လျှောက် အကောင်အထည်ဖော် ဆောင်ရွက်မှုအစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လုပ်ငန်းစဉ်များနှင့် ရလဒ်အပေါ် မဲစနစ်ဖြင့် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရားကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်တွင်း၊ ပြည်ပ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်နေရ

ကျွန်မတို့တွေဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်စေဖို့ စတင်ရုန်းကန်နေရတဲ့အချိန်မှာ ပြည်တွင်း၊ ပြည်ပ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။ ကမ္ဘာ့အသိုင်းအဝိုင်းအတွင်းမှာ တာဝန်သိစွာဖြင့် ရပ်တည်နိုင်ရန် အရေးကြီးကြောင်းကို နားလည်အသိအမှတ်ပြုတာနဲ့အလျောက် ကျွန်မတို့တွေဟာ ကိုယ့်နိုင်ငံရဲ့ အခြေအနေ၊ လိုအပ်ချက်များနဲ့ကိုက်ညီစွာ လျှောက်လှမ်းရင်းနဲ့ပဲ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အမြင်၊ သဘောထားတွေကိုလည်း အလေးပေးဆောင်ရွက်ရပါတယ်။

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)





## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် တတိယအကြိမ်အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဘုရားကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဖော့ကန်ဝါဥုးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုနန္ဒထံမှ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီးနှင့် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြ၍ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရုပ်ပွားတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်များ၊ ဒီဃဘာဏကဆရာတော်များ စုစုပေါင်း ၂၇ ပါး၊ ဓမ္မမိတ်ဆွေများနှင့် ပရိသတ်များက ပဋ္ဌာန်းပါဠိတော်ကို သုံးခေါက်သံပြိုင်ရွတ်ဆို၍ ဖွင့်လှစ်ပေးကြပြီး အလှည့်ကျဘာဏကဆရာတော်က အသံမစဲ မဟာပဋ္ဌာန်းဒေသနာတော်ကို မေ ၁၃ ရက်မှ စပြီး ၁၇ ရက်အထိ ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကာ ပဋ္ဌာန်းအောင်ပွဲအထိမ်းအမှတ်အဖြစ် ဘုရားအမှူးပြုကာ သံဃာတော် ၄၅ ပါး စုစုပေါင်း ၄၆ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ရေတာရှည် မေ ၁၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဧပြီလနှင့် မေလအတွင်း မိုးသက်လေပြင်းများတိုက်ခတ်ခဲ့ပြီး ကျေးရွာအုပ်စုအသီးသီးရှိ ဒေသခံပြည်သူများ၏ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများကြုံတွေ့ခဲ့ရသည်။

ထို့သို့ လေဘေးသင့်၍ အခက်အခဲများဖြစ်ပေါ်လျက်ရှိသော ဒေသခံပြည်သူများအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Family Kit များ ထောက်ပံ့ပေးအပ်ပွဲကို မေ ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျေးလက်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က လေဘေးသင့်ခဲ့ရသော ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီး ဦးအောင်ဇော်နိုင်၊ တိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနတိုင်းဦးစီးမှူး ဦးမျိုးသိန်းတို့က အသုံးအဆောင်ပစ္စည်း ငါးမျိုးပါဝင်သော Family Kit များကို ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ထောက်ပံ့ပေးအပ်ခဲ့သည်။ အခမ်းအနားသို့ ဂုံမင်းကွင်း၊ ကွင်းကြီး၊ သိုင်းဝ၊ ဒေါင်းနန်းကျ၊ ပိတောက်ခင်ကျေးရွာအုပ်စုများမှ အိမ်ထောင်စုဝင်ပေါင်း ၁၄၃ စု၊ မူလတန်းကျောင်း သုံးကျောင်း၊ သာသနိကအဆောက်အအုံ တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းအတွက် Family Kit ပစ္စည်း ၁၄၉ စုံကိုပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




**ကိုလွင်(ဆွာ)**

### * ရွှေဖုံးမှ

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ ဦးစီးအရာရှိ ဦးတင်မိုးကျော်က "ဇင်ရွဲကျွန်းက လပွတ္တာမြို့ တောင်ဘက်မှာရှိပါတယ်။ အဓိက တာပုံစံ ပြုပြင်ဆောင်ရွက်ခြင်းအပြင် တာတိုးချဲ့ဆောင်ရွက်ခြင်းကိုပါ ဆောင်ရွက်ပါတယ်။ နာဂစ်မတိုင်မီက ရှိခဲ့တဲ့တာက ခြောက်မိုင်လောက်ပဲရှိတယ်။ နာဂစ်ဖြစ်ပြီးတဲ့နောက်မှာ တည်ဆောက်ရေး(၁)က တာအမြင့် ၈ ဒသမ ၅ ပေမြှင့်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ တည်ဆောက်ခဲ့ပြီးတော့ ဒေသခံ တောင်သူတွေရယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေက ဒီကျွန်းကို တာအပြည့်ပတ်မှ ပိုအကျိုးဖြစ်ထွန်းမယ်ဆိုပြီး တင်ပြတဲ့အတွက် ကျွန်းကို တာအပြည့်ပတ်ဖို့အတွက်ကို မြေတိုင်းတာတဲ့ လုပ်ငန်းတွေကို တွက်ချက်ပြီး ဒီကျွန်းပေါ်မှာ ကျွန်တော်တို့က မူလတာခြောက်မိုင် တိုးချဲ့တာက ၁၀ မိုင်ခွဲ၊ ၁၆ မိုင်ခွဲကို တာပုံစံကျပြုပြင်ခြင်းတွေ၊ တာအသစ်တည်ဆောက်ခြင်းတွေ အကုန်လုံး ဆောင်ရွက်ရပါတယ်"ဟု ပြောသည်။

အဆိုပါ တာအသစ်တိုးချဲ့ခြင်းစီမံကိန်းကို ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် ပျက်စီးခဲ့သည့်တာများကို ပြန်လည်ပြုပြင်ရန် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တည်ဆောက်ရေး(၁)မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် တည်ဆောက်ရေး(၉)မှ လွှဲပြောင်းလက်ခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဇင်ရွဲရေတံခါး (၆ ပေ × ၆ ပေ) လေးပေါက်ရေတံခါးတစ်ခု ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ကိုးဘိုရေတံခါး တည်ဆောက်ပြီးစီးခဲ့ပါတယ်။ ဒီကျွန်းပေါ်မှာ ရေတံခါးနှစ်ခုနဲ့ တာအလျား (၁၆ ဒသမ ၅) မိုင်ကနေပြီးတော့ ရေငန်ကာကွယ် ဧက ၄၀၀၀ ကို ကာကွယ်ပေးမှာဖြစ်ပါတယ်"ဟု တည်ဆောက်ရေး(၉)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နာဂစ်မုန်တိုင်းသင့်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေငန်တားတာများ ပုံစံကျပြန်လည်ပြုပြင်ရေးအတွက် JICA မှ စက်ယန္တရား ၄၁ စီး ကူညီထောက်ပံ့ပေးခဲ့ပြီး ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် ရရှိရန်ပုံငွေဖြင့် ဇင်ရွဲရေငန်တားတာကို ဆောင်ရွက်ခဲ့ရာ ရာခိုင်နှုန်းပြည့် ပြီးစီးပြီဖြစ်ပြီး ဘီတွဒ်ကျွန်း (၁)တာမှာလည်း တာမြှင့်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီတာတွေပြီးသွားတဲ့အတွက် ဇင်ရွဲကျွန်းပေါ်မှာရှိတဲ့ စပါးစိုက်ဧက ၄၀၀၀ ဟာ အခုဆို ရေငန်ဝင်ရောက်မှုကနေ ကာကွယ်နိုင်မယ်။ မိုးတွင်းရွာတဲ့ မိုးရေတွေကို ဧည်ပေါင်သာချောင်းနဲ့ လက်ရှိ ကျွန်တော်တို့ တူးထားတဲ့ မြောင်းတွေထဲကနေ နွေရာသီမှာ နွေစပါးမဟုတ်ရင်တောင် ဒုတိယသီးနှံတစ်ခုခုကို စိုက်ပျိုးနိုင်ဖို့ ရည်ရွယ်ပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာနှင့် ပုသိမ်ခရိုင်အတွင်း ကျွန်းပတ်တာနှင့် ရေငန်တားတာများ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ဆောင်ရွက်ခြင်းများ ပြီးစီးပါက စပါးစိုက်လယ်မြေဧက ၉၇၆၈၀ ကို ရေငန်ဝင်ရောက်နစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး မိုးနှောင်းကာလတွင်လည်း ချောင်း၊ မြောင်းများအတွင်း ရေချိုသိုလှောင်ထားနိုင်မည်ဖြစ်သဖြင့် နွေစပါးအတွက်ပါ ရေလုံလောက်စွာ ဖြည့်တင်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းသစ်(MNA)**

# အင်ဒိုနီးရှားနိုင်ငံ ဆူယာဘာယာမြို့၌ ဗုံးပေါက်ကွဲမှုများကြောင့် ကိုးဦး သေဆုံး



**ဆူယာဘာယာ မေ ၁၃**
အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ကြီးဖြစ်သော ဆူယာဘာယာမြို့ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများအား ပစ်မှတ်ထား၍ မေ ၁၃ ရက်က ဗုံးဖောက်ခွဲမှုများ ပြုလုပ်ခဲ့ရာ လူကိုးဦးထက်မနည်း သေဆုံးခဲ့ရပြီး လူ ဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကမ္ဘာပေါ်တွင် မွတ်စလင်ဦးရေ အများဆုံးနေထိုင်ရာ နိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၌ ရာမာဒန် ဥပုသ်လ စတင်ရန်ရှိနေချိန်တွင် စစ်သွေးကြွများ၏ ဘေးအန္တရာယ်နှင့် အစ္စလာမ့်စ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)၏ ဘေးအန္တရာယ်များနှင့် ပတ်သက်၍ လုံခြုံရေးအရ တပ်လှန့်ထားချိန်အတွင်း နေရာသုံးနေရာတွင် ရှေ့ဆင့်နောက်ဆင့် ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မေ ၁၃ ရက် နံနက် ၇ နာရီခွဲခန့်တွင် စန်တာမာရီယာ ကက်သလစ်ဘုရားကျောင်း၏ ဂိတ်ပေါက်အပြင်ဘက်တွင် ပထမမြောက်ဗုံး ပေါက်ကွဲခဲ့ပြီး ၁၀ မိနစ်အတွင်း နောက်ထပ် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည်။

စန်တာမာရီယာ ဘုရားကျောင်းအနီး ဗုံးပေါက်ကွဲမှုအတွင်း ဗုံးဖောက်ခွဲသူ သေဆုံးသည်ဟု ယူဆရကြောင်း၊ ရဲတပ်ဖွဲ့ဝင်နှစ်ဦးမှာလည်း ဒဏ်ရာရရှိခဲ့ကြောင်း အရှေ့ဂျာဗား ရဲတပ်ဖွဲ့က ပြောကြားသည်။

**အေအက်ဖ်ပီ**

# တရုတ်နိုင်ငံ၌ ပထမဆုံးအကြိမ်တည်ဆောက်သော လေယာဉ်တင်သင်္ဘော စမ်းသပ်မောင်းနှင်ထွက်ခွာ

**ပေကျင်း မေ ၁၃**
တရုတ်နိုင်ငံ၏ ပထမဆုံးအကြိမ် ပြည်တွင်း၌တည်ဆောက်ခဲ့သော လေယာဉ်တင်သင်္ဘောကြီးသည် ပင်လယ်ပြင်ဆိုင်ရာ စမ်းသပ်မှုများ ပြုလုပ်နိုင်ရန် နိုင်ငံအရှေ့မြောက်ပိုင်းရှိ တလျံပင်လယ်ဆိပ်ကမ်းမှ မေ ၁၃ ရက်တွင် ထွက်ခွာသွားကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် ခေတ်မီတပ်မတော် ထူထောင်နိုင်ရန် ကြိုးပမ်းနေချိန်တွင် သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်မည့် ဆောင်ရွက်ချက်တစ်ရပ်အဖြစ် ဒုတိယမြောက်လေယာဉ်တင်သင်္ဘောကြီးတစ်စင်းကို ကာကွယ်ရေးလုပ်ငန်းတွင် အသုံးပြုနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

လေယာဉ်တင်သင်္ဘောသစ်ကို ပြီးခဲ့သည့်နှစ်တွင် ရေချပွဲ ပြုလုပ်ခဲ့ပြီးချိန်မှစ၍ ယင်းသင်္ဘောကြီးပေါ်တွင် လက်နက်ကိရိယာများနှင့် စနစ်များ တပ်ဆင်သည့်လုပ်ငန်းကို ဆောင်ရွက်လာခဲ့သော်လည်း ယခုအချိန်အထိ တပ်တော်ဝင်အခမ်းအနား ပြုလုပ်ရခြင်း မရှိသေးပေ။



လေယာဉ်တင်သင်္ဘောသစ်ကြီးသည် ပင်လယ်ပြင်အတွင်း စမ်းသပ်လေ့လာမှုအမျိုးမျိုး ပြုလုပ်နိုင်ရန် မေ ၁၃ ရက်တွင် တလျံ သင်္ဘောကျင်းမှ စတင်ထွက်ခွာသွားပြီဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသော်လည်း အသေးစိတ်ကိုမူ မသိရှိရပေ။

သင်္ဘော၏ စက်ပိုင်းဆိုင်ရာ စနစ်များ ချောမွေ့ခြင်း ရှိ၊ မရှိ၊ အသုံးပြုရန် စိတ်ချရခြင်း ရှိ၊ မရှိ စသည့် အခြေအနေအမျိုးမျိုးအတွက် စမ်းသပ်လေ့လာသွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ပင်လယ်ပြင်အတွင်း စမ်းသပ်မည့်အစီအစဉ်မှာ နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေအရ အသေးစိတ် ထုတ်ဖော်ခွင့်မရှိဟု ဆိုသည်။

တရုတ်တပ်မတော်အား ခေတ်မီတိုးတက်သည့် တပ်မတော်အဖြစ်သို့ တည်ဆောက်နိုင်စေမည့် အစီအစဉ်များကို သမ္မတ ရှီကျင့်ဖျင်ကိုယ်တိုင် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအစီအစဉ်များတွင် ကိုယ်ပျောက်ဂျက်တိုက်လေယာဉ် သုတေသနပြု တီထွင်ထုတ်လုပ်ရေး၊ ဂြိုဟ်တုကို ဖြိုခွင်းနိုင်သော ဒုံးကျည်များ ထုတ်လုပ်ရေး စသည့်အစီအစဉ်များပါဝင်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

တောင်တရုတ်ပင်လယ်ပြင်အတွင်း ပိုင်နက်နယ်မြေသတ်မှတ်ရေးနှင့် ပတ်သက်၍ တရုတ်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား အငြင်းပွားမှုရှိနေပြီး တရုတ်(တိုင်ပေ) အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံနှင့် တင်းမာမှုရှိနေချိန်အတွင်း ကာကွယ်ရေးစွမ်းပကားမြှင့်တင်နိုင်ရန် တရုတ်အစိုးရက ကြိုးပမ်းနေသည်ဟု ဝေဖန်ပြောကြားမှုများ ပေါ်ထွက်လျက်ရှိသည်။

တလျံသင်္ဘောကျင်း၌ တည်ဆောက်ခဲ့သော လေယာဉ်တင်သင်္ဘောသစ်ကို ၂၀၂၀ ပြည့်နှစ်မှစ၍ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်မည်ဟု ခန့်မှန်းထားသည်။

**ဆင်ဟွာ၊ ပီတီအိုင်**

## ပြင်သစ်နိုင်ငံတွင် ဓားကိုင်ရမ်းကားမှု ဖြစ်ပွား၊ တစ်ဦးသေဆုံး

**ပါရီ မေ ၁၃**
ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဓားကိုင်ဆောင်ကာ လမ်းသွားလမ်းလာများအား လိုက်လံထိုးနှက်သည့် ရမ်းကားမှုဖြစ်စဉ်တစ်ရပ် ဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးပြီး လေးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အခင်းဖြစ်ပွားမှုသည် မေ ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ပါရီမြို့ အော်ပရာခရိုင်နယ်မြေတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ပြင်သစ်မီဒီယာများက ရေးသားကြသည်။ အော်ပရာခရိုင်နယ်မြေသည် ဈေးဆိုင်များနှင့် စားသောက်ဆိုင်များ ပေါများကြောင်း သိရသည်။ ဓားကိုင်ဆောင်ကာ အမှုကျူးလွန်ခဲ့သူအား ပါရီလုံခြုံရေးအရာရှိများက သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးနိုင်ခဲ့ကြောင်းနှင့် ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်ဟု ရဲအရာရှိများက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ယခင်နှစ်များအတွင်း အိုင်အက်စ်စစ်သွေးကြွများက ပြင်သစ်နိုင်ငံအား ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိခဲ့သည်။ မေလတွင် ကာကာဆိုနီမြို့၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးခဲ့သည်။ အကြမ်းဖက်မှုကျူးလွန်သူ သေနတ်သမားက ၎င်းသည် အိုင်အက်စ်စစ်သွေးကြွ အဖွဲ့ဝင်တစ်ဦးဖြစ်သည်ဟု အခိုင်အမာပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဆူနာမီဘေးဥပဒ်ဆိုင်ရာ လျော်ကြေးပေးရေးဆုံးဖြတ်ချက် ဂျပန်ဒေသန္တရ အစိုးရအဖွဲ့နှစ်ဖွဲ့က အယူခံလွှာတင်သွင်း

**တိုကျို မေ ၁၃**
၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့သော ဆူနာမီရေလှိုင်း သဘာဝဘေးအန္တရာယ်အတွင်း သေဆုံးခဲ့ကြရသော ကျောင်းသားကျောင်းသူကလေးများ၏ မိသားစုများအား လျော်ကြေးငွေပေးအပ်စေရန် အောက်တရားရုံး၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဒေသန္တရအစိုးရအဖွဲ့ နှစ်ဖွဲ့က တရားရုံးချုပ်ထံ အယူခံလွှာတင်သွင်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆူနာမီရေလှိုင်း ပုတ်ခတ်မှုကြောင့် သေဆုံးခဲ့ကြရသော ကျောင်းသား ကျောင်းသူကလေးများ၏ မိသားစုများအား လျော်ကြေးငွေအဖြစ် ယန်းငွေ ၁ ဒသမ ၄၃ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇ သန်း)ပေးလျော်စေရန် ခရိုင်တရားရုံးတစ်ရုံး၏ ဆုံးဖြတ်ချက်ကို ဆန်ဒိုင်းပြည်နယ်တရားရုံးက ဧပြီလနှောင်းပိုင်းတွင် ထောက်ခံအတည်ပြုပေးခဲ့ပြီးနောက် သက်ဆိုင်ရာ ဒေသန္တရအစိုးရအဖွဲ့နှစ်ဖွဲ့က တရားရုံးချုပ်ထံသို့ အယူခံလွှာတင်သွင်းခြင်း ဖြစ်သည်။

ဆူနာမီရေလှိုင်း ရိုက်ခတ်ခဲ့စဉ်က အိုက်ဟီနိုမာကီမြို့ရှိ အိုကာဒါ မူလတန်းကျောင်းမှ ကလေးငယ် ၇၄ ဦး ရေထဲမျောပါသွားခဲ့ရပြီး ၎င်းတို့အနက် ၁၁ ဦး အသက်ဆုံးရှုံးခဲ့ကြရသည်။ ယင်းဖြစ်စဉ်တွင် ကျောင်းသားကျောင်းသူကလေးများကို ဆရာ ဆရာမများနှင့်အတူ ကျောင်းဝင်းအတွင်း မိနစ် ၄၀ ကြာ စောင့်ဆိုင်းထားခဲ့ကြောင်း၊ အကယ်၍ကလေးများကို ဘေးလွတ်ရာသို့ အချိန်မီ ရွှေ့ပြောင်းပေးနိုင်ခဲ့မည်ဆိုပါက ကလေးငယ်များ အသက် ဆုံးရှုံးရသည့်ဖြစ်ရပ် ပေါ်ပေါက်နိုင်မည် မဟုတ်ကြောင်း၊ သို့ဖြစ်၍ ဒေသန္တရအစိုးရအဖွဲ့နှစ်ဖွဲ့က အသက်သေဆုံးခဲ့ကြရသော ကလေးများ၏ မိသားစုများအား



လျော်ကြေးငွေပေးအပ်ရမည်ဖြစ်ကြောင်း အောက်တရားရုံးများက အဆင့်ဆင့် အတည်ပြုခဲ့ကြသည်။

သို့ရာတွင် သက်ဆိုင်ရာ မူလတန်းကျောင်းမှ ဆရာ ဆရာမများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ မဟုတ်သဖြင့် အချိန်မီ ရွှေ့ပြောင်းပေးမှုကို ပြုလုပ်ရန် နှောင့်နှေးကြန့်ကြာခဲ့ရခြင်းအတွက် အပြစ်ရှိသူများအဖြစ် သတ်မှတ်ခြင်း မပြုသင့်ကြောင်း ဒေသန္တရအစိုးရအဖွဲ့နှစ်ဖွဲ့၏ အယူခံလွှာတွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသ၌ ၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက်က ဖြစ်ပွားခဲ့သော ဆူနာမီရေလှိုင်း ဘေးအန္တရာယ်ကြောင့် လူပေါင်း ၁၈၅၀၀ ခန့် သေဆုံးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

**အေအက်ဖ်ပီ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အလှူငွေလက်ခံခြင်းနှင့် မြန်မာလက်သင်္ကေတပြဘာသာစကား စံသတ်မှတ်ခြင်းကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် (၆၄) ကမ္ဘာအေးစေတီလမ်းနှင့် ပါရမီလမ်းထောင့်ရှိ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှူးရုံးတွင် ကျင်းပသည့် ကချင်ပြည်နယ်တိုက်ပွဲရှောင်စခန်းများရှိ မိခင်နှင့်ကလေးများအတွက် မောင်ဘုန်းမြတ်သားထူး၏ တစ်နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် မိဘ၊ ဆွေမျိုးမိတ်ဆွေများ စုပေါင်း၍ အလှူငွေကျပ် ၂၅ သိန်း လှူဒါန်းပွဲသို့ တက်ရောက်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကွန်ပျူတာနည်းပညာဆိုင်ရာကျွမ်းကျင်သူ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံကာ နားမကြားသောကလေးများအတွက် မြန်မာလက်သင်္ကေတပြ ဘာသာစကားစံသတ်မှတ်ပြီး တစ်နိုင်ငံလုံး ပြန့်ပွားအောင် အသုံးပြုနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူများလွယ်လင့်တကူ လေ့လာနိုင်သော Website နှင့် Mobile Application များ ဖန်တီးထားခြင်း၊ Facebook Page မှတစ်ဆင့် ပြည်သူလူထုဝင်ရောက်လေ့လာနိုင်ရန် စီစဉ်ထားရှိခြင်း၊ မြန်မာလက်သင်္ကေတပြစံဘာသာစကားအား ဆွံ့အနားမကြားကျောင်းများအားလုံး တစ်ပြေးညီအသုံးပြုနိုင်ရေးနှင့် အဆိုပါဘာသာစကားလေ့လာမှုအား ပိုမိုအသုံးပြုလာနိုင်စေရန် ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အောင်မြင်အောင် ဆောင်ရွက်ရေး ရှေ့လုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျောင်းအုပ်ကြီးများ ပညာရေးစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁/၂၀၁၈) သင်တန်းဆင်းပွဲ နေပြည်တော်တွင် ကျင်းပ

**နေပြည်တော် မေ ၁၃**

ကျောင်းအုပ်ကြီးများ ပညာရေးစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁/၂၀၁၈) နေပြည်တော် သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီနယ်မြေပညာရေးမှူးနှင့် ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ပညာရေးမိသားစုဝင်များ တက်ရောက်ကြသည်။




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီးက ယနေ့သင်တန်းသည် နေပြည်တော်တွင် ပထမဦးဆုံးဖွင့်လှစ်ခဲ့သော ပညာရေးစီမံခန့်ခွဲမှု သင်တန်းဖြစ်ပါကြောင်း၊ ကျောင်းအုပ်ကြီးများအနေဖြင့် ယခုသင်တန်းတွင် သင်ကြားသင်ယူရေး၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ပညာရေးပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများ၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်ကြားပို့ချချက်များနှင့် မိမိတို့၏ အတွေ့အကြုံများကို မျှဝေဖလှယ်နိုင်ကြမည် ဖြစ်ပါကြောင်း၊ သင်တန်းအတွေ့အကြုံများက မိမိတို့ဆောင်ရွက်နေသည့် ပညာရေးကဏ္ဍများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးဆောင်ရွက်ပေးနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ ပညာရည်မြင့်မားရေးအတွက် အရည်အသွေးရှိသော ဆရာ ဆရာမများသည် အဓိကကျပါကြောင်း၊ ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေးအတွက် ကျောင်းအုပ်ကြီးများ၏ ပံ့ပိုးကူညီမှု၊ စီမံခန့်ခွဲမှုများက အရေးကြီးပါကြောင်း၊ ကျောင်းဖွင့်ရာသီ နီးကပ်လာပြီဖြစ်သောကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းရောက်ရှိရေး၊ မူလတန်းပညာ သင်ယူပြီးမြောက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က အခမဲ့ဖြန့်ဝေသည့် ဗလာစာအုပ်များ၊ ကျောင်းသုံးဖတ်စာအုပ်များ၊ ကျောင်းဝတ်စုံများကို ကျောင်းလာအပ်သူတိုင်း လက်ထဲအရောက် ဖြန့်ဝေပေးကြရန်နှင့် သင်ကြားသင်ယူမှုလုပ်ငန်းများကို ဇွန် ၁ ရက်ကတည်းက အင်ပြည့်အားပြည့်ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား လူသားကောင်းများဖြစ်အောင်၊ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်အောင်၊ တာဝန်ယူတာဝန်ခံဆောင်ရွက်တတ်အောင်၊ တီထွင်ကြံဆတတ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက အမှာစကားပြောကြားပြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဒေါက်တာဇော်ဝင်းက ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်တို့မှ သင်တန်းသား သင်တန်းသူများကိုယ်စား ကိုယ်စားလှယ်များအား သင်တန်းဆင်းလက်မှတ် ချီးမြှင့်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက အကများဖြင့် ကပြဖျော်ဖြေကြသည်။ အဆိုပါ သင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်အသီးသီးမှ သင်တန်းသား သင်တန်းသူများဖြစ်သော အလယ်တန်း၊ အထက်တန်းကျောင်းအုပ်ကြီး ၉၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၃ ရက်မှ မေ ၁၂ ရက်အထိ ဖြစ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်အဖွဲ့သည် နေပြည်တော် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဒုတိယတန်း သင်ရိုးသစ်သင်တန်းသို့ တက်ရောက်နေသည့် ဆရာ ဆရာမများအား လှည့်လည်ကြည့်ရှုအားပေး၍ သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် ပညာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်သန်းထွဋ် မွန်ပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်သည် ယမန်နေ့က မွန်ပြည်နယ် အတွင်းရှိ ကျိုက်ထို၊ ရေး၊ ကျိုက်မရောမြို့နယ်များ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်လျက်ရှိသည့် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ကျိုက်ထိုမြို့နယ် အင်ဘိုမိုးဘော (၂/၀)မိုင် ကျောက်ခင်းနေမှု၊ ရေးမြို့နယ် မော့ကနင်-ဘဲလမု-ဘီဆိုင်-ကွမ်းသီးတောလမ်း (၂/၀) မိုင် ကျောက်ခင်းနေမှု၊ ကလော့ချောင်းတောင်လမ်း (၃/၀)မိုင် ကတ္တရာခင်းနေမှု၊ အဏ္ဏဝါရပ်ကွက် အလက(၁)၌ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် ရေး-ခေါဇာသွားလမ်း (၂/၅)မိုင်မှ ကဗျာဝကျေးရွာသို့ ဆက်သွယ်သည့် ကတ္တရာလမ်းခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျိုက်မရောမြို့နယ် အတွင်းရှိ ဓမ္မသ အထက(ခွဲ)၊ ဖာသိမ်အထက(ခွဲ)၊ ဝါးပြန်ကုန်းအလက(ခွဲ)နှင့် တံတားဦး(မူလွန်)တို့တွင် တန်ဖိုးနည်းနေအိမ် နှစ်လုံးစီဆောက်လုပ်နေမှု၊ ဖားဘောင်ဂူ-ကော့ဝက်လမ်း (၁/၀)မိုင် ကျောက်ခင်းနေမှု၊ မိခွမ်း-ထိပ်ဟူးသံလမ်း (၂/၄) မိုင်ကျောက်ခင်းနေမှု၊ အဇင်းဆည်မှ ကင်းချောင်းကျေးရွာသို့ ရေပိုက်သွယ်တန်းခြင်း (၈/၀)မိုင်နှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်ငါးလုံး တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် နယ်စပ်ဒေသတွင်နေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်လမ်း ရရှိစေရေးနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ပညာရေး၊ ကျန်းမာရေး၊ လမ်း/တံတား၊ စွမ်းအင်၊ အိမ်ရာ အဆောက်အအုံ လုပ်ငန်းများအား ဘဏ္ဍာနှစ်အလိုက် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အပူဒဏ်အန္တရာယ် သတိပြုဖွယ်

ကာယလုပ်သားများ၊ လယ်သမားများ၊ အငှားယာဉ်မောင်းသူများ၊ အားကစားသမားများနှင့် နေရောင်အောက်တွင် သွားလာလှုပ်ရှားနေရသူများ

၁။ ပူပြင်းသောနေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ။ အရိပ်ရအေးမြသည့် နေရာများတွင် မကြာခဏအနားယူပါ။

၃။ အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

# သတိထားသင့်သော ခွေးရူးရောဂါနှင့် သိထားသင့်သော ကာကွယ်ဆေးအစီအစဉ်များ

ဒေါက်တာခင်စန်းမော်

မြို့ပြ၏လူနေမှုပုံစံတွင် အိမ်မွေးတိရစ္ဆာန်များသည် တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်နေကြပြီး မိသားစုအဖော်ခွေးအဖြစ် ချစ်ခင်စွာ မွေးမြူခြင်းဖြစ်စေ၊ အိမ်နှင့် ခြံကို စောင့်ရှောက်စေလိုရန် ရည်ရွယ်၍ဖြစ်စေ၊ ပြပွဲ ပြိုင်ပွဲ ဝင်ရန်အတွက် မျိုးစစ် မျိုးမှန်များကို ဈေးကြီးပေး၍မွေးမြူကြသည်ဖြစ်စေ၊ အထီးကျန် အဖော်မဲ့နေသူများအတွက် အဖော်မွန်ကောင်းအဖြစ် မွေးမြူကြသည်ဖြစ်စေ၊ ကယ်ဆယ်စောင့်ရှောက်လိုသော မေတ္တာ စေတနာကြောင့် ကျွေးမွေးထားကြသည်ဖြစ်စေ အိမ်မွေးတိရစ္ဆာန်များကို မွေးမြူခြင်းသည် အလွန်ခေတ်စားလာပေသည်။

မြို့ပြတွင် ဆေးခန်းထိုင်ရခြင်းသည် ခွေးလေး ဝမ်းသွားလို့၊ ကြောင်လေး သန်ထိုးလို့ ဟူသော ပြဿနာအသေးအမွှားမှစပြီး ခဲရာခဲဆစ် ခွဲစိတ်ကုသရခြင်းများ၊ ဓာတ်ခွဲခန်းစမ်းသပ်မှုအမျိုးမျိုးပြုလုပ်အဖြေရှာပြီးမှ ကျားကုတ်ကျားခဲ ကုသရခြင်းများအထိ ခေတ်မီတိုးတက်လာပါသည်။

တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ယောက်၏ အခန်းကဏ္ဍတွင် လူတို့၏ ကျန်းမာရေးနှင့် ဆက်နွှယ်နေသော တိရစ္ဆာန်ရောဂါများအကြောင်း၊ လူကို ကူးစက်နိုင်သော ရောဂါများအကြောင်း၊ ရောဂါပိုး၏ သဘာဝ၊ ကူးစက်ပုံနည်းလမ်း၊ ရောဂါလက္ခဏာများ၊ ကာကွယ်တားဆီးရပုံများကို လူထုသိရှိစေရန် အသိပညာ ဖြန့်ဝေပေးရသော လုပ်ငန်းတာဝန်လည်း ပါဝင်နေလေရာ ကြုံလျှင်ကြုံသလို အစဉ်အမြဲ တပ်လှန့်သတိပေးနှိုးဆော်ရခြင်းများနှင့် မကင်းနိုင်ပေ။

တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ယောက်ဖြစ်ကတည်းက ကိုယ်တိုင်လည်း သတိထားရ၊ အခြားသူများကိုလည်း အစဉ်နှိုးဆော်သတိပေးနေရသော ကူးစက်ရောဂါဆိုးကြီးတစ်ခုက ရာသီမရွေး ချိန်ခါမရွေး နေရာမရွေး ရှိနေပါသည်။ ထိုရောဂါဆိုးကြီးမှာ ကုရာနတ္ထိ ဆေးမရှိသည့် "ခွေးရူးရောဂါ" ဖြစ်ကြောင်းကိုတော့ လူအများစုက သိရှိပြီး ဖြစ်နေလောက်ပါပြီ။

ဆေးကုလာသည့် သက်တမ်းတစ်လျှောက်မှာ ခွေးရူးရောဂါနှင့် ပတ်သက်သမျှ အချက်ပေးခေါင်းလောင်းမြည်ပုံများ၊ သံသယဖြစ်ဖွယ် တိရစ္ဆာန်နှင့် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရပုံများ၊ ခွဲခြမ်းစိတ်ဖြာရပုံများ၊ လူမှာ အန္တရာယ်မဖြစ်အောင် ကာကွယ်တားဆီးခိုင်းရသော အတွေ့အကြုံများ မရေမတွက်နိုင်အောင် များပြားလှပါပြီ။ အထူးသဖြင့် တိရစ္ဆာန်အကိုက်ခံရသော လူနာအတွက် အကိုက်ခံရပြီးနောက် ထိုးရသော ခွေးရူးကာကွယ်ဆေးထိုးရန် လို၊ မလို သဘောထားမှတ်ချက် တောင်းခံသောအခါ လူနာကိုယ်တိုင်ကို ဖြစ်စေ၊ သက်ဆိုင်ရာဆရာဝန်ကိုဖြစ်စေ ဖြေကြားရခြင်းမျိုး ရှိတတ်ပါသည်။ မည်မျှ အတွေ့အကြုံများပြားသည်ဟု ဆိုပါသော်လည်း တစ်ခါလာ တစ်မျိုးနှင့် မရိုးနိုင်သောအဖြစ်အပျက်များကို တွေ့ကြုံရဆဲဖြစ်သောကြောင့် ရုတ်တရက် ဝေခွဲရန်ခက်ခဲသော အခြေအနေများကို ဖြစ်ရပ်မှန် သာဓကများနှင့်အတူ ဖော်ပြလိုခြင်းမှာ အဓိကရည်ရွယ်ချက် ဖြစ်ပါ၏။

ထိုအတွေ့အကြုံများကို မဖော်ပြသေးခင် "လက်ပံပွင့်ချိန် ခွေးရူးချိန်" ဟု ခေါ်ဝေါ်နေကြခြင်းမှာ "လုံးဝမှားယွင်းသည်"ဆိုသောအချက်ကို စွဲစွဲမြဲမြဲ မှတ်သားထားကြပါဟု ပြောကြားလိုပါသည်။

အဘယ်ကြောင့်ဆိုသော် ခွေးရူးရောဂါသည် ရာသီဥတုပေါ်လိုက်၍ တွေ့ရသော ရောဂါမဟုတ်သောကြောင့် ဖြစ်သည်။

(၁) ခွေးရူးရောဂါသည် Rhabdo ဟု ခေါ်သော ကျည်ဆန်ပုံ ဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားရသော ရောဂါဖြစ်ပြီး ဦးနှောက်နှင့် အာရုံကြောအဖွဲ့ကို အဓိကတိုက်ခိုက်သည်။ ထိုဗိုင်းရပ်စ်သည် လူအပါအဝင် ခွေး၊ ကြောင်၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်း၊ ဝက် စသော သွေးနွေးသတ္တဝါအားလုံးတို့ကို ရောဂါကျရောက်စေနိုင်သည်။

(၂) ခွေးရူးရောဂါဖြစ်ပွားပြီဆိုလျှင် ကုရာနတ္ထိ ဆေးမရှိဘဲ လူနှင့် တိရစ္ဆာန်အားလုံးတို့ အသက်သေဆုံးကြရသည်။

(၃) ခွေးရူးရောဂါမဖြစ်ပွားအောင် ကာကွယ်ဆေးထိုးခြင်းဖြင့်သာ ကာကွယ်တားဆီးနိုင်သည်။

ခွေးရူးရောဂါကာကွယ်ဆေးထိုးခြင်းတွင် အပိုင်းနှစ်ပိုင်းရှိသည်။ ယင်းတို့မှာ -

- တိရစ္ဆာန်များကို ကာကွယ်ဆေးထိုးခြင်းနှင့်
- လူကို ကာကွယ်ဆေးထိုးခြင်းတို့ ဖြစ်ကြပါသည်။

**တိရစ္ဆာန်များကို ကာကွယ်ဆေးထိုးခြင်း**

ဤကာကွယ်ဆေးသည် ကျန်းမာနေသော ခွေး၊ ကြောင်၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်း၊ ဝက် စသော သွေးနွေးသတ္တဝါများအား ခွေးရူးရောဂါအတွက် ကြိုတင်ကာကွယ်ဆေးထိုးခြင်းဖြစ်သည်။

ဤကာကွယ်ဆေးသည် ခွေးရူးရောဂါဖြစ်ပွားနေသော တိရစ္ဆာန်သို့မဟုတ် သံသယဖြစ်ဖွယ် တိရစ္ဆာန်က ကိုက်ပြီးနောက်မှ ထိုးရသည့်ဆေး မဟုတ်ပါ။ အချို့က အကိုက်ခံရပြီး နောက်ပိုင်းတွင် တိရစ္ဆာန်ကို ခွေးရူးကာကွယ်ဆေး (Preexposure vaccine) ခြောက်ကြိမ် ထိုးပါက ခွေးရူးရောဂါကို ကာကွယ်နိုင်သည်ဟု မှားယွင်းစွာ ပြောဆိုကြသည်။ တိရစ္ဆာန်များအတွက် ခွေးရူးကာကွယ်ဆေးသည် ကြိုတင်ကာကွယ်ဆေးသာ ရှိသည်။ အကိုက်ခံရပြီးနောက် ထိုးရသည့်ကာကွယ်ဆေးမရှိပါ။

ကြိုတင်ကာကွယ်ဆေး ထိုးသောအခါတွင် ကျန်းမာနေသော တိရစ္ဆာန်မှသာ ခွေးရူးရောဂါအတွက် ကိုယ်ခံအားကို ပြည့်စုံလုံလောက်စွာရရှိသည်ဟု ယူဆကြပါသည်။ ခွေးရူးကာကွယ်ဆေးထိုးသည့်အချိန်တွင် တိရစ္ဆာန်သည် အခြားကူးစက်ရောဂါများ ဖြစ်ပွားနေလျှင်၊ အာဟာရပြည့်စုံမှုမရှိလျှင်၊ ကပ်ပါးကောင်များစွာ စွဲကပ်နေလျှင်၊ ပင်ပန်းနွမ်းနယ်နေလျှင်၊ ခုခံအားစနစ် အားနည်းနေလျှင် ကိုယ်ခံအား ပြည့်မီခြင်း မရှိဟု သတ်မှတ်ကြပါသည်။

**လူကိုကာကွယ်ဆေးထိုးခြင်း**

(က) **အကိုက်မခံရခင် ကြိုတင်ကာကွယ်ဆေးထိုးခြင်း**

တိရစ္ဆာန်များကို လက်ပွန်းတတီးကိုင်တွယ်နေရသော တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ တိရစ္ဆာန်ထိန်းကျောင်းသူများ၊ လေ့ကျင့်ပေးရသော သင်တန်းဆရာများ၊ ဓာတ်ခွဲခန်းဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ခွေးရူးရောဂါအန္တရာယ်ဇုန်သို့ သွားရောက်ရမည့် ခရီးသွားများအနေဖြင့် ထိုးသင့်သော ကာကွယ်ဆေး ဖြစ်ပါသည်။ ကြိုတင်ကာကွယ်ဆေးထိုးရမည့် အစီအစဉ်မှာ Day 0, Day 7, Day 28 တို့ဖြစ်ပြီး နောက်ထပ် နှစ်နှစ် သို့မဟုတ် သုံးနှစ်ကြာတိုင်း ထပ်လောင်း၍ Booster Dose အဖြစ် ထိုးရန်လိုပါသည်။( Day 0 သည် ကာကွယ်ဆေး စတင်ထိုးသည့်နေ့ ဖြစ်သည်)

ကြိုတင်ကာကွယ်ဆေးထိုးထားသော လူများအနေဖြင့် ခွေးရူးအကိုက်ခံရလျှင် Post exposure Vaccination ထပ်မံထိုးရန် လိုအပ်သော်လည်း Immunoglobulin (ခွေးရူးရောဂါအတွက် ကိုယ်ခံအား) ထိုးရန်မလိုပါ။ ထို့အပြင် Post exposure vaccination ထိုးရမည့် ကာကွယ်ဆေး အလုံးရေကို ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း လျှော့ချနိုင်ပါသည်။

(ခ) **အကိုက်ခံရပြီးနောက် ခွေးရူးကာကွယ်ဆေးထိုးခြင်း**

အကိုက်ခံရပြီးနောက် ထိုးရမည့်ကာကွယ်ဆေးသည် အသားဆေးဖြစ်ပြီး တစ်ရက်လျှင် တစ်လုံးနှုန်းနှင့် ငါးလုံးထိုးရမည်ဖြစ်သည်။ ထိုးရမည့် အစီအစဉ်မှာ Day 0,Day 3,Day 7, Day 14 နှင့် Day 28 တို့တွင် ထိုးရမည်။ Day 0 သည် ကာကွယ်ဆေး စတင်ထိုးသည့်နေ့ဖြစ်သည်

နောက်ထပ် ကာကွယ်ဆေးအစီအစဉ်တစ်မျိုးမှာ ကာကွယ်ဆေး လေးလုံးထိုးခြင်းဖြစ်သည်။ ထိုအစီအစဉ်အရ Day 0 တွင် နှစ်လုံးကို တစ်ဖက်စီထိုးပြီး Day 7, Day 21 တွင် တစ်လုံးစီ ထပ်ထိုးသော အစီအစဉ်ဖြစ်သည်။

အကိုက်ခံရသော ဒဏ်ရာများပြားခြင်း၊ ထိုဒဏ်ရာတို့မှာ တိရစ္ဆာန်၏ သွားရည်တို့နှင့် ထိတွေ့ပေကျံမှုရှိခြင်း၊ ဦးနှောက်အာရုံကြောနှင့် နီးကပ်သော နေရာများမှာ အကိုက်ခံရခြင်း၊ အကိုက်ခံရသူသည် ငယ်ရွယ်နုနယ်သော ကလေးများ၊ သက်ကြီးရွယ်အိုများ ဖြစ်ခြင်း စသော အခြေအနေထဲမှာ ပါဝင်သည့်သူများသည် Post exposure vaccines များကို ထိုးရမည့်အပြင် Immunoglobulin (ခွေးရူးရောဂါအတွက် ကိုယ်ခံအား) ကိုပါ ထိုးရပါမည်။

**ဖြစ်ရပ် (၁)**

ခွေးငယ်တစ်ကောင်ကို ခွေးရူးကာကွယ်ဆေးမထိုးဘဲ မွေးမြူထားသည်။ ပိုင်ရှင်သာမက အိမ်နီးချင်း ရှစ်အိမ်လုံးက လူများပါ ထိုခွေးလေးကို ချစ်ခင်စွာ လက်ပွန်းတတီး နေထိုင်ခဲ့ကြသည်။ ထိုခွေးလေးသည် ပတ်ဝန်းကျင်တစ်ခုလုံးသို့ လှည့်လည်သွားလာ ကျက်စားနေရာမှ တမှိုင်မှိုင် တတွေတွေ ဖြစ်လာပြီး လေးငါးခြောက်ရက်အတွင်း အိမ်နီးချင်းတစ်ဦးကို ကိုက်မိကာ သေဆုံးသွားပါသည်။ အားလုံးက အမှုမဲ့ အမှတ်မဲ့ဖြစ်နေရာမှ နောက်ထပ်ခြောက်လကြာသောအခါ အကိုက်ခံရသော အိမ်နီးချင်းလည်း သေဆုံးသွားခဲ့သည်။ ရောဂါအမည်က ခွေးရူးရောဂါ။ ပိုင်ရှင်က မယုံကြည်နိုင်ပါ။ သူ့ခွေးလေး သေဆုံးတာ ခြောက်လရှိမှ အိမ်နီးချင်းက ခွေးရူးပြန်ရောဂါဖြစ်ပွားသည် ဆိုခြင်းကို လုံးဝလက်မခံနိုင်သဖြင့် လာရောက်မေးမြန်းရာ ခွေးရူးရောဂါ ဗိုင်းရပ်စ်၏ ရောဂါပျိုးချိန်သည် နှစ်ရက် သုံးရက်မှ တစ်နှစ်ကျော်သည်အထိ ကြာမြင့်တတ်ကြောင်း၊ အကိုက်ခံရသည့်နေရာပေါ်မူတည်ပြီး ရောဂါပျိုးချိန် ကွာခြားတတ်ကြောင်း ရှင်းပြလိုက်ရပါသည်။

**ဖြစ်ရပ် (၂)**

တပည့်လေးတစ်ဦးက တိရစ္ဆာန်ဆေးကုဆရာဝန်ဖြစ်ပါသည်။ သူ့ဆေးခန်းသို့လာပြသော ခွေးတစ်ကောင်က ကိုက်လိုက်သောကြောင့် "အကိုက်ခံရပြီးနောက် ထိုးသော ခွေးရူးကာကွယ်ဆေးအစီအစဉ် (Post exposure program) အတိုင်း ပြည့်စုံစွာထိုးပြီး နောက်တစ်နေ့တွင် ကြောင်တစ်ကောင်က ထပ်မံကိုက်ပြန်ပါသည်။ ထိုကြောင်ကို မျက်မြင်အထွေထွေ စစ်ဆေးရန် ခြင်းထဲမှအထုတ်တွင် ပိုင်ရှင်၊ အငှားယာဉ်မောင်းသူနှင့် ဆရာဝန်ကိုပါ ကိုက်ခြင်းဖြစ်ပြီး တပည့် ဆရာဝန်လေး၏ လက်ချောင်းကို ထုတ်ချင်း ပေါက်မတတ် ကိုက်လိုက်သောကြောင့် ကြောင်ကို လုံခြုံအောင် ခြင်းထဲ လှောင်ပိတ်ပြီး ပိုင်ရှင်၊ အငှားယာဉ်မောင်းသူနှင့် ဆရာဝန်တို့ သုံးဦးသား ခွေးရူးကာကွယ်ဆေး အချိန်မီထိုးရန် ဆေးရုံသို့ သွားခဲ့ကြသည်။ တာဝန်ကျ ဆရာဝန်များက ပိုင်ရှင်နှင့် အငှားယာဉ်မောင်းသူတို့ကို ကာကွယ်ဆေး ချက်ချင်းထိုးပေးလိုက်သော်လည်း တပည့် ဆရာဝန်လေးက မနေ့ကပင် ကာကွယ်ဆေးထိုးပြီးခါစဖြစ်နေသောကြောင့် ကြောင်၏ အခြေအနေကို စောင့်ကြည့်ပြီးမှ ထိုးရန် အကြံပေးလိုက်ကြပါသည်။ တပည့်လေးက ကြောင်၏ ပြင်ပလက္ခဏာများသည် သံသယဖြစ်ဖွယ်ရှိကြောင်း၊ မျက်လုံးကို လက်နှိပ်ဓာတ်မီးနှင့် ရုတ်တရက်ထိုးပြီး စစ်ဆေးကြည့်ရာ ပြူးကျယ်နေသော မျက်စိ သူငယ်အိမ်မှာ အလှုပ်အရှားမရှိ၊ ကျဉ်းသွားတာ မရှိကြောင်း ပြောခဲ့ပါသေးသည်။ ထိုအတောအတွင်း သံသယဖြစ်ဖွယ် ကြောင်ကို သေဆုံးသည်အထိ စောင့်ရ၊ ဓာတ်ခွဲခန်းသို့ ပို့ပြီး စစ်ဆေးရနှင့် တစ်ပတ်ကျော် ကြာမြင့်သွားပါသည်။ လူသုံးဦးကို ကိုက်သွားသော ကြောင်မှာ ခွေးရူးရောဂါ positive ဖြစ်သည်ဆိုသော ဓာတ်ခွဲခန်းအဖြေရသည့်အချိန်၌ တပည့်လေးကို ခွေးရူးရောဂါအထူးပြုသည့် ပါမောက္ခကြီးထံ စေလွှတ်ခဲ့ကြ၍ နောက်ထပ်ကာကွယ်ဆေးနှစ်လုံး ထိုးခဲ့ရသည်။

အမှန်မှာ အကိုက်ခံရသည့် နေရာပတ်လည်ကို Immunoglobulin ချက်ချင်းထိုးရပါမည်။ ယခု တစ်ပတ်ကျော်သွားပြီဖြစ်သောကြောင့် ထိုး၍မရကြောင်း ပြောကြားသည်ဟု သိရပါသည်။

ဆရာဝန်များအနေဖြင့် ကြောင်ကို စောင့်ကြည့်ခိုင်းခြင်းမှာ မှားသည်ဟုလည်း မဆိုနိုင်ပါ။ တပည့်လေး၏ ပြဿနာက ရှုပ်ထွေးသော အခြေအနေလည်း ဖြစ်ပြန်၊ ကာကွယ်ဆေးတွေ၏ ဘေးထွက်ဆိုးကျိုးကိုလည်း ချိန်ဆရပြန်ကြောင်း နားလည်နိုင်ပါသည်။

**ဖြစ်ရပ် (၃)**

ထိုဖြစ်ရပ်က ဂျူနီယာ ညီမငယ်တစ်ဦး၏အတွေ့အကြုံ ဖြစ်ပါသည်။ ပိုင်ရှင်က လယ်သမားတစ်ဦးဖြစ်ပြီး လယ်ယာသုံးကျွဲ၊ နွားများနှင့်အတူ ရပ်ရွာထဲမှာ အလေ့ကျပေါက်သော ခွေးတစ်ကောင်ကိုလည်း ထမင်းဟင်းများ ကျွေးပြီး မွေးမြူထားသည်။

သူ့ခမျာ ကာကွယ်ဆေးထိုးရကောင်းမှန်း မသိရှာပေ။ တစ်နေ့တွင် ထိုခွေးသည် မအီမသာ နေမကောင်းဖြစ်ရာမှ သုံးလေးရက်အတွင်း သေဆုံးသွားလေသည်။ မသေမီ ရက်အတွင်း နွားတစ်ကောင်ကို ကိုက်သွားကြောင်း ကိုတော့ ပိုင်ရှင်က သိလိုက်ပါသည်။

ခွေး နေမကောင်းဖြစ်ခြင်းအား သတိမပြုမိခဲ့သော ပိုင်ရှင်သည် နွား အစာမစားသည်ကိုတော့ စိုးရိမ်တကြီး ဖြစ်ခဲ့သည်။ အစာမစားနိုင်၊ ရေလည်း မသောက်နိုင်သော နွား၏ ပါးစပ်ထဲသို့ အစာခွံ့ကျွေးချိန်တွင် နွားက သူ့ကို ကိုက်ပစ်လိုက်သည်။ ထို့နောက်တွင် ခွေးရူးရောဂါ၏ လမ်းဆုံးအတိုင်း နွားလည်း သေ၊ ပိုင်ရှင်လည်း ခွေးရူးပြန်ရောဂါဖြစ်ပြီး သေဆုံးရတော့သည်။ လယ်ယာသုံး ကျွဲ၊ နွားများ၊ သိုး၊ ဆိတ်များနှင့် ခွေး၊ ကြောင်တို့ကို ရောနှော မွေးမြူကြသော ကျေးလက်ဒေသမှ လူများအတွက် အထူးသတိပြုစရာကောင်းသော အဖြစ်အပျက်ဖြစ်ပါသည်။

**ဖြစ်ရပ် (၄)**

လမ်းမပေါ်မှာ လဲနေသော ခွေးတစ်ကောင်ကို လူငယ်လေး တစ်စုက မရမက ကားပေါ်တင်ပြီး ဆေးခန်းလာပြကြသည်။ ကားတိုက်ခံရခြင်း ဖြစ်မည်ဟု သူတို့က ထင်သည်၊ ခွေးက ပါးစပ်မှာ သွားရည်တွဲလောင်းကျပြီး အမှိုက်သရိုက်များ ပေကျံနေသည်၊ ထိုအခြေအနေမျိုးသည် ကယ်ဆယ်ရေး လုပ်သူများအပါအဝင် စမ်းသပ်ရမည့်ဆရာဝန်နှင့်တကွ ပတ်ဝန်းကျင်ရှိ လူများအားလုံးအတွက် အရေးကြီးသော အခြေအနေတစ်ခု ဖြစ်နေသည်။ ထိုခွေးကို ဆေးကုပြီး မွေးမလို့လားဟု မေးမြန်းကြည့်သောအခါ သူ့ကို တွေ့တဲ့နေရာမှာပဲ ပြန်ထားမှာပါ၊ သနားလို့ ဒီတစ်ရက်ပဲ ကုပေးတာပါဟု ဖြေကြပါသည်။ "လှောင်အိမ်ထဲမှာ အသေပိတ်ပြီး သူ့ကို စောင့်ကြည့်ဖို့လိုတယ်၊ ခွေး သေသွားရင် စနစ်တကျ အကာအကွယ်တွေနဲ့ကိုင်တွယ်ပြီး ဓာတ်ခွဲခန်း ပို့ပြီး စစ်ဆေးရမယ်"ဟု ပြောလိုက်သောအခါ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကြပြီး တာဝန်ယူမည့်သူ မရှိကြတော့။

တပေါင်းလမှာ လက်ပံ၊ ဒီးဒူး၊ ပေါက်ပန်းတို့ ပွင့်ပါသည်။ နီနီရဲရဲပန်းပွင့်များကို အသားတစ်ဟုထင်ကာ တောခွေးတို့က စားချင်စိတ်နှင့် မျှော်ကြ၊ အူကြသည်။ ပေါက်ပန်းကို အသားတစ်ဟုထင်၍ ငေးမျှော်လျက် ရူးရသော တောခွေးကဲ့သို့ဟု တရားတော်တွင် ပါရှိသည်။ လက်ပံပွင့်ချိန်တွင် ခွေးရူးခြင်း ဆိုသည်မှာ CRAZY, MAD, DESIROUS ဆိုသော ရူးခြင်းမျိုးသာဖြစ်ပြီး RABID နှင့် ဘာမှမဆိုင်ပါ။ Rabies ခေါ် ခွေးရူးရောဂါမှာ တစ်နှစ်ပတ်လုံး ဖြစ်နိုင်ပြီး လက်ပံပွင့်ခြင်း၊ မပွင့်ခြင်းနှင့် လုံးဝမသက်ဆိုင်ပါ။ လက်ပံပင် လုံးဝရှိသောတိုင်းပြည်များတွင်လည်း ခွေးရူးရောဂါတွေ့နိုင်ကြောင်း ဆင်ခြင်ကြစေလို ...

စာမျက်နှာ ၇ သို့ ❂

# လူရည်ချွန်မှသည် စံပြပုဂ္ဂိုလ်ဆီ

ဒေါက်တာစံ

လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံတော်လှန်ရေးကောင်စီလက်ထက်မှာ စနစ်သစ်အခြေခံပညာရေးရဲ့ မူတစ်ရပ်ဖြစ်တဲ့ ဘက်စုံပညာရေးမူကို အကောင်အထည်ဖော်တဲ့ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းတစ်ရပ်အနေနဲ့ စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။

**လူရည်ချွန်ရွေးချယ်ပုံ**

လူရည်ချွန်တွေကို ကျောင်း၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် သက်ဆိုင်ရာ လူရည်ချွန်ရွေးချယ်ရေးအဖွဲ့တွေက တစ်ကိုယ်ရေကြံ့ခိုင်စွမ်းရည် အောင်မြင်သူတွေထဲက အထွေထွေဗဟုသုတ ရေးဖြေ၊ နှုတ်ဖြေတို့ကို အဆင့်ဆင့်စစ်ဆေးပြီး သတ်မှတ်လူဦးရေအတိုင်း ပဏာမရွေးချယ်ကာ ဗဟိုကော်မတီရဲ့ ရွေးချယ်ရေးမူအတိုင်း ရွေးချယ်ပြီး တင်ပြရာ ဗဟိုကော်မတီက ထပ်မံစိစစ်ပြီး ရွေးချယ်အတည်ပြုခဲ့ပါတယ်။ အကြမ်းဖျင်းအားဖြင့် ဉာဏစွမ်းရည် ၆၀ ရာခိုင်နှုန်း၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုအတွက် ၄၀ ရာခိုင်နှုန်း သတ်မှတ်လျာထားပါတယ်။

**ရည်ရွယ်ချက်**

လူရည်ချွန်စီမံကိန်းရဲ့ ရည်ရွယ်ချက်ကတော့ ပညာထူးချွန်ပြောင်မြောက်တဲ့ ကျောင်းသား ကျောင်းသူတွေ ပိုမိုပေါ်ထွန်းလာစေရေး၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းတွေမှာ တက်ကြွစွာ ပါဝင်လာစေရေး၊ ဗဟုသုတရှာဖွေစုဆောင်းတဲ့ အလေ့အကျင့်နဲ့ ပြင်ပလောကကို ဂရုစိုက်လေ့လာမှုတွေ ထွန်းကားလာစေရေး၊ နိုင်ငံအတွက် အကျင့်စာရိတ္တကောင်းမွန်ပြီး မှန်ကန်တဲ့ အကျိုးပြုပြိုင်ဆိုင်မှုတွေ ပိုမိုထွန်းကားလာစေရေး၊ အားကစားဘက်မှာလည်း တက်ကြွစွာ ပါဝင်လာပြီး ကိုယ်လက်ကြံ့ခိုင်မှု ပိုမိုပြုလုပ်လာစေရေးတို့ကို ရည်ရွယ်ခဲ့ပြီး လူရည်ချွန်မောင်မယ်တွေကတစ်ဆင့် စံနမူနာပြုကျောင်းသား ကျောင်းသူတွေအဖြစ် ရှိနေစေရန်ကိုလည်း ရည်ရွယ်ဖွင့်လှစ်ခဲ့တာ ဖြစ်တယ်။

**လူရည်ချွန်သမိုင်း**

ပထမအကြိမ် လူရည်ချွန်စီမံကိန်းဖြစ်တဲ့ ၁၉၆၄ ခုနှစ် နွေရာသီမှာ သတ္တမတန်းမှ ဒသမတန်းအထိသာ ရွေးချယ်ခဲ့ပေမယ့် ၁၉၆၅ ခုနှစ်မှာတော့ စက်မှုလက်မှုအထက်တန်းကျောင်း၊ ဝိဇ္ဇာ သိပ္ပံကောလိပ်၊ တက္ကသိုလ်တို့က ကျောင်းသား ကျောင်းသူတွေပါဝင်လာခဲ့ပြီး ၁၉၆၆ ခုနှစ်မှာ စိုက်ပျိုးရေးအထက်တန်းကျောင်းများ၊ ဆရာ အတတ်သင်ဌာနများနှင့် သချာ်လူရည်ချွန်ကျောင်းသားများကို ထည့်သွင်းလာခဲ့ပါတယ်။ သချာ်လူရည်ချွန်ရွေးချယ်ရာမှာ ဒသမတန်းကျောင်းသားတွေကို သချာ်ဘာသာရပ်တစ်ခုတည်း အဆင့်ဆင့်ယှဉ်ပြိုင်ရွေးချယ်ခဲ့တယ်။ သချာ်လူရည်ချွန် စီမံကိန်းကို ပညာညွှန်ကြားရေးဝန် ဆရာကြီး ဦးဘိုးသုန်ရဲ့ အကြံပြုချက်အရ အကောင်အထည်ဖော်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်မှာ ရပ်ဆိုင်းခဲ့တယ်။ ၁၉၇၆ ခုနှစ်မှာ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံက ကျောင်းသားတွေကို ရွေးချယ်ခဲ့ကြတယ်။ ၁၉၈၃ ခုနှစ်မှာတော့ ဆရာအတတ်သင်က ကျောင်းသားတွေကို ဝန်ထမ်းများအဖြစ် သတ်မှတ်ပြီး မရွေးချယ်ဖြစ်တော့ပါ။ ၁၉၈၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ လူရည်ချွန်စီမံကိန်းကို ရပ်နားထားခဲ့သလို ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဘက်စုံထူးချွန်ဆုဟု အမည်ပြောင်းလဲ အကောင်အထည်ဖော်ခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် လူရည်ချွန်ဆုဟု အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။

ရွေးချယ်ခဲ့တဲ့ လူရည်ချွန်တွေကို ငပလီလူရည်ချွန်စခန်း၊ အင်းလေးလူရည်ချွန်စခန်းတို့ဖြင့် စတင်အကောင်အထည်ဖော်ခဲ့သော်လည်း ယခုအခါ ပုဂံလူရည်ချွန်စခန်း၊ ငွေဆောင်လူရည်ချွန်စခန်းကိုလည်း ဖွင့်လှစ်နိုင်ခဲ့တာကို တွေ့ရပါတယ်။ လူရည်ချွန်စီမံကိန်းကာလတွင် သတ်မှတ်ထားတဲ့ လူရည်ချွန်ဝတ်စုံတွေကိုဝတ်ဆင်ရပြီး နှစ်ထပ်ကွမ်းလူရည်ချွန်၊ သုံးထပ်ကွမ်းလူရည်ချွန်တို့ကိုလည်း သီးခြားပြုလုပ်ထားသော အမှတ်တံဆိပ်များပါဝင်တဲ့ လူရည်ချွန်ဆုတံဆိပ်များကို တပ်ဆင်ခွင့်ရရှိခဲ့ကြပါတယ်။

**လူရည်ချွန်နဲ့ သူတို့ပြောစကား**

ဒီလိုလူရည်ချွန်ဆုတွေရအောင် ဘယ်လိုကြိုးစားခဲ့ရတယ်ဆိုတာနဲ့ ရရှိခံစားခဲ့ရတဲ့ အတွေ့အကြုံတွေကို မေးမြန်းခဲ့ရာမှာ သုံးထပ်ကွမ်းလူရည်ချွန်ဆုရရှိပြီး မန္တလေးဆေးတက္ကသိုလ် ဒုတိယနှစ်တွင် ပညာသင်ကြားနေသော မောင်ရှိုင်းဝဏ္ဏကျော်က ပြောကြားရာမှာ လူရည်ချွန်ဆုသို့မဟုတ် ဘက်စုံထူးချွန်ဆုရဖို့ အခက်အခဲတွေရှိခဲ့ပါတယ်။ ရှစ်တန်း၊ ကိုးတန်းတုန်းက ယှဉ်ပြိုင်ချင်စိတ်၊ လူရည်ချွန်ဖြစ်ချင်စိတ်တွေအပြည့်နဲ့ ကြိုးစားခဲ့ပေမယ့် ဆယ်တန်းမှာ လူရည်ချွန်ပြိုင်ရင် ဘာသာစုံဂုဏ်ထူးထွက်ဖို့ ခက်ခဲတယ်ဆိုတဲ့စကားကြောင့် တွေဝေခဲ့ရပါတယ်။ ဒါပေမယ့် မဖြစ်ဖြစ်အောင် လုပ်မယ်ဆိုတဲ့စိတ်က ခွန်အားတစ်ခုဖြစ်စေခဲ့ပြီး ကိုယ်လျှောက်တဲ့လမ်းကိုဘယ်တော့မှ နောက်ပြန်မဆုတ်ဘူးဆိုတဲ့စိတ်နဲ့ ကြိုးစားခဲ့လို့ သုံးထပ်ကွမ်းလူရည်ချွန်ဖြစ်ခဲ့တာပါ။ မနက်ငါးနာရီထ စာကျက်၊ ခြောက်နာရီမှာ အားကစားလေ့ကျင့်၊ နေ့ခင်းပိုင်းတွေမှာ ကျောင်းစာကို လေ့လာဆည်းပူးခဲ့ရပြီး ညပိုင်းအားလပ်ချိန်တွေမှာ အထွေထွေဗဟုသုတတွေကို လေ့လာခဲ့ရပါတယ်။ ဒီလို သုံးထပ်ကွမ်းလူရည်ချွန်ဖြစ်ဖို့အတွက် ကျွန်တော့်မိဘတွေရဲ့ ပံ့ပိုးမှုတွေအပြင် စံဟိန်းကိုယ်ပိုင်အထက်တန်းကျောင်းကလည်း အားကစားနည်းပြဆရာများနဲ့ သင်ကြားပေးခဲ့သလို နားမလည်တဲ့ စာတွေကိုလည်း ဂရုတစိုက် သင်ကြားပြသမှုကလည်း လူရည်ချွန်ဆုရဖို့အတွက် စိတ်အားထက်သန်မှု ပိုမိုခိုင်မာလာခဲ့ပါတယ်။ တက္ကသိုလ်ဝင်တန်းမှာ တကယ်လည်းဘာသာစုံဂုဏ်ထူး မထွက်ခဲ့ပါဘူး။ ဒါပေမယ့် ဘာသာစုံဂုဏ်ထူးထွက်သူက ကျွန်တော်တို့ မန္တလေးခရိုင်မှာ တစ်ရာကျော်ရှိခဲ့ပေမယ့် လူရည်ချွန်ဆုရသူက လေးယောက်ထဲသာရှိတာမို့ အလွန်ဝမ်းသာဂုဏ်ယူပီတိဖြစ်မိခဲ့ပါတယ်။

၂၀၁၈ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု နဝမတန်း၊ လူရည်ချွန်ကျောင်းသူတစ်ဦးဖြစ်တဲ့ မလဝန်းနွေဦးကျော်ကလည်း သူ့ရဲ့အတွေ့အကြုံကို ပြောပြရာမှာ ဧပြီလ ၂၉ ရက်နေ့ မနက်ပိုင်းမှာ မန္တလေးစုရပ်စခန်းကနေ ကြီးကြပ်ရေးဆရာ ဆရာမတွေဦးဆောင်ပြီး အင်းလေးခေါင်တိုင်သို့ထွက်ခွာလာခဲ့ရာ ဟူပင်ဟိုတယ်ကို ညနေ ၄ နာရီ ရောက်ရှိခဲ့ပါတယ်။ အင်းလေးခေါင်တိုင်ကို ရောက်တော့ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနဲ့ ဌာနဆိုင်ရာအကြီးအကဲတွေအပြင် ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ၊ ဘင်ခရာတပ်ဖွဲ့တွေ၊ မြို့သူမြို့သားတွေက ပန်းကုံးတွေ၊ ပန်းစည်းတွေနဲ့ ကြိုဆိုကြတာဟာ တစ်သက်မမေ့စရာအဖြစ် ကျန်ရစ်ပီတိဖြစ်နေမိပါတယ်။

၃၀ ရက်နေ့မှာတော့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဟောပြောပွဲတွေအပြင် ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်းရှိ လူရည်ချွန်ဟောင်းကြီးတွေနဲ့ တွေ့ဆုံခွင့်ရရှိခဲ့ပြီး လူရည်ချွန်ကြီးတွေရဲ့အတွေ့အကြုံနဲ့ ဆုံးမစကားတွေကို မှတ်သားနာယူခဲ့ရသလို လူရည်ချွန်သီချင်းကိုလည်း သံပြိုင်သီဆိုခဲ့ကြပါတယ်။ လူရည်ချွန်ကြီးတွေက ကျင်းပပေးတဲ့ ဉာဏ်စမ်းပြိုင်ပွဲကိုလည်း ယှဉ်ပြိုင်ခဲ့ရတာ မမေ့နိုင်စရာတစ်ခုပါ။

မေလ ၁ ရက်နေ့မှာတော့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနဲ့ ဌာနဆိုင်ရာအကြီးအကဲတွေက ခေါင်တိုင်အထကမှာ အင်းလေးခေါင်တိုင်စခန်း ဖွင့်ပွဲကိုကျင်းပခဲ့ပြီး လေ့လာစရာပြခန်းများစွာကို ခင်းကျင်းပြသမှုဟာလည်း အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးလှပါတယ်။

မေလ ၂ ရက်နေ့မှာ အင်းလေးဒေသရဲ့ အထင်ကရနေရာတွေဖြစ်တဲ့ "စိန်သမာဓိ" ငွေထည်နှင့် ပိုးထည်လုပ်ငန်းနဲ့ အင်းပေါခုံကျေးရွာမှာရှိတဲ့ ပိုး၊ ကြာနဲ့ ချည်ထည်လုပ်ငန်းတွေကို သွားရောက်လေ့လာဝယ်ယူခဲ့သလို အလိုတော်ပေါက်ဘုရားနဲ့ ဖောင်တော်ဦးဘုရားတို့ကိုလည်း သွားရောက်ဖူးမြော်ခဲ့ကြပါတယ်။ နောက်ပြီးတော့ ညောင်ရွှေဟော်နန်းနဲ့ ငါးရှဉ့်ဖြူတံတားအနီးမှာရှိတဲ့ စံပြစိုက်ခင်းတို့ကိုလည်း လေ့လာခဲ့ကြပါတယ်။

မေလ ၃ ရက်နေ့မှာ ကုံလုံဆရာတော်ကြီး ရုပ်ကလာပ်၊ ရွှေဥမင်လိုဏ်ဂူဘုရားတို့ကို သွားရောက်ဖူးမြော်ခဲ့ပြီး အေးသာယာစက်မှုဇုန်ရှိ စက်ရုံများကို လေ့လာခဲ့ကြပါတယ်။

မေလ ၄ ရက်နေ့မှာ ထန်စန်းဂူနဲ့ တောင်ကြီးမြို့က စူဠာမဏိစေတီတော်တို့ကို သွားရောက်ဖူးမြော်သလို မြို့မဈေးကို လေ့လာခဲ့ကြတယ်။ ညပိုင်းရောက်တော့ တောင်ကြီး အထက(၁)မှာ ညစာစားပွဲနဲ့ မီးပုံပွဲကျင်းပတော့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တက်ရောက်ခဲ့ပြီး စခန်းပိတ်သိမ်းပွဲ ကျင်းပခဲ့ပါတယ်။

မေလ ၅ ရက်နေ့ မနက်မှာတော့ မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာကြတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်ကြတော့ သူ့မျက်နှာမှာလည်း မျက်ရည်တွေနဲ့၊ ကိုယ့်မျက်နှာမှာလည်း မျက်ရည်တွေနဲ့ ဝမ်းနည်းစွာ နှုတ်ဆက်ထွက်ခွာကြခဲ့ရတာဟာ ကျွန်မအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ဘဝမှတ်တိုင်တစ်ခုလို့ပြောချင်ပါတယ်။

လူရည်ချွန်သမိုင်းစံချိန်သစ်တင် မွေးထုတ်ပေးခဲ့တဲ့ စံဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ကြီးဦးလှဌေးက ကျွန်တော်တို့စံဟိန်းကိုယ်ပိုင်အထက်တန်းကျောင်းက ၂၀၁၅ ခုနှစ်က အဋ္ဌမတန်းနဲ့ နဝမတန်းလူရည်ချွန် နှစ်ယောက်မွေးထုတ်နိုင်ခဲ့ပြီး ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈ ခုနှစ်တွေမှာ အတန်းစုံ ၈၊ ၉၊ ၁၀ လူရည်ချွန် ခြောက်ယောက်ကို သုံးနှစ်ဆက်တိုက် မွေးထုတ်ပေးနိုင်ခဲ့လို့ မြန်မာနိုင်ငံပညာရေးသမိုင်းမှာ အစိုးရအခြေခံပညာကျောင်းတွေနဲ့ ကိုယ်ပိုင်ကျောင်းတွေမှာ သမိုင်းစံချိန်သစ်တင်နိုင်ခဲ့ပါတယ်။ ဒီလို မော်ကွန်းသစ်တွေနဲ့အတူ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း သုံးထပ်ကွမ်းလူရည်ချွန် သုံးဦး၊ နှစ်ထပ်ကွမ်းလူရည်ချွန် လေးဦးနဲ့ တစ်ကြိမ်ရလူရည်ချွန် ငါးဦးတို့အပါအဝင် စုစုပေါင်း ၂၂ ယောက် မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ အဲဒီအတွက် ဂုဏ်ယူဝမ်းသာမိပါတယ်။

လူရည်ချွန်ကျောင်းသားဟောင်းကြီးတစ်ဦးဖြစ်တဲ့ မန္တလေးတက္ကသိုလ် မြန်မာစာဌာနရဲ့ အငြိမ်းစား ပါမောက္ခတစ်ဦးဖြစ်တဲ့ ဒေါက်တာမောင်မောင်လေးကလည်း ကျွန်တော်တို့က ၁၉၆၄-၁၉၈၈ ခုနှစ်အတွင်းမှာရှိတဲ့ လူရည်ချွန်ကျောင်းသားဟောင်းတွေ စုစည်းထားတဲ့ အဖွဲ့ဖြစ်ပါတယ်။ ကျွန်တော်တို့က အထက်မြန်မာပြည်ကိုယ်စားပြုအနေနဲ့ လူရည်ချွန်မောင်မယ်စခန်းတွေကို သွားရောက်ပြီး အတွေ့အကြုံတွေပြောပြတာ၊ ဉာဏ်စမ်းပြိုင်ပွဲတွေကျင်းပတာ နောက်ပြီးလူရည်ချွန်သီချင်းတွေကို သံပြိုင်သီဆိုစေတာတွေ ပြုလုပ်ပေးခဲ့ပါတယ်။ လူရည်ချွန်သီချင်းတွေကတော့ "နောင်တစ်ခေတ်အတွက် လူရည်ချွန်၊ စခန်းတွင်မယ့်လူရည်ချွန်" တို့ဖြစ်ပြီး သံစဉ်များကို သီးသန့်အသံသွင်းယူခဲ့ပြီး သံပြိုင်သီဆိုစေခဲ့တာဖြစ်ပါတယ်။ လူရည်ချွန်စခန်းသုံးခုလုံးကို လူရည်ချွန်ကြီးတွေက သွားရောက်ပြီး လူရည်ချွန်မောင်မယ်တွေကို မိမိတို့ရှိပြီးသား စွမ်းရည်တွေကို ပိုမိုမြင့်မားအောင် ကြိုးစားအားထုတ်ကြကာ နယ်ပယ်အသီးသီးမှာစံပြပုဂ္ဂိုလ်တွေအဖြစ် နေထိုင်ကြရန်အတွက် အကြံပြုလမ်းညွှန်ပေးနိုင်ခဲ့ပါတယ်။

လူရည်ချွန်တစ်ယောက်ဟာ စာပေပညာပြည့်စုံထူးချွန်ရုံနဲ့မရသလို ကျန်းမာကြံ့ခိုင်မှု၊ အထွေထွေဗဟုသုတကြွယ်ဝမှု၊ ပေါင်းသင်းဆက်ဆံရေး၊ လောကနီတိ၊ မြန်မာဓလေ့ထုံးတမ်းစဉ်လာတို့ကို သိရှိနေရန် လိုအပ်ပြီး ဘက်စုံထူးချွန်သောသူများဖြစ်တာကြောင့် ရွေးချယ်ခံလူရည်ချွန်များမှသည် နယ်ပယ်အသီးသီးရဲ့ စံပြပုဂ္ဂိုလ်တွေအဖြစ်သို့ ရောက်ရှိအောင် ကြိုးစားနေမှုများကို အနာဂတ်ရဲ့လူငယ်များ အားကျအတုယူစေရန် ရည်ရွယ်တင်ပြလိုက်ရပါတယ်။ ။

**လူရည်ချွန်တစ်ယောက်ဟာ စာပေပညာ ပြည့်စုံထူးချွန်ရုံနဲ့ မရသလို ကျန်းမာကြံ့ခိုင်မှု၊ အထွေထွေ ဗဟုသုတကြွယ်ဝမှု၊ ပေါင်းသင်းဆက်ဆံရေး၊ လောကနီတိ၊ မြန်မာဓလေ့ထုံးတမ်းစဉ်လာတို့ကို သိရှိနေရန် လိုအပ်ပြီး ဘက်စုံထူးချွန်သောသူများဖြစ်တာကြောင့် ရွေးချယ်ခံလူရည်ချွန်များမှသည် နယ်ပယ်အသီးသီး ရဲ့ စံပြပုဂ္ဂိုလ်တွေအဖြစ်သို့ ရောက်ရှိအောင် ကြိုးစားနေမှုများကို အနာဂတ်ရဲ့လူငယ်များ အားကျ အတုယူစေရန် ရည်ရွယ်⋯⋯**

---

❂ စာမျက်နှာ ၆ မှ

တိရစ္ဆာန်လေးများကို ချစ်ခင်ကြင်နာသနားတတ်သည်မှာ ကောင်းမွန်သောစိတ်ထားဖြစ်သော်လည်း အကြောင်းမသိသည့် တိရစ္ဆာန်များကို စွန့်စားကယ်တင်ရာမှ ဘေးဥပဒ်များစွာဖြစ်နိုင်ကြောင်း သတိချပ်စေချင်ပါသည်။ ခွေးရူးရောဂါ ကာကွယ်ဆေးမှန်မှန်ထိုးထားသော ခွေးတစ်ကောင်က ငယ်ရွယ်နုနယ်သောကလေးငယ်တစ်ဦး၏ မျက်နှာနှင့် ပခုံးကို ပြင်းထန်စွာ ကိုက်လိုက်သည်။ ကလေးငယ်ကို ခွေးရူးရောဂါကာကွယ်ဆေး (Post exposure vaccines) နှင့် Immunoglobulin (ကိုယ်ခံအား) ကိုပါ မပျက်မကွက်ထိုးပါဟု အကြံပြုသောအခါ "ဒါဆိုရင် ကျွန်မတို့ခွေးတွေကို ခွေးရူးကာကွယ်ဆေး ထိုးထားတာ အလကားပဲပေါ့၊ အကိုက်ခံရတာနဲ့ကာကွယ်ဆေးထိုးခိုင်းနေတာလား ဆရာမ"ဟု စောဒကတက်လေသည်။ "ကလေးကငယ်သေးတယ်၊ ဒဏ်ရာက နက်တယ်၊ ပြီးတော့ ဦးနှောက်အာရုံကြောနဲ့နီးတဲ့နေရာတွေမှာ အကိုက်ခံရတာ၊ ကိုယ့်အသက်လိုပဲ ကလေးရဲ့အသက်ဟာ တန်ဖိုးကြီးပါတယ်၊ ကိုယ့်ခွေးကြောင့် အကိုက်ခံရတာကို တာဝန်ယူသင့်ပါတယ်၊ ဆေးရုံတွေမှာ ခွေးရူးကာကွယ်ဆေးကို အခမဲ့ထိုးပေးနေတာပဲ" ဟု ရှင်းပြရပါသည်။

**လက်ပံပွင့်ချိန်**

တပေါင်းလမှာ လက်ပံ၊ ဒီးဒူး၊ ပေါက်ပန်းတို့ ပွင့်ပါသည်။ နီနီရဲရဲ ပန်းပွင့်များကို အသားတစ်ဟုထင်ကာ တောခွေးတို့က စားချင်စိတ်နှင့် မျှော်ကြ၊ အူကြသည်။ ပေါက်ပန်းကို အသားတစ်ဟုထင်၍ ငေးမျှော်လျက် ရူးရသော တောခွေးကဲ့သို့ဟု တရားတော်တွင် ပါရှိသည်။ လက်ပံပွင့်ချိန်တွင် ခွေးရူးခြင်းဆိုသည်မှာ CRAZY, MAD, DESIROUS ဆိုသော ရူးခြင်းမျိုးသာ ဖြစ်ပြီး RABID နှင့် ဘာမှမဆိုင်ပါ။ Rabies ခေါ် ခွေးရူးရောဂါမှာ တစ်နှစ်ပတ်လုံးဖြစ်နိုင်ပြီး လက်ပံပွင့်ခြင်း၊ မပွင့်ခြင်းနှင့် လုံးဝမသက်ဆိုင်ပါ။ လက်ပံပင် လုံးဝမရှိသောတိုင်းပြည်များတွင်လည်း ခွေးရူးရောဂါ တွေ့နိုင်ကြောင်း ဆင်ခြင်ကြစေလိုပါသည်။

အိမ်တွင်မွေးမြူထားသော တိရစ္ဆာန်ကဖြစ်စေ၊ ပိုင်ရှင်မရှိ၊ ရောဂါရာဇဝင်မသိသော တိရစ္ဆာန်ကကိုက်လျှင် ဖြစ်စေ နားလည်တတ်ကျွမ်းသောဆရာဝန်များ၊ တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် ဆွေးနွေးတိုင်ပင်ပြီး အကြံဉာဏ်ရယူပါ။ တိရစ္ဆာန်ကိုစောင့်ကြည့်ခြင်းသည် ကာကွယ်ဆေးထိုးရမည့်အချိန်ကို နှောင့်နှေး စေကြောင်း သတိပြုပါ။ ခွေးရူးရောဂါကို လူနှင့် သွေးနွေးသတ္တဝါအမျိုးမျိုးတွင် တွေ့ရှိနိုင်သော်လည်း 'ကုသ၍မရနိုင်၊ အသက်ဆုံးရှုံးကြရသည်" ဆိုသော ပင်မအချက်ကြီးက မပြောင်းလဲပါ။ ထို့ကြောင့် တိရစ္ဆာန်မှ လူကို ကူးစက်တတ်သော ရောဂါများအနက် ကြောက်မက်ဖွယ်အကောင်းဆုံး ခွေးရူးရောဂါဘေးမှ ကင်းစင်သော နိုင်ငံဖြစ်အောင် အားထုတ်ကြိုးပမ်းနိုင်ကြလျက် ပြည်သူလူထုအပေါင်းတို့ ခွေးရူးရောဂါဘေးမှ ကင်းဝေးနိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ပါသည်။ ။

# မြန်မာ့အမွေအနှစ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး အကြိုလှုပ်ရှားမှု "နှလုံးသားထဲကပုဂံ" ဓာတ်ပုံပြပွဲကျင်းပ

**ရန်ကုန် မေ ၁၃**
မြန်မာ့အမွေအနှစ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ကြိုဆိုသည့်အနေဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် လူနေမှုဘဝများအား သိရှိစေရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ပုဂံဌာနခွဲ၊ မေတ္တာမိုးပရဟိတအဖွဲ့နှင့် မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင်များ ပူးပေါင်းကာ "နှလုံးသားထဲက ပုဂံ" ဓာတ်ပုံပြပွဲကို အမျိုးသားပြတိုက်(ရန်ကုန်)၌ မေ ၁၃ ရက်မှ ၁၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ကျင်းပလျက်ရှိသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ကြီးကျယ်ခမ်းနားသော ရှေးဟောင်းအဆောက်အအုံများ၊ ထူးခြားသည့် ဗိသုကာပညာများ၊ အနုပညာလက်ရာများ၊ သဘာဝရှုမြင်ကွင်းများ၊ ရိုးရာပွဲတော်များ၊ ပုဂံဒေသအလေ့အထများနှင့် လူနေမှုဘဝများကို မြန်မာနိုင်ငံတစ်ဝန်းသာမက ကမ္ဘာတစ်ဝန်းကပါ သိရှိစေရန်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ချစ်မြတ်နိုးတန်ဖိုးထားစိတ်၊ အဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ပိုမိုဖြစ်ထွန်းလာစေရန်၊ အမွေအနှစ်ကာကွယ်ထိန်းသိမ်းမှုတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်သည်ဟူသော ရည်ရွယ်ချက်ကိုလည်း အကောင်အထည်ဖော်ဆောင်ရန် ရည်ရွယ်ချက်များဖြင့် "နှလုံးသားထဲကပုဂံ" ဓာတ်ပုံပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပရာ အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင်များ၊ သတင်းမီဒီယာများ၊ ဒေသခံလူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံများနှင့် မေတ္တာမိုးပရဟိတအဖွဲ့ဝင်များ တက်ရောက်ကြသည်။ ယင်းနောက် ဓာတ်ပုံပြပွဲအခမ်းအနား ဖွင့်လှစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

UNESCO Yangon မှ Head of Office Ms. Min Jeong Kim က အမှာစကားပြောကြားပြီး Architect in UNESCO Consultant, Mr.Kai Weise က ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းထားခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ဓာတ်ပုံပညာရှင်တစ်ဦးက ဓာတ်ပုံပြပွဲကျင်းပပြုလုပ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းနှင့် တာဝန်ရှိသူများက ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ယင်းနောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များက ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြပွဲအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မြို့သာစက်မှုဇုန် မြို့တော်စီမံကိန်းနှင့် ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံ တည်ဆောက်မည့်မြေနေရာတို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၃**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် မြို့သာဒေသရှိ မြို့သာစက်မှုဇုန်မြို့တော် စီမံကိန်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား Mandalay Myotha Industrial Development Public Co.,Ltd. (MMID)၏ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်တွင်လည်း မိမိတို့ဝန်ကြီးဌာနနှင့်ပတ်သက်၍ နောင်သုံးနှစ်အတွင်း မဂ္ဂါဝပ် ၃၀၀၀ ရရှိရေး အကောင်အထည်ဖော်ရန် ပါရှိသဖြင့် ၎င်းကိုရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အချိန်တိုအတွင်း လျှပ်စစ်ဓာတ်အားရရှိရန် LNG ဖြင့် ဓာတ်အားထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်ဖက်တွင်လည်း ရေအား၊ အပူစွမ်းအင်၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာမှ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအတွက်လည်း အဆင်သင့်ဖြစ်စေရန် မျှော်မှန်း၍ လျှပ်စစ်ဓာတ်အားများ ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် ၅၀၀ ကေဗွီ အရှေ့၊ အနောက်၊ တောင်၊ မြောက် မဟာဓာတ်အားလိုင်းကွန်ရက်စနစ်များကိုလည်း သုံးနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ယခုမြို့သာစက်မှုဇုန် မြို့တော်စီမံကိန်းကြီး အကောင်အထည်ဖော် ဆောင်ရွက်နေမှုအပေါ် နိုင်ငံတော်အစိုးရ အနေဖြင့်လည်း အားပေးကူညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းအပြင် မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ယခုစီမံကိန်းကြီးအောင်မြင်ရန် လျှပ်စစ်ဓာတ်အားရရှိရေးကို နှစ်အလိုက် ပိုင်းခြားပြီး ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြို့သာစက်မှုဇုန် မြို့တော်စီမံကိန်းသို့ ဓာတ်အားဖြန့်ဖြူးပေးထားသော 66/11 kV, 20 MVA ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး စီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် ၂၉၃ အနီးရှိ ၅၀၀/၂၃၀/၃၃ ကေဗွီ ၅၀၀ အမ်ဗွီအေ ကံကောင်း(မိတ္ထီလာ) ဓာတ်အားခွဲရုံ တည်ဆောက်မည့် မြေနေရာသို့ရောက်ရှိပြီး တာဝန်ရှိသူများက ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ) - စပါးကွယ် (တောင်ငူ) ဓာတ်အားလိုင်း ၁၄၆ မိုင် တည်ဆောက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ၅၀၀/၂၃၀/၃၃ ကေဗွီ ၅၀၀ အမ်ဗွီအေ ကံကောင်း(မိတ္ထီလာ) ဓာတ်အားခွဲရုံမှ ၅၀၀ ကေဗွီ ဓာတ်အားလိုင်းဖြင့် ကံကောင်း(မိတ္ထီလာ)မှ စပါးကွယ်(တောင်ငူ) သို့ ဓာတ်အားလိုင်း ၁၄၆ မိုင်ကို တည်ဆောက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းတစ်ခုလုံး အနေဖြင့် ၇၂ ဒသမ ၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ကြိုးဆွဲခြင်းလုပ်ငန်းကို မကြာမီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ ကြိုးဆွဲခြင်း လုပ်ငန်းအပါအဝင် ဓာတ်အားလိုင်း တည်ဆောက်ခြင်း စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြီးစီးနိုင်ရေး လျာထားဆောင်ရွက်လျက် ရှိသည့်အပြင် ၅၀၀/၂၃၀/၃၃ ကေဗွီ ၅၀၀ အမ်ဗွီအေ ကံကောင်း(မိတ္ထီလာ) ဓာတ်အားခွဲရုံနှင့် ၅၀၀/၂၃၀/၃၃ ကေဗွီ ၅၀၀ အမ်ဗွီအေ စပါးကွယ် (တောင်ငူ)ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းကိုလည်း ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ယမန်နေ့ ဆန္ဒပြပွဲမှ ထိန်းသိမ်းခဲ့သူများအား အာမခံဖြင့် ယနေ့ ပြန်လွှတ်

**ရန်ကုန် မေ ၁၃**
ရန်ကုန်မြို့ တာမွေခုံးကျော်တံတားအနီး မေ ၁၂ ရက် ညနေပိုင်းက ဆန္ဒပြသူများထဲမှ ဗဟန်းရဲစခန်း၌ ထိန်းသိမ်းထားသူ ရှစ်ဦးရှိခဲ့ပြီး ၎င်းတို့အား ထိန်းသိမ်းခံရမှု ၂၄ နာရီအကြာ ယနေ့ ညနေ ၅ နာရီတွင် အာမခံဖြင့် ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။

"ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ဒီဖြစ်စဉ်မှာ ယာဉ်ကြောပိတ်ဆို့မှုတွေဖြစ်လာမှာ စိုးတာရယ်၊ ပြည်သူလူထု အထိတ်တလန့်ဖြစ်လာမှာစိုးတဲ့အတွက် ချီတက်မှုကို ရပ်တန့်ဖို့ ပြောကြားခဲ့ပါတယ်၊ သူတို့က ကျောက်တံတားမြို့နယ်အထိ ချီတက်ဖို့ပြင်ဆင်နေကြတာပါ၊ ဒါပေမယ့် ကျွန်တော်တို့တားမြစ်တာကို လက်မခံတဲ့အတွက် ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်၊ ဒီဖြစ်စဉ်မှာ ရဲတပ်ဖွဲ့ဝင်တွေက ရိုက်ပုတ်တာ မရှိခဲ့ပါဘူး၊ ဒီနေ့မှာတော့ သူတို့ကို လိုအပ်တဲ့ စစ်ဆေးမှုတွေပြုလုပ်ပြီး အာမခံနဲ့ ပြန်လွှတ်ပေးလိုက်တာ ဖြစ်ပါတယ်" ဟု ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်းက ပြောသည်။

အဆိုပါ ထိန်းသိမ်းခံရသူများအား ဗဟန်းရဲစခန်းက (ပ)၂၄၄/၂၀၁၈၊ ငြိမ်းစုစီ ပုဒ်မ ၂၀ ဖြင့် အမှုဖွင့်ထားပြီး လာမည့် ၁၅ ရက်အတွင်း ဗဟန်းမြို့နယ်တရားရုံးတွင် အမှုရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ဆန္ဒပြပွဲတွင် ပါဝင်သည့် အဓိကတာဝန်ရှိသူများကိုသာ ထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း စာရင်းအရ ဖမ်းဆီးထိန်းသိမ်းရမည့်သူ ၁၇ ဦးရှိကြောင်း၊ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ရှစ်ဦးကိုသာ ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ကျန် ကိုးဦးကိုလည်း ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# စဉ့်ကိုင်မြို့နယ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေး

**ကျောက်ဆည် မေ ၁၃**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၁ ရက် ညနေ ၃ နာရီက မြို့နယ်အတွင်းရှိ လယ်ယာမြေပိုင်ဆိုင်သော တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကြည်မို့မို့လွင်နှင့် မြို့နယ်မြေယာစီမံခန့်ခွဲရေးဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေတို့က ပုံစံ(၇)ထုတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ရှမ်းကန်၊ စွန်ရဲ၊ တဘက်ဆွဲနှင့် ညောင်ပင်ကြီးကျေးရွာများရှိ တောင်သူ ၆၃ ဦး၊ ဦးပိုင် ၆၇ ခုမှ လယ်ယာမြေဧရိယာ ၂၁၆ ဒသမ ၀၃ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ထုတ်ပေးခဲ့ပြီး စဉ့်ကိုင်မြို့နယ်တွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တောင်သူ ၂၀၉၀၅ ဦး၊ ဦးပိုင်ပေါင်း ၃၅၀၁၁ ခုမှ လယ်မြေဧက ၇၁၂၄၈ ဧကအား ပုံစံ(၇)များ ထုတ်ပေးနိုင်ရေး လျာထားဆောင်ရွက်ခဲ့ပြီး ယနေ့အချိန်တွင် တောင်သူပေါင်း ၂၀၈၅၄ ဦး၊ ဦးပိုင်ပေါင်း ၄၃၈၈၀ ခုမှ လယ်မြေဧက ၆၉၆၅၆ ဧကကို ပုံစံ(၇)များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အချင်းချင်းတိုက်တာ၊ ပစ်ခတ်တာမှာ ကြားက ကျွန်မတို့က ဒုက္ခရောက်ရတယ်၊ အဲဒါကိုကြောက်လို့ ထွက်လာတာပါ

ကချင်ပြည်နယ် မြစ်ကြီးနားသို့ မေ ၉ ရက်မှ ၁၁ ရက်အထိ သုံးရက်ကြာ သွားရောက်သတင်းရယူခဲ့သည့် သတင်းမီဒီယာအဖွဲ့သည် မြစ်ကြီးနားမြို့နယ် တန်ဖရဲ မြစ်ဆုံကျေးရွာရှိ မာရီယာကောင်းကင်ဘုံသခင်မဘုရားကျောင်း၊ ကဝါးခ နောင်နန်းကျေးရွာအုပ်စု တြီနတီနှစ်ခြင်းဘုရားကျောင်း ယခင် KIA တပ်မဟာ(၂)ထိန်းချုပ်ခဲ့ရာ ညောင်ရမ်းစခန်း(၁၊ ၂၊ ၃၊ ၄)နှင့် တပ်မဟာ(၂)ဌာနချုပ်တည်ရှိသည့် အောင်လော့ဒ်ကျေးရွာများသို့ ရောက်ရှိခဲ့သည်။



အင်ဂျူဂျာတောင်



လတောင်ထု



ဗိုလ်မှူးချုပ်ကျော်စိုးမင်း



ဒုတိယဗိုလ်မှူးကြီးစိုးထက်



ဦးဂဲနက်(စ်)

ရောက်ရှိခဲ့ရာနေရာတိုင်းတွင် နေရပ်မှ ခေတ္တတိမ်းရှောင်လာသည့် စစ်ရှောင်ကျေးရွာသူ ကျေးရွာသားများ၊ တပ်မတော်မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့ဝင်များကို မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။

**အင်ဂျူဂျာတောင် (၆၀)နှစ်**
**တန်ဘောင်ယန်ကျေးရွာ**
**မြစ်ဆုံကျေးရွာရှိ**
**မာရီယာကောင်းကင်ဘုံ**
**သခင်မဘုရားကျောင်း**

နန့်ပေါ်ယန်ကျေးရွာက လာတယ်။ တစ်ရွာလုံးစုလာကြတယ်။ လူပေါင်း ၁၀၀ ကျော်လောက်ရှိမယ်။ စားရေး၊ နေရေးက အဆင်ပြေပါတယ်။ ရွာမှာက တောင်ယာလုပ်တယ်။ မိသားစု လေးယောက်ရှိတယ်။ ပစ္စည်းတွေဘာမှ မပါဘူး။ ဒီအတိုင်းထွက်လာကြရတယ်။ အေးအေးချမ်းချမ်းနဲ့ ကိုယ့်နေရာမှာကိုယ်နေချင်ပါတယ်။ သူတို့ အချင်းချင်းတိုက်တာ၊ ပစ်ခတ်တာမှာ ကြားက ကျွန်မတို့က ဒုက္ခရောက်ရတယ်။ အဲဒါကိုကြောက်လို့ ထွက်လာတာပါ။

**လဖိုင်ဘရန်ရှောင် (၃၈)နှစ်**
**(၁၈)မိုင်ရွာ**
**မြစ်ဆုံကျေးရွာရှိ မာရီယာကောင်းကင်ဘုံ**
**သခင်မဘုရားကျောင်း**

စစ်ကပြေးတာ နှစ်ခေါက်ရှိပြီ။ လွန်ခဲ့တဲ့ ခုနစ်နှစ်က ဇန်ပိုင်မှာ ကျည်ဆန်ကြားထဲက လွတ်လာတာကတစ်ခေါက်။ အဲဒီကနေ အခု ၁၈ မိုင်မှာနေတော့ တစ်ခေါက်ပြေးလာတာပေါ့။ သေနတ်သံတွေကြားတော့ ကြောက်စရာကြီးလေ။ နေလို့မှ မရတော့တာ။ ဒီကို မေလ ၃ ရက်နေ့ကရောက်တာ ဖြစ်မယ်။ မိသားစုလိုက် ပြေးလာတာ။ တစ်ခါတည်း တောက်လျှောက် မရောက်နိုင်ဘူးလေ။ တောကနေပတ်ပြီးမှ ရောက်လာခဲ့တာ။ ခြေကျင်လာခဲ့တာ။ ကျွန်တော်တို့က နောက်ကျတယ်။ ယောက္ခမအဘွားကြီးက (၁၁၇)နှစ်ဆိုတော့ သူကိုပိုးပြီးမှ လာရတော့ နောက်ကျတယ်။ ကျွန်တော့်မှာ မိသားစု ငါးယောက်ရှိတယ်။ အမျိုးတွေနဲ့ အိမ်ထောင်စုသုံးစုဆိုတော့ အားလုံး ၁၂ ယောက်ပါတယ်။ တောင်ယာပဲခုတ်တယ်။ စစ်နဲ့ပတ်သက်ပြီး သိပ်မပြောချင်တော့ဘူး။ ခံတော့ခံစားရတယ်။ ငြိမ်းငြိမ်းချမ်းချမ်း အေးအေးဆေးဆေး ကိုယ့်အိမ်ထောင်စုနဲ့ကိုယ် နေချင်တာပေါ့။ ဒီမှာက အခက်အခဲသိပ်မရှိပါဘူး။ အသက်ကြီးတဲ့ ယောက္ခမအတွက်ပဲ စိုးရိမ်တယ်။

**လတောင်ထု (၈၀)နှစ်**
**အင်ဂျန်းယန်ရွာ**
**နောင်နန်းကျေးရွာအုပ်စု**
**တြီနတီနှစ်ခြင်းဘုရားကျောင်း**

အင်ဂျန်းယန်ရွာနားက အင်ဂရန်းကောင်ရွာကပါ။ စစ်ဖြစ်နေတော့ ကြောက်လို့ ပြေးလာတာ။ သားနဲ့ချွေးမ၊ မြေးလေးယောက်ပါပါတယ်။ အင်ဂျန်းယန်မှာတော့ မိသားစုတွေ ကျန်နေသေးတယ်။ သူတို့လာမလား၊ မလာဘူးလား တော့ မသိဘူး။ စစ်ပွဲဒဏ်ကို ခံစားရတာ အသက် (၂၀)လောက်ကတည်းကပဲ။ စစ်နဲ့ပတ်သက်ပြီး ဘာမှမပြောတတ်ဘူး။ ငြိမ်းချမ်းပါစေ၊ စစ်ပွဲတွေ ရပ်ပါစေပဲပြောတတ်တယ်။

**ဗိုလ်မှူးချုပ်ကျော်စိုးမင်း**
**(နယ်မြေခံတပ်နယ်မှ)**

အဓိကတော့ ကျွန်တော်တို့ တံတားညီနောင် ဖားကန့် မြစ်ကြီးနားမှာ ဖြစ်တာ။ အဲဒါက ဧပြီလ ၆ ရက်နေ့မှာ ဖြစ်တာ။ ပြီးတော့ လမုံပေါ့။ ကားနဲ့ဆို ၁၅ မိနစ်လောက်ပဲသွားရတယ်။ လမုံရွာကို ၈ ရက်နေ့မှာ သူတို့လာတိုက်တယ်။ အဲဒီဖြစ်စဉ်တွေကြောင့် ဒီဒေသမှာ ကျွန်တော်တို့တစ်တွေက နယ်မြေရှင်းလင်းရေးလုပ်တယ်။ နယ်မြေ ရှင်းလင်းရေးလုပ်တာ တနိုင်းက KIAရဲ့ ညောင်ရမ်းစခန်း (၁၊ ၂၊ ၃၊ ၄) နဲ့ တပ်မဟာ(၂) ဌာနချုပ်ပေါ့။ ရှင်းလင်းရေးလုပ်တဲ့အခါ အရပ်သားတွေ မထိခိုက်အောင် စစ်ရေးပစ်မှတ်တွေပဲ အဓိကထားတယ်။ ကျေးရွာထဲကို မကျအောင်၊ နေအိမ်တွေ မထိခိုက်အောင် ဆောင်ရွက်ပါတယ်။ နေအိမ်တွေ ထိခိုက်မှုမရှိတာ သွားတဲ့သူတွေအားလုံး သိပါတယ်။ လူဆိုတာ ကိုယ့်နေရာမှာနေချင်ကြတယ်။ လာနေပါ။ သူတို့ရဲ့ နေရေး၊ ထိုင်ရေး၊ လုံခြုံရေးကို ကျွန်တော်တို့ စီစဉ်ပေးမယ်။

**ဒုတိယဗိုလ်မှူးကြီးစိုးထက်**
**(နယ်မြေခံတပ်မှ)**

အောင်လော့ဒ်ကျေးရွာမှာ လုံခြုံရေးတာဝန်ထမ်းဆောင်နေပါတယ်။ မေလ ၁ ရက်နေ့က ရောက်ပါတယ်။ ကျွန်တော်တို့ ရောက်လာတဲ့အချိန် ပထမတွေ့ခဲ့ရတာက မီးလောင်ထားတဲ့ တပ်မဟာ(၂)စခန်းတွေပါ။ မျှော်စင်ဒီဘက်အပိုင်းမှာတော့ ပျက်စီးမှု လုံးဝမရှိတဲ့ ကျေးရွာပါ။ ကျွန်တော်တို့ မရောက်ခင်မှာရော၊ ရောက်ရှိလာတဲ့ အချိန်မှာရော ပိတ်မိနေတဲ့ ပြည်သူဆိုပြီးတော့ လာရောက်ဆက်သွယ်တာမရှိပါဘူး။ ကျွန်တော်တို့ မရောက်ခင်မှာတော့ အသင်းတော်ကနေ ပထမအကြိမ် ဆက်သွယ်တာကတော့ လူ ၂၀၀ ကျော်ပေါ့။ ဒကစ(တနိုင်း)ကနေပြီး ကြက်ခြေနီတွေနဲ့ ချိတ်ဆက်ပြီး ခေါ်ယူသွားပါတယ်။ ဒါကလည်း အောင်လော့ဒ်က မဟုတ်ဘဲ ရွှေလုပ်သားနဲ့ ဈေးသည်တွေမို့ သူတို့တွေ နေထိုင်ရာကို ပြန်ပို့ခဲ့ပါတယ်။ အောင်လော့ဒ်ကျေးရွာမှာရှိတဲ့ ဘုရားကျောင်းတွေကိုတော့ သန့်ရှင်းရေးလုပ်ပြီး နေအိမ်တွေကိုတော့ နဂိုမူလအတိုင်းပဲ ခြံတံခါးတွေကိုတော့ ပိတ်ပေးထားပါတယ်။

**ဦးဂဲနက်(စ်) (ဥက္ကဋ္ဌ)**
**ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ**

ဧပြီလ ၁၇ ရက်နေ့မှာ အောင်လော့ဒ်မှာ ရွာသူ ရွာသားတွေ ပိတ်မိနေတယ်လို့ သတင်းရလို့ ကျွန်တော်တို့ ပြည်နယ်အစိုးရကို တင်ပြတာ သူတို့က ချက်ချင်းခွင့်ပြုပါတယ်။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နဲ့ ကျွန်တော်တို့ကို ညှိနှိုင်းပေးတဲ့အခါ ဧပြီလ ၁၈ ရက်နေ့မှာ ခွင့်ပေးတဲ့အတွက် ဧပြီလ ၂၀ ရက်နေ့မှာ အောင်လော့ဒ်ကိုရောက်ပါတယ်။ စရောက်ကတည်းက အောင်လော့ဒ်မှာ လူမတွေ့ပါဘူး။ ကြက်ခြေနီအဖွဲ့လာတယ်ဆိုတာ ပိတ်မိနေတဲ့ ရွှေမှော်လုပ်သားတွေနဲ့ ဈေးရောင်းတဲ့ ဈေးသည်တွေလို့ကြားတော့ ဒီကို ဧပြီလ ၂၀ ရက်နေ့မှာ ထွက်လာပါတယ်။ အောင်လော့ဒ်ရွာက လူတွေကိုလည်း ပါလာတဲ့သူတွေနဲ့ ချိတ်ဆက်တဲ့အခါ ငါးကြိမ် အဆက်အသွယ်ရပါတယ်။ ထွက်လာဖို့ ချိတ်ဆက်တဲ့အခါ ကျွန်တော်တို့ကို လာကြိုတာကျေးဇူးတင်ပါတယ်၊ လာလည်းလာချင်ပါတယ်၊ ဒါပေမယ့် တိုင်ပင်လိုက်ဦးမယ်ဆိုပြီး ထွက်မလာတော့ပါဘူး။ ကျွန်တော်တို့ KBC ဘုရားကျောင်းမှာ သုံးရက်ကြာစခန်းဖွင့်ပြီးစောင့်ပါတယ်။ နောက်ဆုံးတော့ ရွှေမှော်လုပ်သားတွေနဲ့ ဈေးရောင်းတဲ့ ဈေးသည် ၂၂၅ ယောက်ကိုပဲကယ်ထုတ်ပြီး တနိုင်းအုပ်ချုပ်ရေးမှူးရုံးကနေ သူတို့နေထိုင်ရာတွေကို ပြန်လည်ပို့ဆောင်ပေးခဲ့ပါတယ်။ အဲဒီအချိန် အောင်လော့ဒ်ရွာမှာရှိတဲ့ သူတွေက သုံးရက်လောက် လမ်းလျှောက်ရင် ရောက်နိုင်တဲ့ နေရာမှာရှိတယ်ပြောပြီး မလာတော့တာပါ။



နောင်နန်းကျေးရွာအုပ်စု တြီနတီနှစ်ခြင်းဘုရားကျောင်းတွင် ညစာစားရန်ပြင်ဆင်နေသည့် ခေတ္တစစ်ရှောင်မိသားစုတစ်စုကို တွေ့ရစဉ်။

**တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်**
**ဓာတ်ပုံ - ဖိုးထောင်**

## မကွေးအသင်း အဝေးကွင်း၌ ဂိုးပြတ်နိုင်ပြီး ဒုတိယနေရာရောက်လာ

**ရန်ကုန် မေ ၁၃**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၁)မှ ရွှေ့ဆိုင်းထားသည့် ရခိုင်အသင်းနှင့် မကွေးအသင်းတို့၏ပွဲကို ယနေ့ညနေပိုင်းက စစ်တွေမြို့ရှိ ဝေသာလီကွင်း၌ ကျင်းပရာ မကွေးအသင်းက ရခိုင်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသည်။

မကွေးအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းမှာပင် သုံးဂိုးပြတ်အနိုင်ရနေသည်။ ရခိုင်အသင်းသည် ပထမပိုင်းတွင် ဂိုးများဆက်တိုက်ပေးခဲ့ရသောကြောင့် ဒုတိယပိုင်းတွင် နှစ်ဂိုးပြန်သွင်းနိုင်သော်လည်း အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မကွေးအသင်းအတွက် တိုက်စစ်မှူး အောင်မြင့်ထွန်း ခြေစွမ်းပြခဲ့ပြီး ၁၅၊ ၂၅၊ ၃၈ မိနစ်တွင် ဟက်ထရစ်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရခိုင်အသင်း သရေပြန်ကစားနိုင်မည့် အခွင့်အရေးပြန်ရသော်လည်း နှစ်ဂိုးအထိသာ ပြန်သွင်းနိုင်၍ အိမ်ကွင်း၌ ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ၅၇ မိနစ်တွင် ကောင်းမြတ်ကျော်၊ မိနစ် ၆၀ တွင် ကလစ်ဖို့ဒ်တို့က ရခိုင်အတွက် ဂိုးများပြန်သွင်းခဲ့သော်လည်း မကွေးအသင်းက (၇၄၊ ၇၅)မိနစ်တွင် နှစ်ဂိုးဆက်သွင်းကာ အနိုင်ရလဒ် ရယူသွားသည်။ မကွေးအသင်းအတွက် ဂိုးများကို ၇၄ မိနစ်တွင် စိုးမင်းအောင်၊ ၇၅ မိနစ်တွင် ဇေယျာနိုင်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် ပထမအကျော့ပွဲအားလုံး ပြီးဆုံးသွားပြီဖြစ်ပြီး ရန်ကုန်အသင်းက ၂၆ မှတ်၊ မကွေးအသင်းက ၂၃ မှတ်၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၂၁ မှတ်၊ ဟံသာဝတီအသင်းက ၁၈ မှတ်၊ ရတနာပုံအသင်းက ၁၇ မှတ်၊ ဧရာဝတီအသင်းက ၁၅ မှတ်၊ ဇွဲကပင်နှင့် ရခိုင်အသင်းက ၁၄ မှတ်စီ၊ Southern အသင်းက ၁၃ မှတ်၊ စစ်ကိုင်းအသင်းက ၁၀ မှတ်၊ GFA အသင်းက ကိုးမှတ်၊ မြဝတီအသင်းက နှစ်မှတ် ရထားသည်။

**ရှိုင်းထက်ဇော်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ ကျောက်ဖြူနှင့် ရမ်းဗြဲဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ကျောက်ဖြူ မေ ၁၃**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ကျောက်ဖြူ စက်မှုလက်မှုသိပ္ပံကျောင်း ပေ(၁၅၀ × ၇၅)အဆောက်အအုံ ၉၀ ရာခိုင်နှုန်း ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဖြူပညာရေးကောလိပ်တွင် သုံးထပ်ဆောင်(RC) ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့များနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ နှစ်နှစ်တာဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများတွင် အားသာချက်၊ အားနည်းချက်များ ရှိခဲ့ပါကြောင်း၊ ယခုဘတ်ဂျက်အသစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများကို တာဝန်ခံမှု၊ တာဝန်ယူမှုများနှင့် အဂတိတရားကင်းကင်းဖြင့် ပြည်သူလူထုအား ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုက အားကိုးယုံကြည်ရသော အစိုးရဖြစ်လာအောင် အတူလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုကိုလည်း အဓိကအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံ ပြင်ပလူနာဆောင်နှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများကို သွားရောက်အားပေးစကား ပြောကြားပြီး ကျောက်ဖြူဆေးရုံဝန်ထမ်းအိမ်ရာ (၁၈၄ ပေ × ၄၃ ပေ)ရှစ်ခန်းတွဲ လေးထပ် ဆောက်လုပ်နေမှုနှင့် ကျောက်ဖြူမြို့နယ် ပြင်ဖြူမော်ကျေးရွာရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားသော ရေငန်တားတမံ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုခဲ့သည်။ **(ယာပုံ)**

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် မေ ၁၂ ရက်တွင် ရမ်းဗြဲ-ကျောက်နီမော်လမ်းပေါ်၌ ကွန်ကရစ်လမ်း ၁ မိုင် ခင်းခြင်းဆောင်ရွက်နေမှု၊ ဝက်ကိုက်ချောင်း-ပြင်ချောင်းကြီးကျေးရွာချင်းဆက် ၂ မိုင် ၇ ဖာလုံ ကျောက်ချောလမ်း ခင်းခြင်းဆောင်ရွက်နေမှုနှင့် လမုန်းခြေ-သင်းကနက်ရွာချင်းဆက်လမ်း ၁ မိုင် မြေသားလမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရမ်းဗြဲ-ကျောက်နီမော်ကားလမ်းပေါ်ရှိ သစ်ပုတ်ချိန်တံတား သံကူကွန်ကရစ် ပေ ၁၈၀ တည်ဆောက်နေမှု၊ ဟုံးဝဆိပ်ခံတံတားလမ်း ပေ ၂၀၅၀၊ ၁၂ ပေ၊ ၈ လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ သင်းပေါင်းချောင်းကျေးရွာ ဆိုင်ကလုန်းချာတာ ဆောက်လုပ်ရန် မြေပြုပြင်နေမှုနှင့် အောင်လှပြင်ကျေးရွာတွင် ဆိုင်ကလုန်းချာတာ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အောင်လှပြင်ကျေးရွာ ဒေသခံများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ရမ်းဗြဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရမ္မာဝတီခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။

ညနေပိုင်းတွင် ကျောက်ဖြူမြို့နယ် ချောင်းဖျား-ဘယာ-သစ်ကတိုး ကျေးရွာချင်းဆက် မြေသားလမ်း ၃ မိုင် ၄ ဖာလုံဖောက်လုပ်နေမှုအားလည်းကောင်း၊ ရန်ကုန်-ကျောက်ဖြူကားလမ်းပေါ်ရှိ ဇင်ချောင်းတံတား သံကူကွန်ကရစ် RC ပေ ၄၀ ဆောက်လုပ်နေမှုအားလည်းကောင်း၊ မိုင်တိုင်(၈/၉၇)တွင် သစ်သားတံတား သံကူကွန်ကရစ် တည်ဆောက်နေမှုအား လည်းကောင်း၊ ဝမျှောင်-အင်တိုင်းကြီး ရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းနေမှုတို့အား လည်းကောင်း၊ မြင်းပြင်ရေဒါစခန်း ကျောက်စီမြေကာနံရံ အလျားပေ ၁၈၀ ဆောင်ရွက်ပြီးစီးမှုတို့ကို လည်းကောင်း သွားရောက်စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း၊ ဖြိုးဝေလင်း(ပြန်/ဆက်)**

# မောင်တောမြို့နယ် မင်းကြီးကျေးရွာသစ်၌ နေအိမ် ၈၂ လုံး၊ စာသင်ကျောင်း တစ်ကျောင်းနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်း တည်ဆောက်ပေးလျက်ရှိ

**မောင်တော မေ ၁၃**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြောက်ပိုင်းရှိ ရခိုင်တိုင်းရင်းသားများကို ပြန်လည်နေရာချထားပေးသည့် အောင်စစ်ပြင်ကျေးရွာအုပ်စု မင်းကြီးကျေးရွာသစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် နေအိမ် ၄၅ လုံး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် နေအိမ် ၃၇ လုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ ဘုန်းကြီးကျောင်း တစ်ကျောင်းတို့ကို ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။



မင်းကြီးကျေးရွာသစ်တွင် နေအိမ်များ ဆောက်လုပ်နေမှုကို မေ ၁၃ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာနှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးနှင့် အဖွဲ့တို့ သွားရောက်ကြည့်ရှုသည်။

ယင်းနေအိမ် အဆောက်အအုံများကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်းက စတင်လုပ်ငန်းအပ်နှံခဲ့ပြီး ယခုလက်ရှိတွင် ဆောက်လုပ်ရေးဝန်ထမ်းအင်အား ၁၃၀ ကျော်ဖြင့် နေ့ညဆောက်လုပ်လျက်ရှိကာ ၂၀၁၈ ခုနှစ် မေလအကုန် မိုးမကျမီ အပြီးတည်ဆောက် အပ်နှံသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်း- ဇင်ဦး၊ နိုင်လင်းကြည်**
**ဓာတ်ပုံ- သီဟစည်သူ**

# အထောက်အထားမဲ့ ခရီးသွားလာသူတို့ကို စုပေါင်းစစ်ဆေးရေးဂိတ်မှ ဖမ်းဆီး

**သံတွဲ မေ ၁၃**
သံတွဲမြို့အထွက် စုပေါင်းစစ်ဆေးရေးဂိတ်တွင် တာဝန်ကျ ပူးပေါင်းအဖွဲ့မှ ယာဉ်များစစ်ဆေးဆောင်ရွက်စဉ် အထောက်အထားမဲ့ ခရီးသွားလာသူ အမျိုးသမီးတစ်ဦးနှင့် တရားမဝင်ခေါ်ဆောင်လာသူ အမျိုးသမီးတစ်ဦးတို့ကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ သံတွဲမြို့အထွက် စုပေါင်းစစ်ဆေးရေးဂိတ်တွင် တာဝန်ကျနေသော ဒုလဝကမှူး ဇော်လင်းအောင်နှင့် တာဝန်ကျပူးပေါင်းအဖွဲ့သည် ယာဉ်များကို စစ်ဆေးဆောင်ရွက်စဉ် မေ ၁၂ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် သံတွဲမြို့မှ ရန်ကုန်မြို့သို့ပြေးဆွဲသော အောင်သစ္စာ ခရီးသည်ယာဉ်လိုင်းဖြင့် စီးနင်းလိုက်ပါလာသော ခရီးသည်များကိုစစ်ဆေးရာ အမျိုးသမီးနှစ်ဦးသည် အခြားသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားကို တရားမဝင်ကိုင်ဆောင်ပြီး လိမ်လည်ပြသ၍ခရီးသွားလာခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ငပလီမြို့ ဂျိတ္တောရပ်ကွက်နေ ဒေါ်ဝါဝါကမသန်းရွှေနု အမည်ပါ အခြားသူတစ်ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအား လည်းကောင်း၊ စစ်တွေမြို့နယ် သက္ကယ်ပြင်စခန်းမှ မည်သည့်ကိုင်ဆောင်လက်မှတ်မျှမရှိသူ မရော်ဖီဇာ(ဘ)ဟာလီမူဘီသည် မဟန်နီထွန်း အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအား လည်းကောင်း ကိုင်ဆောင်၍ ခရီးသွားလာခဲ့ခြင်းဖြစ်ပြီး ဒေါ်ဝါဝါက မရော်ဖီဇာအား သက္ကယ်ပြင်စခန်းမှ ရန်ကုန်မြို့သို့ပို့ဆောင်ရန် အခကြေးငွေနှစ်သိန်းယူ၍ ခေါ်ယူလာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ✻ အိန္ဒိယမှ

အိန္ဒိယသို့ မတ်ပဲနှင့် ပဲတီစိမ်းတန်ချိန် တစ်သိန်းခွဲစီ၊ ပဲစင်းငုံတန်ချိန် နှစ်သိန်း တင်သွင်းခွင့်ပြုမည့်ဖြစ်စဉ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှသာမဟုတ်ဘဲ ပဲတင်သွင်းသည့် နိုင်ငံများမှ အပြိုင်တင်သွင်းကြရမည်ဟု သိရသည်။

မြန်မာပြည်တွင်းထွက်ပဲစင်းငုံ၏ အဓိကဝယ်လက်မှာ အိန္ဒိယဖြစ်ရာ အိန္ဒိယ၏ပဲစင်းငုံတင်သွင်းမှု ၃၀ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံမှဖြစ်သည်ဟုဆိုသော်လည်း မြန်မာနိုင်ငံ၏ ပဲစင်းငုံအထွက် ၅၀ ရာခိုင်နှုန်းကို အိန္ဒိယသို့ တင်ပို့နေရသည်ဟု သိရသည်။ မတ်ပဲနှင့် ပဲတီစိမ်းတို့မှာမူ အိန္ဒိယနိုင်ငံသာမက အခြားနိုင်ငံများသို့ပါ တင်ပို့နေသည်။ အိန္ဒိယ၏ မတ်ပဲတင်သွင်းမှု ၇၀ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံမှတင်သွင်းနေရာ မတ်ပဲသည် ပဲစင်းငုံထက် ပြည်ပသို့ တင်ပို့ရာတွင် ဈေးကွက်ပိုမိုရနေသည်ဟု သိရသည်။

ယခုအခါ ပဲစင်းငုံစိုက်ပျိုးချိန် ရောက်ရှိလာသော်လည်း လက်ရှိဈေးကွက်တွင်ရှိနေဆဲ ၂၀၁၇ နှစ်ဟောင်းထွက်နှင့် ၂၀၁၈ နှစ်သစ်ထွက်ရှိသော ပဲစင်းငုံပမာဏများသည် မတ်ပဲထက် ပြည်ပပို့ရန် ဈေးကွက်ရရှိနိုင်မှုနည်းနေရာ ၂၀၁၈ ခုနှစ်တွင် ပြန်လည်စိုက်ပျိုးမည့် ပဲစင်းငုံအသစ်များ ထပ်မံဈေးကွက်သို့ ရောက်ရှိလာပါက ပဲစင်းငုံပြည်တွင်းအရောင်းအဝယ်နှင့် ပြည်ပသို့တင်ပို့မည့် ဈေးကွက်တို့တွင် အခက်အခဲများစွာရှိလာနိုင်သည်ဟု ပဲဈေးကွက်မှ ကုန်သည်တစ်ဦးက ဆိုသည်။

သို့ဖြစ်ရာ ယခုမိုးရာသီ ပဲစင်းငုံစိုက်ပျိုးရာတွင် စီးပွားဖြစ် စိုက်ပျိုးခြင်းမပြုလုပ်ဘဲ စိုက်ပျိုးသူများအတွက် အဆင်ပြေမည့် အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးသင့်သည်ဟု တာဝန်ရှိသူများက စိုက်ပျိုးသူတောင်သူများထံ အကြံပြုထားသည်။

ပြည်တွင်းကုန်စည်ဈေးကွက်တွင် ထူးခြားသတင်းထွက်ပေါ်လာတိုင်း ကုန်စည်ဈေးနှုန်း ထူးခြားစွာ ပြောင်းလဲခြင်းများ ရှိတတ်သည်။ မတ်ပဲ RC ဈေးနှုန်းသည် မေ ၅ ရက်တွင် မေ ၄ ရက်ဈေးနှုန်းထက် တစ်တန် ငွေကျပ် ၇၂၀၀၀ ဈေးမြင့်တက်လာသော်လည်း မေ ၈ ရက်တွင် ငွေကျပ် ၄၂၇၀၀၀ နှုန်း၊ မေ ၁၁ ရက်တွင် ငွေကျပ် ၄၄၉၀၀၀ နှုန်းသာ ရှိသေးသည်ဟု ရန်ကုန်ပဲဈေးကွက်မှ သိရသည်။

ပဲစင်းငုံ အိန္ဒိယမှ ပြန်လည်ဝယ်မည့် သတင်းနှင့်အတူ ဇွန် ၁ ရက်မှစ၍ ပဲအားလုံးတင်ပို့ခွင့်ပြုမည့် အိန္ဒိယပြည်၏ ထုတ်ပြန်သတင်း မေ ၁၁ ရက်တွင် ထွက်ပေါ်လာပြီး မေ ၁၂ ရက်တွင် ငွေကျပ် ၄၉၇၀၀၀ နှုန်းသို့ မြင့်တက်လာသည့်အပြင် ကုန်သေတ္တာအလုံးရေ ၁၀၀ အရောင်းအဝယ် ဖြစ်ခဲ့သည်။

မည်သို့ပင်ရှိစေကာမူ အိန္ဒိယပြည်သို့ ပဲတင်သွင်းခွင့်ရလာသည့်သတင်း ထွက်ပေါ်လာခြင်းသည် ၂၀၁၇ ဩဂုတ်လလယ်မှ အစပြုခဲ့သော ပဲတင်သွင်းခြင်းတန်ချိန်ကန့်သတ်ခဲ့သည့် သက်တမ်း ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးပြီးနောက် ထပ်မံတင်သွင်းခွင့်ပြုသည့် အသိပေးချက် အိန္ဒိယမှထွက်ပေါ်ခြင်းဖြစ်၍ မြန်မာပြည်တွင်း ပဲဈေးကွက်အတွက် အဆင်ပြေမှုများ ရှိလာနိုင်သည်ဟု မျှော်လင့်ရသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း ပြည်တွင်းပဲ NGO အဖွဲ့မှ အသိပေးထားသော မတ်ပဲတစ်တန် အခြေခံသတ်မှတ်ဈေး ငွေကျပ်ငါးသိန်း၊ ပဲစင်းငုံတစ်တန် ငွေကျပ်လေးသိန်းအောက်သို့ များစွာကျဆင်းနေရာမှ ဈေးနှုန်းအတိုင်းအတာ တစ်ရပ်အနေဖြင့် ယခုရက်ပိုင်းတွင် အသင့်အတင့်ရှိလာသည်။

လက်ရှိအခြေအနေတွင် စိုက်ပျိုးသူများ လက်ဝယ်ပဲထားရှိမှုနည်းပြီး ပဲကုန်သည်များလက်ဝယ်သာ ရှိနေသည့်ကာလဖြစ်ရာ ပဲဈေးနှုန်းအပြောင်းအလဲသည် စိုက်ပျိုးသူများထက် ပဲလက်ဝယ်ရှိသူများအတွက် အကျိုးသက်ရောက်မည်ဖြစ်ရာ နေ့စဉ်ဖြစ်ပေါ်နေသော ပဲဈေးကွက် ဈေးနှုန်းများနှင့်အတူ ဖော်ပြထားသော အရောင်းအဝယ်ဖြစ်သည့် ကုန်သေတ္တာအရေအတွက်ပမာဏသည် ပဲဈေးကွက် အခြေအနေကို သိသာမြင်သာစွာ မြင်တွေ့ရသည်ဟု ပဲလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

**မောင်စေအောင်**

# အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ ပျဉ်းကတိုးစိုက်ခင်းအားကြည့်ရှု

**တနင်္သာရီ မေ ၁၃**

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေနှင့်ကော်မတီအဖွဲ့ဝင်များသည် မေ ၁၂ ရက် ညနေ ၅ နာရီခွဲက တနင်္သာရီမြို့နယ် တိုင်းဒေသကြီးအမှတ်-၂ ကိုယ်စားလှယ် ဦးရဲမြင့်ဆွေ လိုက်ပါလျက် တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု ချောင်းနောက်ပြန်ရွာအနီး မြိတ်-ကော့သောင်း ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၈၃/၄ ရှိ တောင်ဖရူးကြိုးဝိုင်းအတွင်း ပြည်ထောင်စုဝန်ကြီးရုံး၏ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ပြီး (၁၀)နှစ်စီမံကိန်းချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် မြိတ်ခရိုင် သစ်တောဦးစီးဌာနတို့မှ ကြီးကြပ်၍ တနင်္သာရီမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်စိုးနှင့် ဝန်ထမ်းများက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် တနင်္သာရီမြို့နယ်အတွင်း မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းဖြင့် စိုက်ပျိုးနေသည့် ပျဉ်းကတိုးစီးပွားရေးစိုက်ခင်းသို့ ရောက်ရှိခဲ့ကြသည်။

အဆိုပါဥက္ကဋ္ဌနှင့်အဖွဲ့အား မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်စိုးက စိုက်ခင်းအတွင်းရှိ ရှင်းလင်းဆောင်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးမည့် အစီအမံများအား Power Point ဖြင့် ရှင်းလင်းပြသရာ ဦးသိမ်းဆွေက စိုက်ခင်းအားကြည့်ရှု၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း**



❖ **ကျောဖုံးမှ**

ပြိုင်ဘက်များနှင့် ထိုးသတ်ခဲ့ဖူးသလို ၁၁ ပွဲနိုင်၊ သုံးပွဲရှုံးနိမ့်ထားသည်။ လီအန်ဒရိုသည် အောင်လအန်ဆန်အနိုင်ရဖူးသည့် မိုဟာမက်အလီ(အီဂျစ်)၊ ပတ်စတာနက်စ်(ပိုလန်)နှင့် ဗစ်တာလီဘစ်ဒက်ရှ်(ရုရှား)တို့ကို အနိုင်ထိုးသတ်ထားသည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်တွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်ကို အမှတ်ဖြင့် လည်းကောင်း၊ လိုက်ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံဆုကို ယခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ဘရာဇီးနိုင်ငံသား မာချာဒိုကိုလည်းကောင်း အနိုင်ယူကာ ရရှိခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ယခုနှစ်တွင် ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲနှစ်ပွဲစလုံး ထိုးသတ်ရမည်ဖြစ်ပြီး လိုက်ဟဲဗီးဝိတ်ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲကို စက်တင်ဘာလတွင် ထိုးသတ်ရမည်ဖြစ်သည်။ **သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

● **ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ**

ယင်းနောက်ပိုင်းတွင် မြဝတီအသင်း ချေပဂိုးရရန် ကြိုးပမ်းလာပြီး စစ်ကိုင်းခံစစ်ထိန်းချုပ်နေသော်လည်း ပွဲပြီးခါနီးတွင် ပင်နယ်တီပေးခဲ့ရသည်။ မြဝတီအတွက်ချေပဂိုးကို ရဲဝေယံစိုးက ပင်နယ်တီမှ သွင်းယူခဲ့သည်။ မိနစ် ၉၀ တွင် သရေကျနေ၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ရာ ဂိုးထပ်မသွင်းနိုင်၍ ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ စစ်ကိုင်းအသင်းက သုံးဂိုးဝင်ပြီး မြဝတီက သုံးဂိုးစလုံး လွဲချော်ခဲ့၍ စစ်ကိုင်းအသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် Mountain Lion အသင်းက မောရဝတီအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မိနစ် ၉၀ တွင် နှစ်ဂိုးစီ သရေကျနေ၍ အချိန်ပိုယှဉ်ပြိုင်ခဲ့ရပြီး Mountain Lion အသင်းက အနိုင်ဂိုးနှစ်ဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

ပထမအဆင့် ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး ဒုတိယအဆင့်အဖြစ် Southern နှင့် GFA၊ ရှိုင်ရယ်သန်လျှင်နှင့် ဧရာဝတီ၊ ဒဂုံနှင့်မကွေး၊ ရတနာပုံနှင့် စစ်ကိုင်း၊ ရခိုင်နှင့် Mountain Lion၊ ဟံသာဝတီနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



စစ်ကိုင်းအသင်းတိုက်စစ်မှူးဘမ်ဘာ မြဝတီဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တောင်ကြီး မေ ၁၃**

(၃၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများနှင့် သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားကျင်းပနိုင်ရေး ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၁ ရက် ညနေ ၃ နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ရှေ့ဦးစွာ ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနိုင်ဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က မူးယစ်ဆေးဝါးမီးရှို့ဖျက်ဆီးပွဲနှင့် စပ်လျဉ်း၍ ဆွေးနွေးရှင်းလင်းပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်ဇော်ခင်အောင်က ပြိုင်ပွဲများနှင့် အခမ်းအနားကျင်းပမည့် အစီအမံများကို ရှင်းလင်းတင်ပြဆွေးနွေးပြီး ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးတာဝန်ခံ ညွှန်ကြားရေးမှူးက ပြိုင်ပွဲများကျင်းပမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ကော်မတီအလိုက် ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြဆွေးနွေးရာ ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ (၃၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ဇွန် ၂ ရက်တွင် တောင်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌လည်းကောင်း၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၃ ရက်တွင် တောင်ကြီးမြို့ ကွန်ပျူတာတက္ကသိုလ်ကျောင်း၌လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများနှင့် ကွန်ပျူတာပန်းချီဝါသနာရှင်များ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အောင်လံမြို့နယ် မြို့မိကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်

**အောင်လံ မေ ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် မြို့မိကျေးရွာတွင် "ဘဝတက္ကသိုလ်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက် ၁၀ နာရီက စာကြည့်တိုက်တည်ရှိရာ ရွာဦးဘုန်းတော်ကြီးကျောင်းဝင်း အတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကို၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေ၊ မြို့နယ်ဦးစီးမှူး ဦးမျိုးသိန်းနှင့် ပြန်/ဆက်ဝန်ထမ်းများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသောင်းထိုက်၊ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်အေးအေးနိုင်၊ ရွှေပန်းတောနယ်မြေရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ဇော်မင်းလှိုင်၊ ကျေးလက်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်ဇော်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ကြိုင်၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရွာသူရွာသားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်/ဆက်ဦးစီးအရာရှိက စာကြည့်တိုက်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေး ပြောကြားကာ မြို့နယ်ပြန်/ဆက်ဦးစီးမှူးက စာအုပ်စာစောင်များကို လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူး ဦးဝင်းမောင်စိန်က လက်ခံရယူခဲ့သည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး တာဝန်ရှိသူများက စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မြို့နယ်တိုင်းရင်းဆေးကုဦးစီးဌာနမှ တိုင်းရင်းဆေးဖြင့် အခမဲ့ရောဂါ စမ်းသပ်ကုသခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

❍ **မြန်မာ ယူ-၁၆ မှ**

ပထမပိုင်းတွင် မြန်မာအသင်းသည် အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း ထိုင်းနောက်တန်းကစားပုံကောင်းသောကြောင့် ထိရောက်သည့်ဂိုးသွင်းခွင့်မရခဲ့ပေ။ ထိုင်းအသင်းမှာလည်း မြန်မာအသင်းဘက်သို့ တိုက်စစ်ဖွင့်ကစားခြင်းမရှိဘဲ မြန်မာအသင်းခံစစ်အမှားကိုစောင့်၍ တိုက်စစ်ဆင်ခဲ့သည်။ ထို့ကြောင့် ထိုင်းအသင်းသည် ပထမပိုင်းတွင် ဂိုးသွင်းခွင့်အနည်းငယ်ရခဲ့ပြီး ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းအစတွင် ထိုင်းအသင်းအနိုင်ဂိုးရခဲ့ပြီး ပြစ်ဒဏ်ဘောမှ ပြန်လျှံထွက်လာသောဘောလုံးကို ဂျန်နီစတာက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ကြိုးပမ်းလာသော်လည်း ထိုင်းခံစစ်က အမှားအယွင်းမရှိ ဖျက်ထုတ်နိုင်ခဲ့သည်။ ထိုင်းအသင်းသည် ဂိုးထပ်ရနိုင်သည့်အခွင့်အရေးများရခဲ့သော်လည်း မြန်မာဂိုးသမားကာကွယ်နိုင်ခဲ့၍ ဂိုးထပ်မပေးရခြင်းဖြစ်သည်။ ပွဲပြီးခါနီးတွင် ထိုင်းပင်နယ်တီဧရိယာစည်းထိပ်၌ မြန်မာအသင်း ပြစ်ဒဏ်ဘောကန်ခွင့်ရခဲ့ကာ မြတ်နိုးခင်ကန်သွင်းသော်လည်း ကန်ချက်ပျော့သွား၍ ထိုင်းဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ထိုင်းအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယ၊ ဗီယက်နမ်အသင်းက တတိယ ရခဲ့သည်။ **သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**

✻ **မြန်မာမှ**

ဒေါနအောင်(Phoenix)အား အမှတ်ဖြင့် အနိုင်ရရှိသည်။

"ရဲသွေးနီရဲ့ ဘယ်ဖြောင့်လက်သီးက ပင်ဖစ်ရဲ့ နဖူးကို ထိသွားပြီး ပြန်မထနိုင်တဲ့အတွက် ရဲသွေးနီ အနိုင်ရရှိတာပါ။ နောက်ထပ် စိုးထက်ဦးပွဲမှာလည်း စိုးထက်ဦးက ဆူနီအို(ထိုင်း)ကို ခေါင်းတိုက်ချက်နဲ့ အနိုင်ရရှိတာပါ။ ကျားပေါက်ကလည်း ကျောက်လျှမ်းလီ(တရုတ်)ကို ခေါင်းသုံးချက်ဆင့်တိုက်ပြီး အနိုင်ရရှိခဲ့တာပါ။ ဒီနေ့ ပွဲစဉ်တွေအကုန် ကြည့်ရတာအားရပါတယ်။ လက်ဝှေ့သမားတွေအကုန်လုံးက အကြိတ်အနယ် ထိုးသတ်တဲ့အတွက် ကြည့်ရတာတန်ပါတယ်" ဟု လက်ဝှေ့ဝါသနာရှင် ဦးကျင်သိန်းက သုံးသပ်ပြောကြားသည်။

မျိုးဆက်သစ် သုံးချီအထူးပွဲစဉ်တွင် ချစ်မိုးအောင်(ရွှေသထုံ)နှင့် မိုက်မိုက်(S.T.L)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး လေးချီအထူးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ထိုးသတ်သည့် ကျော်ဝင်းအောင်(အဖြူရောင်သွေးသစ်)နှင့် ထွန်းဘွား(ရွှေသထုံ)တို့ပွဲမှာလည်း သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

ယနေ့ ကျင်းပသည့် ကွာတားဖိုင်နယ်(၂)ပွဲစဉ်တွင် အနိုင်ရရှိခဲ့သည့် လက်ဝှေ့အကျော်အမော်များအနေဖြင့် ဇွန် ၃ ရက်တွင် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ဩဂုတ် ၈ ရက်တွင် နောက်ဆုံးဗိုလ်လုပွဲကြီးအား ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇာနည်မောင်၊ အေးမင်းသူ**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

# မြေပုံမြို့နယ်၌ အိမ်ခြေ ၉၄ လုံး မီးလောင်ဆုံးရှုံး

**မောင်တော မေ ၁၃**
ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကမ်းထောင့်ကြီးတိုက်နယ် ဝဘော်ကြီးကျေးရွာတွင် မေ ၁၂ ရက် ည ၁၁ နာရီခွဲက လူနေထိုင်ခြင်းမရှိသည့် နေအိမ်တစ်အိမ်၏ ဝါးအိမ်ထရံအား လူတစ်ဦးက မီးရှို့ရာမှ အိမ်ခြေ ၉၄ လုံး မီးလောင်ဆုံးရှုံးသွားကြောင်း၊ မီးလောင်ရာသို့ ရွာသားများနှင့် ကျေးရွာရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ဝိုင်းဝန်းငြိမ်းသတ်သဖြင့် မေ ၁၃ ရက် နံနက် ၁ နာရီခွဲတွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၅ နာရီတွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

အလားတူ မေ ၁၂ ရက် ညနေ ၃ နာရီခန့်တွင် ကျောက်ဖြူမြို့နယ် ပြင်ဖြူမော်ကျေးရွာတွင် ခင်ပွန်းဖြစ်သူက ဇနီးဖြစ်သူနှင့် စကားများရာမှ အဝတ်အစားများစုပုံ၍ မီးရှို့ရာ နေအိမ်မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**သတင်း - ဇင်ဦး၊ နိုင်လင်းကြည်**
**ဓာတ်ပုံ - ရခိုင်ပြည်နယ်မီးသတ်တပ်ဖွဲ့**



# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၃**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၁၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၉၆၄ စီး၊ သွင်းကုန် ၈၀၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၃ စီး၊ သွင်းကုန် အစီး ၁၆၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၄၇၅ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၅၇၇ သန်းခန့်) စုစုပေါင်း တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၀၅၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၂ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းများသို့ ရှောင်တခင်စစ်ဆေးခဲ့ရာ ပျဉ်းကတိုးကုန်းကျေးရွာအတွင်း တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ TOYOTA MARK II မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ သန်းခန့်) ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျောက်ဆည်မြို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကျောက်ဆည် မေ ၁၃**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် မေ ၁၂ ရက် မွန်းလွဲ ၁ နာရီခန့်က လူငယ်နှစ်ဦးထံမှ စိတ်ကြွမူးယစ်ဆေးပြား ၉၃၃ ပြား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ စားသောက်ဆိုင်တွင် စောင့်ဆိုင်းနေစဉ် ထွန်းလင်းဦး(၂၃)နှစ်၊ ဝင်းကျော်ဖြိုး(၂၀)နှစ်တို့ ရောက်ရှိလာသဖြင့် ရှာဖွေစစ်ဆေးရာ အဆိုပါလူငယ်နှစ်ဦးထံမှ ၈၈/၁ စာတန်းပါ ပန်းရောင်ဆေးပြား ၁၉၈ ပြားနှင့် အစိမ်းရောင်ဆေးပြား နှစ်ပြားပါ အထုပ်သုံးထုပ်၊ ပန်းရောင်ဆေးပြား ၁၉၁ ပြားနှင့် အစိမ်းရောင်ဆေးပြား နှစ်ပြားပါ အထုပ် တစ်ထုပ်၊ ပန်းရောင်ဆေးပြား ၁၉၆ ပြားနှင့် အစိမ်းရောင်နှစ်ပြားပါ အထုပ် တစ်ထုပ်နှင့် အလွတ်ပန်းရောင်ဆေးပြား နှစ်ပြား စုစုပေါင်းဆေးပြား ၉၉၃ ပြားနှင့် ဆိုင်ကယ်တစ်စီး၊ ငွေကျပ် ၄၅၀၀၊ ဆင်းကတ်ပါဖုန်းနှစ်လုံးနှင့် ထွန်းလင်းဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခုတို့ ရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့ပြီး ထွန်းလင်းဦးနှင့် ဝင်းကျော်ဖြိုးတို့နှစ်ဦးအား ကျောက်ဆည်မြို့မရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တစ်ပါးတည်းသီတင်းသုံးနေသည့် သံဃာတော်ထံမှ အနုကြမ်းစီးငွေလုကာ သတ်ခဲ့မှုဖြစ်ပွား

**ပဲခူး မေ ၁၃**
ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အမှတ် (၃) နယ်မြေရဲစခန်းအပိုင်တွင် သံဃာတော်ထံမှ အနုကြမ်းစီးငွေလုကာ သတ်ထားခဲ့မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁၃ ရက် နံနက် ၁ နာရီခွဲခန့်က ဥသျှောမြို့သစ် (၈)ရပ်ကွက် ရွှေမြင့်မိုရ်ဦးကျောင်းတွင် သီတင်းသုံးနေထိုင်သူ ဦးဝိစက္ခဏ သက်တော် (၆၀)နှစ်၏ လာရောက်တိုင်တန်းသတင်းပို့ချက်အရ မေ ၁၂ ရက် ည ၁၀ နာရီခွဲခန့်က ရွှေမြင့်မိုရ်ဦးကျောင်းတိုက်တွင် သီတင်းသုံးနေစဉ် တစ်ပါးတည်း သီတင်းသုံးနေထိုင်သော ဦးဝိမလ အသက်/ဝါတော် (စုံစမ်းဆဲ)၏ အော်သံကြားခဲ့ကြောင်း၊ ဝင်းထိုက်(ခ) ငထိုက်(စုံစမ်းဆဲ)နှင့် ပဲပြား(ခ) ဝင်းကျော်သူ (၁၆)နှစ် ဥသျှောမြို့သစ်နေသူတို့မှာ ကျောင်းတံခါးအားဖွင့်ကာ "ဘုန်းကြီးအထိုးမခံချင်ရင် ပိုက်ဆံပေး"ဟု ခြိမ်းခြောက်ပြောဆိုခဲ့ပြီး ခုတင်ခေါင်းရင်းရှိ လွယ်အိတ်အားယူ၍ ဝင်းထိုက်နှင့် ပဲပြားမှာ ငွေစက္ကူရောရာ ၈၀၀၀၀ ကျပ်ခန့်အား ဝင်လုပြီး ထွက်ပြေးသွားခဲ့သည်။ ထိုဖြစ်စဉ်အား ရာအိမ်မှူးမှတစ်ဆင့် နယ်မြေရဲစခန်းသို့ အကြောင်း ကြား၍ သွားရောက်စစ်ဆေးခဲ့ရာ ဦးဝိမလမှာ တစ်စောင်းအနေအထားဖြင့် ဖူးရောင်ပေါက်ပြဲဒဏ်ရာများရရှိကာ ပျံလွန်တော်မူနေကြောင်း တွေ့ရှိခဲ့သည်။

"ဖြစ်တာက မှန်ပါတယ်၊ အဲဒီကျောင်းက သုံးကျောင်းပါ၊ ခုဖြစ်ပွားတာက အလယ်ကကျောင်းက သံဃာအော်သံကြားလို့ အစွန်ကျောင်းက ကိုယ်တော်ကသွားကြည့်ပြီး အကြောင်းကြားလာလို့ ကျွန်တော်သွားစစ်တော့ အသက်မရှိတော့ဘူး၊ ပြစ်မှုကျူးလွန်သူနှစ်ဦးကိုတော့ ကျွန်တော်ခုလိုက်လံစုံစမ်းနေပါပြီ၊ အချက်အလက်တွေ၊ သက်သေတွေနဲ့ ပတ်ဝန်းကျင်ကို ညကတည်းကနေ ခုထိမေးမြန်းစုံစမ်းနေပါတယ်"ဟု အမှတ် (၃)ရဲစခန်းတာဝန်ရှိ ရဲအရာရှိတစ်ဦးက အတည်ပြုဖြေကြားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဝင်းထိုက်နှင့် ပဲပြားတို့အား အမှတ် (၃) နယ်မြေရဲစခန်းက ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ဖြိုးကိုလင်း**

# မိုးကြိုးပစ်ခံရ၍ အမျိုးသမီးတစ်ဦး သေဆုံး

**ပဲခူး မေ ၁၃**
ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျွဲဖြူချောင်းကျေးရွာအုပ်စု ကံကုန်းကျေးရွာတွင် မေ ၁၂ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်က ဒေါ်စန်းဝေ (၄၇)နှစ်သည် မိုးကြိုးပစ်ခံရပြီး သေဆုံးခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ရပ်သို့ ရစ်ကံလေးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်စန်းဝေသည် ဦးခေါင်းတည့်တည့် ညိုမည်းဒဏ်ရာ၊ ဝဲပါးမည်း၊ ဝဲဘက်ကိုယ်ခန္ဓာတစ်ခြမ်း ညိုမည်းဒဏ်ရာများဖြင့် သေဆုံးနေပြီး မိုးကြိုးပစ်ခံရ၍ သေဆုံးခဲ့ကြောင်း ပတ်ဝန်းကျင်မျက်မြင်သက်သေများ၏ ပြောပြချက်များအရသိရပြီး သေဆုံးသူအလောင်းအား ဆေးစစ်ချက်ရယူနိုင်ရန် သနပ်ပင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ ရစ်ကံလေးနယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ရှင်း**

# ၂၂ ဘီးယာဉ် အရှိန်လွန်တိမ်းမှောက်မှု ပဲခူးဘုရားလေးတွင် ဖြစ်ပွား

**ပဲခူး မေ ၁၃**
ပဲခူးမြို့နယ် ဘုရားလေးကျေးရွာအနီး၌ မေ ၁၂ ရက် ညနေ ၆ နာရီခန့်က ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ၂၂ ဘီးထွေလာကုန်တင်ယာဉ်သည် ရှေ့မှသွားနေသောယာဉ်ကို အရှိန်ဖြင့်ကျော်တက်ရာမှ တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘုရားကြီးနယ်မြေရဲစခန်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ သက်ကို (၂၁)နှစ် မာလာမြိုင်ရပ်ကွက် ပန်းတောင်းမြို့နယ်နေသူ မောင်းနှင်သည့် ၂၂ ဘီး ကုန်တင်ယာဉ်သည် အခင်းဖြစ်ပွားသည့် မိုင်တိုင် (၆၂/၃) နှင့် (၄)အကြား ရှေ့မှမောင်းနှင်သည့်ယာဉ်ကိုကျော်တက်စဉ် အရှိန်လွန် တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ပြီး ယာဉ်တိမ်းမှောက်စဉ် ကတ္တရာလမ်းဖြင့် ပွတ်တိုက်မှုကြောင့် ရှေ့ဦးခေါင်းပိုင်း မီးလောင်ကျွမ်းခဲ့ရာ ဘုရားကြီးမြို့ မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိငြိမ်းသတ်ခဲ့ရကြောင်းနှင့် ဘုရားကြီးနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## မြန်မာ့ရုပ်မြင်သံကြား

၁၄-၅-၂၀၁၈ (တနင်္လာနေ့)
(၁၃၈၀ ပြည့်နှစ်၊ ကဆုန်လကွယ်နေ့၊ ဥပုသ်နေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | MRTV Travelogue |
| ၈း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၁၀ | "ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဗန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးထံမှ နဝဂ်ဥပေါသထသီလ ခံယူဆောက်တည်ခြင်း" |
| ၉း၄၅ | ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ "World Heritage" (Poland Warsaw) |
| ၁၀း၃၀ | စိုက်ပျိုးရေးရာအဖြေရှာ "စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဝိုင်းဝန်းဆွေးနွေးပညာပေး" |
| ၁၁း၀၀ | လုံမမှတ်စု (အပိုင်း-၃၆) |
| ၁၁း၁၅ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၃း၃၀ | သုခုမရင်ခွင်အငြိမ့်သဘင် "ပန်တျာရင်သွေး" (မင်းသမီး-အိအိခိုင်၊ လူရွှင်တော်-စူးရှ၊ အားတီ၊ ဥဥ၊ ဖိုးခေါင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၁၄း၁၅ | Tasty Trip |
| **၁၅း၀၀** | **နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၁၈)** |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၅ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ၊ တတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း) |
| ၁၆း၄၅ | "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၅၀) |
| ၁၇း၀၅ | This Week's special Interest |
| ၁၇း၂၀ | "မေလအတွက် မိုးလေဝသ ခန့်မှန်းချက်" |
| ၁၇း၃၅ | Yes or No Talk Show |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "မြန်မာတရားလမ်း ဓမ္မသတ်ချုပ်ဆွေးနွေးခန်း"(၁) (ဦးဟန်ညွန့် (ဥပဒေ၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်) (ဒါရိုက်တာ-ဝေဠု (ဝသန်)) |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၇) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | ရာဇဝင်ထဲကသမိုင်းအနုပညာ "ယဉ်ကျေးမှု မြို့တော်မှ အဖိုးတန်ပြယုဂ်များ"(အပိုင်း-၄) (သင်္ဂဇာကျောင်းတိုက်) -နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့် ဓားဘုရင်" (မိုးနတ်မင်းရဲ့ဒေါသမာန်) (အပိုင်း-၇)(ဇာတ်သိမ်း) -မျက်မှောက်ရေးရာ သုံးသပ်စရာ နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"(အပိုင်း-၉) - အစီအစဉ်ပြီး၏။ |



# အာဆင်နယ်နည်းပြအဖြစ် ဆောင်ရွက်ရန် သဘောမတူမီ အပြောင်းအရွှေ့အတွက် ပေါင်သန်း ၂၀၀ အသုံးပြုခွင့်ပေးရန် အယ်လီဂရီ တောင်းဆို

ဂျူဗင်တပ်အသင်းနည်းပြ အယ်လီဂရီက အာဆင်နယ်နည်းပြအဖြစ် ကမ်းလှမ်းလာမှုကို အပြီးသတ်သဘောတူညီမှု မပြုရသေးမီ အပြောင်းအရွှေ့ဈေးကွက်တွင် ပေါင်သန်း ၂၀၀ အသုံးပြုခွင့်ပေးရန် တောင်းဆိုလိုက်ကြောင်း သိရသည်။ အာဆင်နယ်သည် အစောပိုင်းက ဘာစီလိုနာနည်းပြဟောင်း အင်းနရစ်ကို ဝင်းဂါးနေရာအစားထိုးရန် ကမ်းလှမ်းခဲ့သော်လည်း လစာကိစ္စအဆင်မပြေခြင်းကြောင့် စောစောစီးစီးပင် လက်ရှောင်ခဲ့ကာ ဂျူဗင်တပ်နည်းပြ အယ်လီဂရီကို အဓိက ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။

အယ်လီဂရီက အာဆင်နယ်အသင်း လျင်လျင်မြန်မြန်တိုးတက်လာစေရန် ကစားသမားသစ် ငါးဦးကို ခေါ်ယူပေးရန်ကိစ္စကို အာမခံချက်တစ်ခုအဖြစ် တောင်းဆိုခဲ့ပြီး ထို့အတွက်လည်း ပေါင်သန်း ၂၀၀ အသုံးပြုခွင့်ပေးရန် ဆန္ဒရှိနေခဲ့ခြင်းဖြစ်သည်။ အယ်လီဂရီအနေဖြင့် အာဆင်နယ်ကို လက်ရှိ ဂျူဗင်တပ်လိုပင် ဥရောပအဆင့်မှာပင် လေးစားခံရသည့်အသင်းအဖြစ် ပုံဖော်သွားရန် ရည်မှန်းနေသော်လည်း ပထမဦးဆုံးအနေဖြင့် ပရီမီယာလိဂ်ဖလားကို အရင်ပစ်မှတ်ထားမည်ဖြစ်ကြောင်း အယ်လီဂရီနှင့် နီးစပ်သူများ၏ ပြောစကားကိုကိုးကားပြီး The Sun သတင်းဌာနက ဖော်ပြသည်။

အယ်လီဂရီက အာဆင်နယ်တွင် အရည်အသွေးရှိ ကစားသမားအများအပြားရှိနေသော်လည်း စည်းကမ်းတင်းကျပ်မှုပိုင်း အားနည်းခြင်းက အသင်း၏ရလဒ်ကို ဆိုးရွားစေသည့် အချက်ဖြစ်သည်ကိုလည်း သိရှိထားကြောင်း အဆိုပါ သတင်းရင်းမြစ်ကပင် ဆက်လက်ဖော်ပြသည်။

**မေလှဲ့သင်း**

# ချယ်လ်ဆီးအနာဂတ်ကို ဆုံးဖြတ်ရန်မှာ မိမိအပေါ်မှာမူတည်ပြီး အသင်းပိုင်ရှင် အေဗရာအပေါ် မမှီတည်ဟု ကွန်တီဆို

ကွန်တီက လာမယ့်ရာသီ ချယ်လ်ဆီးတွင် မိမိ ဆက်ရှိ မရှိဆိုတာက သူ၏ဆုံးဖြတ်ချက်အပေါ်တွင်သာ မူတည်ပြီး အသင်းပိုင်ရှင် အေဗရာမိုဗစ်ပေါ်တွင် မမှီတည်ဘူးလို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ကွန်တီက "ဆုံးဖြတ်တာက ကျွန်တော့်ကိစ္စပါ၊ ကျွန်တော် မိသားစုနဲ့ စကားပြောကြည့်တယ်၊ ဒါပေမယ့် အတွေးအခေါ် ဆုံးဖြတ်ချက်တွေကတော့ ပြောင်းမသွားပါဘူး၊ ကျွန်တော်က တစ်ခုခုကို လုပ်ဖို့ ဆုံးဖြတ်ရင် ဖြစ်အောင်လုပ်တာပဲ"လို့ ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးနည်းပြ ကွန်တီရဲ့ အနာဂတ်ဟာ ပရီမီယာလိဂ်နည်းပြတွေထဲမှာ အလှုပ်ခတ်ဆုံးဖြစ်နေပြီး အာဆင်နယ်နည်းပြ ဝင်းဂါးပြီးရင် လန်ဒန်မြေကို ကျောခိုင်းနိုင်မယ့် နောက်ထပ်နည်းပြတစ်ဦးအဖြစ် နာမည်ထွက်နေပါတယ်။ ဒီနှစ်မှာ ထူးခြားတာက လန်ဒန်အခြေစိုက် ကလပ်အသင်းတွေမှ နည်းပြတွေရဲ့ အပြောင်းအလဲသတင်းတွေက တောက်လျှောက် လျှံတက်နေပြီး ဝက်စ်ဟမ်းနည်းပြ မိုယက်စ်နေရာ ပီအက်စ်ဂျီနည်းပြ အမ်မရီ၊ အာဆင်နယ်နည်းပြ ဝင်းဂါးနေရာ ဂျူဗင်တပ်နည်းပြ အယ်လီဂရီ၊ စပါးနည်းပြ ပိုချက်တီနိုကိုတော့ ရီးယဲလ်၊ ချယ်လ်ဆီးတို့က ခေါ်ယူဖို့ ကြိုးစားနေသလို နည်းပြ ကွန်တီကိုလည်း ဂျူဗင်တပ်၊ နာပိုလီတို့က ချဉ်းကပ်နေတယ်လို့ သိရပါတယ်။

**မေလှဲ့သင်း**



# ဂျူဗင်တပ်အသင်းမှာ မိုရက်တာကို တစ်ကျော့ပြန် မြင်တွေ့ရမလား

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် ကွင်းလယ်ကစားသမားဟောင်း တစ်ဦးဖြစ်သည့် မိုရက်တာအား အီတလီမြေသို့ ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေပြီး လက်ရှိတွင် မိုရက်တာမှာ ချယ်လ်ဆီးအသင်းတွင် ကစားလျက်ရှိသည်။

ချယ်လ်ဆီးအသင်းအနေဖြင့် ကွင်းလယ်ကစားသမား မိုရက်တာအား အငှားစာချုပ်ဖြင့် အသင်းမှ ထွက်ခွာခွင့်ပြုမည်ဆိုသည့်သတင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် ဂျူဗင်တပ်အသင်းက စိတ်ဝင်စားကြောင်း ပြောကြားလာခြင်းဖြစ်သည်။

လက်ရှိထွက်ပေါ်လျက်ရှိသော သတင်းများအရ ချယ်လ်ဆီးအသင်းသည် မိုရက်တာအား ပေါင် ၁၅ သန်းဖြင့် အငှားစာချုပ်ချုပ်ဆိုကာ အသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ်သည့်အပြင် မိုရက်တာကို အပိုင်ခေါ်ယူမည်ဆိုပါက နောက်ထပ် ပေါင် သန်း ၄၀ ပေးရမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

ချယ်လ်ဆီးအသင်းသည် ကွင်းလယ်ကစားသမား မိုရက်တာအား ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ရီးယဲလ်မက်ဒရစ်အသင်းမှ ပြောင်းရွှေ့ကြေး ယူရို ၆၆ သန်းဖြင့် ခေါ်ယူထားခဲ့ခြင်းဖြစ်ပြီး ချယ်လ်ဆီးအသင်းနှင့်အတူ ၄၆ ပွဲ ပါဝင်ကစားပေးခဲ့ကာ ၁၅ ဂိုးသွင်းယူထားနိုင်ခဲ့ပြီး ခြောက်ဂိုး ဖန်တီးပေးနိုင်ခဲ့သော်လည်း ပုံမှန်ခြေစွမ်းပြန်လည်ရရှိရန် ရုန်းကန်နေရသူဖြစ်သည်။

ကွင်းလယ်ကစားသမား မိုရက်တာသည် ရီးယဲလ်မက်ဒရစ်အသင်း၏ အားကစားအကယ်ဒမီမှ ပေါက်ဖွားလာခဲ့သူဖြစ်သော်လည်း ဂျူဗင်တပ်အသင်း၏ ကစားကွက်နှင့်သာ အံဝင်သည့်ကစားသမားဖြစ်သည်။ ယင်းသို့ ပြောရခြင်းမှာ ကွင်းလယ်ကစားသမား မိုရက်တာသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နှစ်နှစ်တာကာလအတွင်း ၉၃ ပွဲ ပါဝင်ကစားပေးခဲ့ရာတွင် ၂၇ ဂိုး အထိသွင်းယူနိုင်ခဲ့ပြီး ၁၉ ဂိုးအထိ ဖန်တီးပေးထားနိုင်ခဲ့သူ ဖြစ်သည်။

ယင်းမှာ ကွင်းလယ်ကစားသမား မိုရက်တာအတွက် ပုံမှန်ခြေစွမ်းပြန်ရရန် ဂျူဗင်တပ်အသင်းသို့ ပြန်သွားလိုသည့်အကြောင်းပြချက်တစ်ခုဖြစ်ပြီး နောက်ထပ်အကြောင်းပြချက်တစ်ခုမှာ မိုရက်တာ၏ ဇနီးဖြစ်သူမှာ အီတလီတွင်ရှိနေခြင်းကြောင့် ဖြစ်သည်။

ထို့ပြင် ဂျူဗင်တပ်အသင်းကလည်း ယခင်ကတည်းက ကွင်းလယ်ကစားသမား မိုရက်တာအား အသင်းတွင် ဆက်ထိန်းထားရန် ဆန္ဒရှိခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းနှင့် ချုပ်ဆိုထားသောစာချုပ်အရ မိုရက်တာ၏ အပြောင်းအရွှေ့ကို ပေါင်သန်း ၃၀ သတ်မှတ်ထားကာ ပြန်လည်ဝယ်ယူခွင့်ကိုပါ စာချုပ်ချုပ်ဆိုထားခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက မိုရက်တာကို ပြန်လည်ခေါ်ယူကာ ချယ်လ်ဆီးအသင်းသို့ တစ်ကျော့ပြန်ရောင်းချခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဂျူဗင်တပ်အသင်းက ပြန်လည်ခေါ်ယူဖို့ စီစဉ်လျက်ရှိပြီး ချယ်လ်ဆီးအသင်းက ခွင့်ပြုမည်ဆိုပါက ကွင်းလယ်ကစားသမား မိုရက်တာမှာ ဂျူဗင်တပ်အသင်းသို့ ပြန်လည်ရောက်ရှိရန် ရာခိုင်နှုန်းများနေပြီး ဂျူဗင်တပ်အသင်းမှာ တစ်ကျော့ပြန် မြင်တွေ့ရမလားဆိုတာ စိတ်ဝင်စားစရာကောင်းနေခဲ့သည်။

**ငွေကြယ်**



## ဘောလုံးလောကသတင်းတိုများ

### ချယ်လ်ဆီးအသင်းက အဆန်စီယိုကို အလိုရှိနေ

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းမှ မာကို အဆန်စီယိုအား စာချုပ်ချုပ်ဆိုခေါ်ယူရန် စီစဉ်လျက်ရှိနေပြီး အဆန်စီယိုကို ရရှိမည်ဆိုပါက ကွင်းလယ်ကစားသမား ကန်တီကိုပင် အလိုက်ပေးပြီး ခေါ်ယူမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ယင်းမှာ စပိန်ကွင်းလယ်ကစားသမား အဆန်စီယိုသည် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်၏ နွေရာသီဈေးကွက်အတွက် အဓိကပစ်မှတ်ဖြစ်နေခြင်းကြောင့်ဖြစ်ပြီး အဆန်စီယိုကိုရရှိရန်အတွက် အသင်း၏ ကြယ်ပွင့်ကစားသမားတစ်ဦးကိုပင် ထပ်ဆောင်းပေးလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းကမူ ချယ်လ်ဆီး ကွင်းလယ်ကစားသမား ဟာဇက်နှင့် ပီအက်စ်ဂျီ တိုက်စစ်မှူး နေမာတို့ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ချယ်လ်ဆီးအသင်းအနေဖြင့် အဆန်စီယိုအတွက် ဟာဇက်ကို အလဲအလှယ်လုပ်မည်မဟုတ်ဘဲ ကန်တီကိုသာ အလိုက်ပေးမည်ဖြစ်ကြောင်း ပြောကြားထားသည်။

### အနာဂတ်အတွက် အသင်းနှင့်ဆွေးနွေးရန် ဂရစ်ဇ်မန်း လိုအပ်နေ

တိုက်စစ်မှူး ဂရစ်ဇ်မန်း၏ အနာဂတ်အတွက် လက်ရှိကလပ် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်ရန် လိုအပ်လျက်ရှိနေခြင်းကြောင့် လက်ရှိတွင် ၎င်း၏အေးဂျင့်ဖြစ်သူက အသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် စပိန်လာလီဂါ ပြိုင်ဘက် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားမည်ဆိုသည့်သတင်းများ ထွက်ပေါ်လာခဲ့သော်လည်း လက်ရှိကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းတွင်သာ ဆက်ကစားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

### အာဆင်နယ်တောင်ပံကစားသမား လူးကတ်ပီရက်ဇ်အား လာဇီယို မျက်စိကျနေ

လာဇီယိုအသင်းသည် တောင်ပံကစားသမား နာနီနေရာတွင် အစားထိုးရန်အတွက် အာဆင်နယ်အသင်းမှ လူးကတ်ပီရက်ဇ်အား လာမည့်အပြောင်းအရွှေ့ကာလတွင် စာချုပ်ချုပ်ဆိုခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

နာနီသည် စီးရီးအေကလပ် လာဇီယိုအသင်းသို့ အငှားစာချုပ်ဖြင့် ရောက်ရှိလာခဲ့စဉ်ကတည်းက ကန့်သတ်ထားသည့် တောင်ပံတစ်ခုတည်းတွင်သာ ကစားခဲ့ရသူဖြစ်ပြီး လာမည့်ဘောလုံးရာသီတွင် ဗလန်စီယာအသင်းသို့ ပြန်သွားမည်ဖြစ်သည်။

ထို့ကြောင့် လာဇီယိုအသင်းမှာ တောင်ပံကစားသမားတစ်ဦးကို ခေါ်ယူရန် လိုအပ်လာမည်ဖြစ်သောကြောင့် အာဆင်နယ်ကစားသမား လူးကပ်ပီရက်ဇ်အား ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

### အီတလီနည်းပြအဖြစ် မန်စီနီ တာဝန်ယူကိုင်တွယ်မည်

ရောဘတ်တိုမန်စီနီသည် အီတလီနိုင်ငံ လက်ရွေးစင်အသင်းကို တာဝန်ယူကိုင်တွယ်ရန်အတွက် လက်ရှိ ရုရှားကလပ် ဇင်းနစ်အသင်းမှ ထွက်ခွာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

နည်းပြမန်စီနီသည် ဇင်းနစ်အသင်းနှင့် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသေးသော်လည်း အီတလီနည်းပြအဖြစ် တာဝန်ယူရန် ဇင်းနစ်အသင်းမှ ထွက်ခွာကြောင်းကို မေ ၁၄ ရက်တွင် အတိအလင်း ကြေညာသွားရန် မျှော်လင့်ထားကြောင်း သိရသည်။ မန်စီနီသည် ဇင်းနစ်အသင်းကို မကိုင်တွယ်မီက အင်တာမီလန်အသင်းနှင့် မန်စီးတီးအသင်းတို့ကိုလည်း ကိုင်တွယ်ခဲ့သူဖြစ်သည်။

**ငွေကြယ်**

# တံတားကြီးများ ဥပဒေကြမ်း

**ပြည်သူများ သိရှိအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**
**အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(စ) တံတားကြီးအင်္ဂါရပ်များကို အဆင့်မြှင့်တင် တည်ဆောက်ရာတွင်လည်းကောင်း၊ တိုးချဲ့ တည်ဆောက်ရာတွင်လည်းကောင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် ဖျက်သိမ်းခြင်းဆောင်ရွက်ရာတွင်လည်းကောင်း၊ တံတားကြီးပေါ်၌ ဖြတ်သန်းသွားလာမှုကို လိုအပ်ပါက ယာယီအစီအစဉ်အရပိတ်ခြင်း၊ အချိန်ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့် တံတားခေတ္တ ပိတ်ထားစဉ်တွင် သွားလာရန် လမ်းလွှဲပြုလုပ်ပေးခြင်းနှင့် လမ်းလွှဲတံတား ဖောက်လုပ်ခြင်း၊

(ဆ) တံတားကြီး ပျက်စီးခြင်းမှကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များ ထုတ်ပြန်ခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူစေရန် ဆောင်ရွက်ခြင်း၊ တံတားကြီး အင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်မှု ရှိ၊ မရှိ စိစစ်ကြီးကြပ်ခြင်း၊

(ဇ) တံတားကြီးပေါ်တွင် အများဆုံးမောင်းနှင်ခွင့်ပြုမည့် တံတားခံနိုင်ဝန်နှင့် အများဆုံး ခွင့်ပြုနိုင်သည့်မော်တော်ယာဉ်၊ စက်ယန္တရားနှင့် ရထားများ၏အတိုင်းအတာကို သတ်မှတ် ကြေညာခြင်း၊

(ဈ) တံတားကြီးပေါ်တွင် မော်တော်ယာဉ်၊ ရထားနှင့် အခြားယာဉ်များ မောင်းနှင်ရမည့် အမြန်နှုန်းနှင့် လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ည) တံတားကြီးပေါ်၌ မော်တော်ယာဉ်၊ ရထားနှင့် အခြားယာဉ်များ မတော်တဆမှုများ လျော့နည်းစေရေး၊ မလိုလားအပ်သော ဒုစရိုက်မှုများ၊ အညစ်အကြေးနှင့် အမှိုက်စွန့်မှုများ၊ တံတားအစိတ်အပိုင်းများ မဖျက်ဆီးနိုင်ရေးအတွက် အစိုးရဌာနများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ အများပြည်သူဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ သတိပေးခြင်း၊ သတင်းထုတ်ပြန် အသိပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း။

## အခန်း(၅)
## စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များ

၇။ တံတားကြီးများကို အသုံးပြုသူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် -

(က) တံတားကြီးပေါ်တွင် သတ်မှတ်ထားသော လမ်းညွှန်ဆိုင်းဘုတ်များအတိုင်း ဝင်ခြင်း၊ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းသွားလာခြင်း၊

(ခ) တံတားကြီးပေါ်တွင် သတ်မှတ်ချက်များနှင့်ကိုက်ညီသော မော်တော်ယာဉ်နှင့် စက်ယန္တရားအမျိုးအစားများသာ မောင်းနှင်ခြင်း၊ လူများသည် လူသွားစင်္ကြံလမ်းအတိုင်းသာ အသုံးပြုခြင်း၊

(ဂ) တံတားကြီးအောက်ရှိ ရေလမ်းကြောင်းများတွင် ဖြတ်သန်းသွားလာသော ရေယာဉ်များသည် သတ်မှတ်ရေလမ်းကြောင်းများမှ သတ်မှတ်ချက်များအတိုင်း သွားလာခြင်း၊

(ဃ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားသည့် တံတားကြီးများ အသုံးပြုခြင်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာခြင်း။

၈။ တံတားကြီးများကို အသုံးပြုသော မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထားနှင့် အနေးယာဉ်များသည် -

(က) ဦးစီးဌာနက ခွင့်ပြုသည့် ဝန်အလေးချိန်၊ အတိုင်းအတာ၊ သတ်မှတ်အမြန်နှုန်းနှင့် သတ်မှတ်အကွာအဝေးအတိုင်း မောင်းနှင်ရမည်။

(ခ) လိုအပ်သည့်နေရာများ၊ တံတားအကွေ့နေရာများတွင် သတိပေးညွှန်ပြထားသည့် အတိုင်းသာ မောင်းနှင်ရမည်။

(ဂ) ရာသီဥတု ဆိုးရွား၍ဖြစ်စေ၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ မြင်ကွင်းမကောင်းသည့်အခါများတွင် ဘေးအန္တရာယ်ကင်းရှင်းနိုင်သည့် အမြန်နှုန်းထက်ပိုမမောင်းရ။

(ဃ) တံတားကြီးပေါ်တွင် တာဝန်မှအပ မည်သည့်အကြောင်းကြောင့်မှ ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း မပြုရ။ စက်ချို့ယွင်း၍ရပ်နားရလျှင် အမြန်ဆုံးဖယ်ရှားပေးရမည်။

(င) သတ်မှတ်ချက်ထက် ကျော်လွန်မှုများရှိပါက အကျိုးအကြောင်းခိုင်လုံစွာဖြင့် ဝန်ကြီးဌာနထံ ကြိုတင်တင်ပြ၍ ခွင့်ပြုချက်ရရှိနိုင်ရေး ဆောင်ရွက်ရမည်။

## အခန်း(၆)
## တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းများ

၉။ ဦးစီးဌာနသည် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် တံတားကြီးနယ်နိမိတ်အတွင်းတွင် -

(က) တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းကို တည်ဆောက်ခြင်း၊ တည်ဆောက်စေခြင်း ပြုနိုင်သည်။

(ခ) တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်းများတွင် သိုလှောင်ရုံ၊ အလုပ်ရုံ၊ အုပ်ချုပ်ထောက်ပံ့မှုနှင့် လုံခြုံရေးအတွက် လိုအပ်သည့် အဆောက်အအုံကို တည်ဆောက်ခြင်း၊ တည်ဆောက်ခွင့်ပြုခြင်း၊ ယင်းကိုစီမံခန့်ခွဲခြင်း၊ လိုက်နာရမည့် အချက်များ သတ်မှတ်ခြင်းပြုနိုင်သည်။

(ဂ) ဦးစီးဌာန၏ ဝန်ထမ်းများ နေထိုင်ရန် အိမ်ရာ၊ အထောက်အကူပြု အဆောက်အအုံ ဆောက်လုပ်နိုင်သည်။

## အခန်း(၇)
## တားမြစ်ချက်များ

၁၀။ မည်သည့်မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထား သို့မဟုတ် အနေးယာဉ်မျှ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းစသည့် လုပ်ငန်းဆောင်ရွက်နေသော တံတားကြီးများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ရပ်နားခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း မပြုရ။

၁၁။ မည်သူမျှအောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ -

(က) တံတားကြီးအင်္ဂါရပ်ကို ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ တံတားရေရှည်တည်တံ့ခိုင်မြဲမှုကို ထိခိုက်စေမည့် အပြုအမူများ ပြုလုပ်ခြင်း၊

(ခ) တံတားကြီးအင်္ဂါရပ်ကို ဖယ်ရှားခြင်း သို့မဟုတ် မော်တော်ယာဉ်နှင့် လူများသွားလာမှုကို အဟန့်အတားဖြစ်စေခြင်း၊

(ဂ) တံတားကြီးနယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက် စိုက်ပျိုးခြင်း၊ နေထိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(ဃ) တံတားကြီးနယ်နိမိတ်အတွင်း ရေယာဉ်ဆိုက်ကပ်ခြင်း၊ ကုန်ပစ္စည်းနှင့် လူအတင်အချ ပြုလုပ်ခြင်း၊ အခြားနည်း အသုံးပြုခြင်း၊

(င) တံတားကြီးကို အသုံးပြုသွားလာနေသည့် မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထားနှင့် အနေးယာဉ် စီးနင်းလိုက်ပါသူများကို အန္တရာယ်ဖြစ်စေရန် ဆောင်ရွက်ခြင်း၊

(စ) တံတားကြီး၏လူသွားစင်္ကြံကို အသုံးပြုသူများအား နှောင့်ယှက်တားဆီးခြင်း၊ အန္တရာယ်ဖြစ်စေရန် ဆောင်ရွက်ခြင်း၊

(ဆ) တံတားကြီးပေါ်တွင် အညစ်အကြေးစွန့်ခြင်း၊ အမှိုက်စွန့်ပစ်ခြင်း၊ တစ်ဦးချင်းသော် လည်းကောင်း၊ အုပ်စုဖွဲ့၍သော်လည်းကောင်း စားသောက်နေထိုင်ခြင်း၊ သောက်စား မူးယစ် ရမ်းကားခြင်း၊

(ဇ) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ဈ) တံတားကြီးပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုကြောင်း သတ်မှတ်ထားသည့် မော်တော်ယာဉ်၊ ရထား၊ စက်ယန္တရား၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါယာဉ်၊ သတ်မှတ်ခွင့်ပြုထားသည့် တံတားခံနိုင်ဝန်ထက် ပိုမိုသောယာဉ်များ မောင်းနှင်ခြင်း၊

(ည) တံတားကြီးပေါ်တွင် မော်တော်ယာဉ်၊ စက်ယန္တရား၊ ရထားနှင့် အနေးယာဉ်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေခြင်း၊ ဈေးရောင်းခြင်း၊

(ဋ) တံတားကြီးနယ်နိမိတ်အတွင်း ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း၊ လက်ကမ်းကြော်ငြာများ ကပ်ခြင်း၊

(ဌ) တံတားကြီးအစိတ်အပိုင်းများအပေါ်တွင် ပန်းချီရေးဆွဲခြင်း၊ စာရေးသားခြင်း သို့မဟုတ် ညစ်ပေစေခြင်း၊

(ဍ) တံတားကြီးနယ်နိမိတ်အတွင်း၌ ဓာတ်ငွေ့ သို့မဟုတ် စက်သုံးဆီ အရောင်းဆိုင် ဖွင့်လှစ် ရောင်းချခြင်း။

၁၂။ မည်သူမျှဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို မပြုလုပ်ရ -

(က) တံတားကြီးပေါ်ဖြတ်သန်း၍ ရေနံနှင့် ဓာတ်ငွေ့ပိုက်၊ ရေပိုက်၊ လျှပ်စစ်မီးကြိုး၊ ဆက်သွယ်ရေးဆိုင်ရာ ကြိုးလိုင်း တစ်စုံတစ်ရာ ဆောက်လုပ်ခြင်း၊

(ခ) တံတားကြီးနယ်နိမိတ်အတွင်း အဆောက်အအုံ၊ တာဝါတိုင်၊ မြေအောက်ပိုက်လိုင်း၊ ဆက်သွယ်ရေးဆိုင်ရာ ကြိုးလိုင်းများ ဆောက်လုပ်ခြင်း၊

(ဂ) တံတားကြီး၏ ရေစုန်ဘက်နှင့် ရေဆန်ဘက်တွင် သတ်မှတ်ထားသော အကွာအဝေးအတွင်း တံတား၏ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သော သဲ၊ ကျောက်စရစ် တူးဖော်ခြင်း၊ ရေယာဉ် ဆိပ်ကမ်းအဖြစ် အသုံးပြုခြင်း၊ ဘေးဖြစ်စေတတ်သော စက်သုံးဆီ၊ ဓာတုဗေဒပစ္စည်းများ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း။

## အခန်း(၈)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၃။ မည်သူမဆို ပုဒ်မ ၁၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံးကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၄။ မည်သူမဆို-

(က) ပုဒ်မ ၁၁(က)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

(ခ) ပုဒ်မ၁၁(ခ)မှ(ဆ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုသုံးနှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်သိန်းနှစ်ဆယ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

(ဂ) ပုဒ်မ၁၁(ဇ)မှ(ဍ)အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

၁၅။ မည်သူမဆို ပုဒ်မ ၁၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

၁၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့် သို့မဟုတ် ညွှန်ကြားချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင် ထိုပြစ်မှုအတွက် သီးခြားပြစ်ဒဏ်ပြဋ္ဌာန်းထားခြင်း မရှိပါက ထိုသူကိုသုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သုံးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်။

## အခန်း(၉)
## အထွေထွေ

၁၇။ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်နှင့် အရေးပေါ်ကိစ္စရပ်များအတွက် အသုံးပြုသည့်ယာဉ်သည် တံတားပေါ်တွင် အန္တရာယ်မဖြစ်နိုင်သည့် အမြန်နှုန်းဖြင့် မောင်းနှင်ရမည်။

၁၈။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်း တစ်ခုခုသည် မိမိဌာန၊ အဖွဲ့အစည်း၏လုပ်ငန်းလိုအပ်ချက်အရ တံတားကြီးကို ဖြတ်သန်း၍ တံတားပေါ်တွင် ရေနံနှင့် ဓာတ်ငွေ့ပိုက်၊ ရေပိုက်၊ လျှပ်စစ်မီးကြိုး၊ ဆက်သွယ်ရေးဆိုင်ရာကြိုးလိုင်း တစ်စုံတစ်ရာဆောက်လုပ်ခြင်း ပြုလုပ်လိုပါက ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်း၍ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

၁၉။ ဤဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မ ၁၇ နှင့် ပုဒ်မ ၁၈ ပါ ပြစ်မှုများကို ရဲအရေးပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၀။ ဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့သည် ဤဥပဒေပါ ပြစ်မှုများ မဖြစ်ပွားရေးအတွက် အသိပညာပေးရေး၊ တားဆီးကာကွယ်ရေး၊ စောင့်ကြည့်လေ့လာရေးနှင့် ပြစ်မှုများ ဖြစ်ပွားပါက ဥပဒေနှင့်အညီ အရေးယူရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်။

၂၁။ ဤဥပဒေအရ တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် ဖျက်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အလို့ငှာ တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကို တံတားကြီးဆိုင်ရာ လုပ်ငန်းတာဝန်များ ထမ်းဆောင်နေသည့် အချိန်တွင် ပြည်သူ့ဝန်ထမ်းဟု မှတ်ယူရမည်။

၂၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

# မန္တလေးတိုင်းဒေသကြီးအတွင်း ဝန်ထမ်းအိမ်ရာ တိုက်ခန်းပေါင်း ၅၃၀ တည်ဆောက်ရန်လျာထား

**မန္တလေး မေ ၁၃**
မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းအိမ်ရာ တိုက်ခန်းပေါင်း ၅၃၀ တည်ဆောက်ပေးရန် လျာထားကြောင်း အဆိုပါဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောကြားသည်။

အဆိုပါတိုက်ခန်းများကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေး၊ မတ္တရာ၊ မိုးကုတ်၊ စဉ့်ကူး၊ တံတားဦး၊ မြစ်သား၊ စဉ့်ကိုင်၊ သာစည်၊ မလှိုင်၊ ဝမ်းတွင်း၊ မြင်းခြံ၊ ငါန်းဇွန်နှင့် ပျော်ဘွယ်စသည့်မြို့များတွင် ငွေကျပ် ၈ ဒသမ ၈ ဘီလီယံသုံးစွဲ၍ တိုက်ခန်းများ တည်ဆောက်ပေးသွားရန် လျာထားပြီး ယင်းတိုက်ခန်းများမှာ တစ်ခန်းလျှင် စတုရန်းပေ ၆၅၀ ကျယ်ဝန်းမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ် ၂၈ မြို့နယ်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နှစ်တိုဘတ်ဂျက်အထိ ဝန်ထမ်းအိမ်ရာက ၃၀၃၀ ပဲ တည်ဆောက်ပေးနိုင်သေးတယ်၊ တစ်တိုင်းလုံးမှာ ဝန်ထမ်းက ၅၆၁၆၂ ဦးရှိတာကြောင့် အချိုးကျတွက်ကြည့်မယ်ဆိုရင် ၅ ဒသမ ၃၉ ရာခိုင်နှုန်းပဲရှိတယ်၊ ဒါကြောင့် ပိုမိုတည်ဆောက်ပေးနိုင်ဖို့ ယခုဘဏ္ဍာနှစ်မှာ ဘတ်ဂျက်လျာထားပြီး ဆောင်ရွက်ပေးတာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် လက်ရှိတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအစိုးရဘတ်ဂျက်နှင့် တိုင်းဒေသကြီး အစိုးရဘတ်ဂျက် စုစုပေါင်း ငွေကျပ် ၁၀ ဘီလီယံသုံးစွဲ၍ အောင်မြင်မန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအနီးရှိ မြေဧက ၃၃ ဒသမ ၂၂ ဧကပေါ်တွင် တိုက်ခန်းပေါင်း ၅၀၀ တည်ဆောက်ပေးလျက်ရှိပြီး အဆိုပါတိုက်ခန်းများမှာ လက်ရှိအချိန်၌ ပြီးစီးလုနီးပါးရှိပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအိမ်ရာ တိုက်ခန်း ၂၄၈ ခန်းကို တည်ဆောက်ပေးသွားမည့်အပြင် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မဲကင်းကုန်း၊ ဘိုတပ်ကုန်းနှင့် သမ္မတောတို့တွင်လည်း တန်ဖိုးမျှတအရောင်းအိမ်ရာများကို တည်ဆောက်ပေးရန် လျာထားပြီးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အောင်မြင်မန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာများကိုတွေ့ရစဉ်။

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ ၈၄၂၄၈၈ ဧကကျော် စိုက်ပျိုးမည်

**မုံရွာ မေ ၁၃**
၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံ ၈၄၂၄၈၈ ဧကကို စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာအထိ ခြောက်လအတွင်း စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ဆီထွက်သီးနှံများဖြစ်သော မြေပဲ ၂၉၃၅၈၈ ဧက၊ နှမ်းဧက ၄၇၉၀၀၀ နှင့် နေကြာ ဧက ၆၉၉၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်မိုးရာသီတွင် စစ်ကိုင်းခရိုင်အတွင်း မြေပဲ ၅၀၆၈၆ ဧက၊ နှမ်း ၄၇၈၇၈ ဧက နှင့် နေကြာ ၁၄၉၃၈ ဧက၊ မုံရွာခရိုင်အတွင်း မြေပဲ ၅၄၂၁၁ ဧက၊ နှမ်း ၁၁၂၉၅၁ ဧကနှင့် နေကြာ ၂၄၅၈၈ ဧက၊ ယင်းမာပင်ခရိုင်အတွင်း မြေပဲ ၃၀၈၉၁ ဧက၊ နှမ်း ၂၂၁၀၁၉ ဧက နှင့် နေကြာ ဧက ၂၂၇၀၀၊ ရွှေဘိုခရိုင်အတွင်း မြေပဲ ၁၁၃၇၆၁ ဧက၊ နှမ်း ၄၃၉၆၇ ဧကနှင့် နေကြာ ဧက ၇၆၂၀၊ ကန့်ဘလူခရိုင်အတွင်း မြေပဲ ၄၃၁၃၉ ဧကနှင့် နေကြာ ၅၄ ဧက၊ ကသာခရိုင်အတွင်း မြေပဲ ဧက ၉၀၀ နှင့် နှမ်း ဧက ၃၅၀၊ ကလေးခရိုင်အတွင်း နှမ်း ၅၂၀၂၇ ဧက၊ မော်လိုက်ခရိုင်အတွင်း နှမ်း ၉၈ ဧက၊ ခန္တီးခရိုင်အတွင်း နှမ်းဧက ၁၅၀၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နှမ်းဧက ၅၆၀ တို့အား စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## လူထုဗဟိုစီမံကိန်းလုပ်ငန်းခွင်ဝင် သင်တန်းဖွင့်

**နေပြည်တော် မေ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုစီမံကိန်း လူထုစည်းရုံးရေးမှူး CF များနှင့် လက်ထောက်နည်းပညာမှူး TFများ လုပ်ငန်းခွင်ဝင်သင်တန်းကို ကနီမြို့ မြို့နယ်ခန်းမ၌ မေ ၁၀ ရက်က ကျင်းပခဲ့ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က အဖွင့်အမှာစကားပြောကြားပြီး ကနီမြို့နယ် လူထုဗဟိုစီမံကိန်းအဖွဲ့ခေါင်းဆောင် ဦးတင်မောင်ဝင်းက သင်တန်းဆိုင်ရာကိစ္စရပ်များရှင်းလင်းတင်ပြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ စီမံကိန်းမိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို မေ ၁၀ ရက်မှ ၁၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ကျေးရွာကွင်းဆင်း လက်တွေ့သင်ကြားခြင်းများပါ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**



## သောက်သုံးရေအခက်ကြုံနေသည့် ကျေးရွာများသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**ညောင်ဦး မေ ၁၃**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ချောင်းဝကျေးရွာနှင့် ရွာသစ်တောင်ကျေးရွာတို့တွင် ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးမှုအခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသဖြင့် ပုဂံညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ရတနာဘုံစံ တောရကျောင်းဆရာတော်အရှင်သာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာ(ရေ/သွေး) ပရဟိတအသင်းမှ အသင်းအဖွဲ့သားများက သုမင်္ဂလာရေလှူအသင်း၊ ဇော်မိသားစု ရေလှူအသင်းတို့နှင့် ပူးပေါင်း၍ မေ ၁၂ ရက် နံနက်ပိုင်းက ရေသယ်ယာဉ်ဖြင့် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေး သွားရောက် လှူဒါန်းပေးခဲ့သည်။



ထိုသို့ သောက်သုံးရေအခက်ကြုံနေသည့် ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် သွားရောက်လှူဒါန်းပေးရာတွင် ချောင်းဝကျေးရွာ ဒေသခံပြည်သူများအတွက် ရေဂါလန် ၄၅၀၀၊ ရွာသစ်တောင်ကျေးရွာအတွက် ရေဂါလန် ၄၅၀၀ စုစုပေါင်း ရေဂါလန် ၉၀၀၀ အား စနစ်တကျဖြန့်ဝေ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

သောက်သုံးရေအခက်ကြုံချိန်များတွင် ယခုကဲ့သို့ ပရဟိတ ရေလှူအသင်းများမှ သောက်သုံးရေများ လာရောက်လှူဒါန်းပေးခြင်းကြောင့် ကျေးရွာအချို့တွင် ဒေသခံကျေးလက်နေ ပြည်သူများ သောက်သုံးရေအတွက် အဆင်ပြေနေကြကြောင်း ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ (ရေ/သွေး) ပရဟိတအသင်းမှ အဖွဲ့ဝင်တစ်ဦး ဖြစ်သူ ဦးဝင်းမင်းထွန်းက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## တာချီလိတ်မြို့အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်

**တာချီလိတ် မေ ၁၃**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းမဖွင့်မီကာလအတွင်း မဇ္ဈိမလူမှုကူညီရေးအသင်းက ချုံနွယ်ပိတ်ပေါင်းများနှင့် အမှိုက်များအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိရာ တာလေ့ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ မေ ၁၃ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မိုးတွင်းကာလ၌ ခြင်ကျားပေါက်ပွားမှု မရှိစေရန်နှင့် သွေးလွန်တုပ်ကွေးရောဂါအန္တရာယ် ကြိုတင်ကာကွယ်ခြင်းအတွက် ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်များ ရှင်းလင်းခြင်း၊ ကျောင်းဖွင့်ချိန်တွင် ကျောင်းပတ်ဝန်းကျင် လေဝင်လေထွက် ကောင်းမွန်ပြီး ကျောင်းသား ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် အပတ်စဉ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ၊ ပြည်သူ့ဆေးရုံနှင့် ရပ်ကွက်အတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်များ၊ ရေမြောင်းများတွင် ရေစီးရေလာကောင်းစေရန် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ပြည်သူများနှင့်ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်မည်ဖြစ်ကြောင်း မဇ္ဈိမလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးတင့်ဆွေ၏ ပြောပြချက်အရ သိရသည်။

**ဝေယံလင်း (မြန်/ဆက်)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**မယ်စဲ့ မေ ၁၃**
ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လနှင့် ဒုတိယ ၁၂ လအတွင်း လျာထားဆောင်ရွက်သည့်လုပ်ငန်းများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို မေ ၁၁ ရက် နံနက်ပိုင်းက ကယားပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်သူအောင်၊ ဘော်လခဲခရိုင် ကျေးလက်ဦးစီးမှူး ဦးစိုးလင်း၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့သည် မယ်ဆည်နမ်ကျေးရွာ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဝမ်ကန်ကျေးရွာ နှစ်လက်မ PVC အရှည်ပေ ၅၀၀၀ အိမ်တိုင်ရာရောက် ရေပေးဝေရေးလုပ်ငန်း၊ နှစ်စဉ်ရေရှားပါးမှု ကြုံတွေ့နေရသည့် ကျောက်စုကျေးရွာ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း၊ ကျေးရွာလယ်ယာကုန်ထုတ်လမ်းနှင့် အဆိုပါလမ်းပေါ်ရှိ သစ်သားတံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများ လျာထားမှုအပေါ် မြေပြင်တွင်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## လေပြင်းတိုက်၍ အိမ်အချို့ အမိုးလန်၊ ပြိုလဲ

**ဇလွန် မေ ၁၃**
ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း မေ ၁၂ ရက် ညနေ ၆ နာရီ ၁၀ မိနစ်မှ ၆ နာရီခွဲခန့်အထိ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့အမိုးလန် ပြိုလဲပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် တောင်ပို့တစ်ရာ၊ ဖားလက်ခို၊ နန်းတော်ကျွန်း၊ အထွဋ်၊ ကူးတို့ဆိပ်၊ အိုးဘိုစသော ကျေးရွာ ခြောက်အုပ်စု ကျေးရွာပေါင်း ၁၆ ရွာမှ အိမ်ခြေ ၈၆ လုံး အမိုးလန်ပျက်စီးပြီး ၁၄ လုံးမှာ ပြိုလဲပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သောကြောင့် တာဝန်ရှိသူများက သွားရောက်၍ လိုအပ်သည်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝေယံ (ပြန်/ဆက်)**

## ၁၆ ခုတင်ဆံ့ ရေနီတိုက်နယ်ဆေးရုံဖွင့်ပွဲကျင်းပ



**ရေတာရှည် မေ ၁၃**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့ အမှတ် (၄) ရပ်ကွက်တွင် ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေနီမြို့တွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်လှစ်ပေးနိုင်သည့်အတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နေ့တစ်နေ့ဖြစ်ကြောင်း၊ ဆေးရုံတွင် တာဝန်ထမ်းဆောင်ကြမည့်ဝန်ထမ်းများအနေဖြင့်လည်း စေတနာ၊ မေတ္တာအပြည့်ဖြင့် ပြည်သူလူထု၏ အကျိုး၊ မိမိတို့ဌာန၏အကျိုးကို ကောင်းမွန်စွာဆောင်ရွက်ပေးကြဖို့ လိုကြောင်း၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖအပါအဝင် ကျေးရွာသူ၊ ကျေးရွာသားအားလုံးတို့ကလည်း ဆေးရုံကြီးသန့်ရှင်းသာယာလှပရန်၊ လူနာများ စိတ်ချမ်းသာစေရန်နှင့် မိမိတို့ရပ်ရွာကို လာရောက်တာဝန် ထမ်းဆောင်သော ကျန်းမာရေးဝန်ထမ်းများအား လိုအပ်သည့်နေရာတွင် ကူညီပံ့ပိုးမှုများပြုလုပ်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

၁၆ ခုတင်ဆံ့ ရေနီတိုက်နယ်ဆေးရုံသည် ရေနီမြို့ဧရိယာပတ်လည်ရှိ ရပ်ကွက်လေးခု၊ ကျေးရွာ ၂၄ ရွာ၊ အိမ်ခြေ ၆၀၄၁ အိမ်နှင့် လူဦးရေစုစုပေါင်း သုံးသောင်းကျော်အား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်မည်ဖြစ်သည့်အပြင် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၂ ရွာခန့်ကိုလည်း ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရေတာရှည်မြို့နယ်တွင် လူဦးရေနှစ်သိန်းတစ်သောင်းကျော် နေထိုင်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရန်အတွက် ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ (မြို့လှနှင့်ဆွာ)နှစ်ရုံရှိရာမှ ယခု ၁၆ ခုတင်ဆံ့ ရေနီတိုက်နယ်ဆေးရုံတစ်ရုံထပ်မံဖွင့်လှစ်ပေးခြင်းဖြစ်ပြီး ဆရာဝန်နှင့် လူဦးရေအချိုးသည် ၁း၃၀၅၉၂၊ သူနာပြုဆရာမနှင့်လူဦးရေအချိုးသည် ၁း၈၉၂၂၊ သားဖွားဆရာမနှင့်လူဦးရေအချိုးသည် ၁း၄၄၆၁၊ လူနာခုတင်နှင့် လူဦးရေအချိုးသည် ၁း၂၉၃၄ ရှိကြောင်း သိရသည်။
**တင်စိုး(ပဲခူး)**



## တွံ့တေးမြို့နယ်၌ ယာဉ်မောင်းလိုင်စင်များပြုလုပ်ပေး

**တွံ့တေး မေ ၁၃**
ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ် အုန်းပင်စုရပ်ကွက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အောင်ဆန်းသူရိယ အေးချို အားကစားခန်းမ၌ ရန်ကုန် တောင်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက မေ ၁၂ ရက် နံနက် ၉ နာရီတွင် ယာဉ်သက်တမ်းတိုးနှင့် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ခင်စောမွန်၊ ခရိုင်အာမခံလုပ်ငန်းတာဝန်ခံနှင့် (၅၈) ယာဉ်ထိန်းရဲတပ်စုမှ ရဲအုပ်ဇော်မင်းအောင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ဥပဒေနှင့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးဟောပြောကြသည်။

ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များအခမဲ့ ဖြန့်ဝေပေးသည်။ ယင်းနောက်ယာဉ်မောင်းလိုင်စင်လျှောက်ထားသူ ၂၅၂ ဦးအား လိုင်စင်များပြုလုပ်ပေးသည်။ မော်တော်ဆိုင်ကယ် ၃၁၆၊ မော်တော်ယာဉ် ၆၂ စီးအတွက် သက်တမ်းတိုးလိုင်စင်များ ထုတ်ပေးခဲ့ကြောင်းသိရသည်။
**မျိုးလှိုင် (တွံ့တေး)**

## အိမ်သုံးဆိုလာပြားများ နည်းစနစ်မှန်ကန်စွာ အသုံးပြုနိုင်ရေးအသိပညာပေး

**ဘားအံ မေ ၁၃**
ကျေးလက်နေပြည်သူများ ဆိုလာပြား အသုံးပြုရာတွင် ပြည့်စုံသော ဆိုလာစနစ်အသုံးပြုခြင်းဖြင့် မီးလောင်မှုများ မဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆိုလာစနစ်အသုံးပြုမှုဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို မေ ၁၂ ရက် နံနက် ၁၁ နာရီက ကရင်ပြည်နယ် ဘားအံမြို့ စုပေါင်းရုံးရှိ မြို့နယ်ကျေးလက်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ် ကျေးလက်ဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းက ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်သုံးစွဲရာတွင် ပြီးပြည့်စုံသောပုံစံဖြစ်သည့် ဆိုလာပြား Controller ဘက်ထရီ (အင်ဗာတာ-AC အတွက်) မီးသီးများ အစီအစဉ်တကျ တပ်ဆင်အသုံးပြုသွားရန်နှင့် လက်ရှိဆိုလာပြားမှ ဘက်ထရီသို့ တိုက်ရိုက်သွယ်တန်း အသုံးပြုနေသူများ Controller တပ်ဆင်သွားကြရန်၊ မတပ်ဆင်မီကာလမှာလည်း အားသွင်းချိန်တွင် စစ်ဆေးစောင့်ကြည့်ရန်နှင့် နေအိမ်၌ လူမရှိသောအချိန်များတွင် အားသွင်းမှုအား ဖြတ်တောက်ထားရန် အကြံပြုဆွေးနွေးတင်ပြခဲ့ရာ တက်ရောက်လာသူများက ဆိုလာပြား အသုံးပြုခြင်းနှင့်ပတ်သက်ပြီး မေးမြန်းချက်များကို အငယ်တန်းအင်ဂျင်နီယာ ဒေါ်ခင်သဇင်ညိုက ပြန်လည် ဖြေကြားခဲ့ကြောင်း သိရသည်။

တစ်အိမ်သုံး ဆိုလာစနစ်များ တပ်ဆင်ဆောင်ရွက်ခြင်းကို လိုင်းစနစ်ဖြင့် လျှပ်စစ်မီးမရရှိသေးသောမြို့နှင့် အလှမ်းဝေးကွာသည့် ကျေးရွာများတွင် ကျေးလက်ဒေသများ မီးလင်းရေးဆိုင်ရာစီမံချက် တစ်စိတ်တစ်ပိုင်းအဖြစ် ဘားအံခရိုင်အတွင်း ၂၀၁၂-၂၀၁၃ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ခုနှစ်ထိ ကျေးလက်ဦးစီးဌာနအနေဖြင့် ကျေးရွာပေါင်း ၆၃ ရွာကို တပ်ဆင်ပေးထားကြောင်း သိရသည်။
**နေမျိုးလွင်(ပြန်/ဆက်)**

## အန္တရာယ်ရှိသစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ရန်ကုန် မေ ၁၃**
မိုးဦးလေဦးရာသီတွင် မိုးသက်လေပြင်းများကျရောက်နိုင်သဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အန္တရာယ်ရှိ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မုတ်သုံအကြို ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၂ရက်က လှိုင်မြို့နယ် အမှတ် (၁၆) ရပ်ကွက် အုတ်ကျင်းဘူတာရုံလမ်းတွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း၏ ကြီးကြပ်မှုဖြင့် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ အန္တရာယ်ရှိ သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းပြီး သန့်ရှင်းရေးဌာနနှင့် လမ်းတံတားဌာနမှ လုပ်သားများက ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

“မိုးဦးကျ လေဦးကျရာသီမှာ မိုးသက်လေပြင်းတွေ ကျရောက်တတ်တဲ့အလေ့အထရှိတာမို့ အန္တရာယ်ရှိသစ်ပင်သစ်ကိုင်းတွေကို ခုတ်ထွင်ရှင်းလင်းဆောင်ရွက်နေတာပါ၊ ပြီးတော့ မိုးရာသီမှာရေစီးရေလာကောင်းဖို့အတွက် စည်ပင်သာယာနဲ့ပူးပေါင်းပြီး ပိတ်ဆို့ရေနုတ်မြောင်းတွေကို ဆယ်ယူရှင်းလင်းဆောင်ရွက်နေတာပါ”ဟု ယင်းလုပ်ငန်းခွင်တွင် ပူးပေါင်းဆောင်ရွက်နေသည့် အမှတ် (၁၆) ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးစိုးတင့်က ရေစီးရေလာကောင်းရေးဆောင်ရွက်နေမှုကို ရှင်းပြပြောဆိုသည်။

အဆိုပါလုပ်ငန်းခွင်တွင် သန့်ရှင်းရေးဌာနမှ အမှိုက်သိမ်းယာဉ်တစ်စီး၊ လမ်းတံတားဌာနမှ မြေသယ်ယာဉ်တစ်စီးနှင့် နေ့ချင်းပြီးသိမ်းဆည်းရှင်းလင်းပေးခဲ့ကြသည်။ အုတ်ကျင်းဘူတာရုံလမ်း ရေနုတ်မြောင်းသည် ဗဟိုလမ်းမှတစ်ဆင့် သမိုင်းချောင်းထဲသို့ စီးဝင်သွားပြီး သမိုင်းချောင်းမှတစ်ဆင့် လှိုင်မြစ်ထဲသို့စီးဝင်သွားသည်ဟု သိရသည်။
**မောင်သုည**

## မိုးသက်လေပြင်းကျရောက်၍ နေအိမ်နှင့်ကျောင်းများပျက်စီး

**လေးမျက်နှာ မေ ၁၃**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်၌ မေ ၁၂ရက် ညနေ ၅ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့် ကျောင်းအချို့ အမိုးလန်ခြင်း၊ ပြိုကျပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လေးမျက်နှာမြို့နယ် ကြီးပေါက်ကုန်းကျေးရွာအုပ်စု၊ စာရေးကွင်းကျေးရွာအုပ်စု၊ ကွင်းကြီးကျေးရွာအုပ်စု၊ ခြောက်ဆယ်ကျေးရွာအုပ်စုတို့တွင် လူနေအိမ် ၄၈ လုံး၊ စာသင်ကျောင်းနှစ်ကျောင်း ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် ကုဋီ နှစ်လုံး စုစုပေါင်း ၅၃လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသည့် နေအိမ်များမှ မိသားစုများသည် မိမိတို့နီးစပ်ရာ ဆွေမျိုးများ၏ နေအိမ်များတွင် ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပြီး ပျက်စီးဆုံးရှုံးသွားသော ကျေးရွာအုပ်စုရှိလေဘေးသင့် အိမ်ထောင်စုများထံသို့ လေပြင်းတိုက်ခတ်ပြီးချိန်တွင် လေးမျက်နှာမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ဒုတိယရဲအုပ် စိုင်းမြတ်သူနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။
**မြို့နယ် (ပြန်/ဆက်)**



# အပူရှိန်မြင့်တက်မှုများအကြား သတိထားကြရမည့် မိုးလေဝသ သတင်းများ

**သန်းဖြိုးနိုင်(ကညင်ကျိုး)**

**ရာသီဥတုအပြောင်းအလဲကာလ ဖြစ်ပေါ်တတ်သည့်သဘာဝ**

ယခုရက်ပိုင်းတွင် မြန်မာနိုင်ငံအတွင်းရှိ အချို့သောဒေသများ၌ နေ့အပူရှိန်များ မြင့်တက်လျက်ရှိပြီးအချို့သောဒေသများမှာမူ မိုးရေချိန်များများ ရွာသွန်းလျက်ရှိသည်။ အချို့ဒေသများတွင်မူ လေပြင်းများတိုက်ခတ်ပြီး မိုးသီးကြွေခြင်းများဖြစ်ပေါ်လျက်ရှိသည်ကိုတွေ့ရပြန်သည်။ ထိုသို့ဖြစ်ရခြင်းမှာ နွေရာသီကုန်ခါနီးကာ အပူရှိန်မြင့်တက်လာခြင်းကြောင့် ဖြစ်ပေါ်လာရသည့် မိုးလေဝသအခြေအနေများ၊ ဖြစ်လေ့ဖြစ်ထရှိသည့် သဘာဝများပင်ဖြစ်သည်။

**နေ့အပူရှိန်မြင့်တက်လာခြင်းနှင့် မိုးရေချိန်များများ ရွာသွန်းခြင်း**

မေ ၉ ရက်က ဖြစ်ပေါ်ခဲ့သည့် ရာသီဥတုဆိုင်ရာ မိုးလေဝသသတင်းကို လေ့လာကြည့်သည့်အခါ ထူးခြားသည့်နေ့အပူချိန်များအဖြစ် ချောက်မြို့တွင် ၄၃ဒီဂရီစင်တီဂရိတ်၊ သာယာဝတီမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် မြင်းခြံမြို့၊ မြင်းမူမြို့နှင့် အောင်လံမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်ထိ အသီးသီး မြင့်တက်ခဲ့ကြကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ချက်အရသိရသည်။ တစ်ဖန် ၎င်းရက်ပင် ထူးခြားသည့် မှတ်သားဖွယ်ရာ မိုးရေချိန်များအဖြစ် နေပြည်တော်သိုက်ချောင်းတွင် သုည ဒသမ ၉၈ လက်မ၊ ပခုက္ကူမြို့တွင် သုည ဒသမ ၇၅ လက်မ၊ ကျိုက္ခမီမြို့တွင် သုည ဒသမ ၄၇ လက်မ၊ ပူတာအိုမြို့တွင် သုည ဒသမ ၄၃ လက်မတို့အထိ အသီးသီးရွာသွန်းခဲ့ကြကြောင်း ကြေညာထားခဲ့သည်။ ထို့အပြင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင်လည်း နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

**လေပြင်းများတိုက်ခတ်ခြင်းနှင့်မိုးသီးများကြွေကျခြင်း**

အထက်တွင်ဖော်ပြချက်များအရဆိုလျှင် နိုင်ငံတစ်ဝန်းရှိ အချို့သောဒေသများတွင် မိုးလုံးဝရွာသွန်းမှုမရှိသေးဘဲ နေ့အပူရှိန်များမြင့်တက်မှုများသာ ဖြစ်ပေါ်နေသေးပြီး အချို့သောနေရာများတွင်မူ မိုးရေချိန်လက်မများများ ရွာသွန်းလျက်ရှိကာ ရာသီဥတု မညီမျှမှုများဖြစ်ပေါ်လျက်ရှိသည်ကို တွေ့မြင်ကြရမည်သာဖြစ်သည်။ သို့သော်ယခုရက်ပိုင်းတွင်မူ နေ့အပူရှိန်မြင့်တက်ခြင်း၊ မိုးရွာသွန်းခြင်းများအပြင် အခြားတစ်ဖက်တွင်လည်း လေပြင်းများတိုက်ခတ်မှုမှာ တစ်ဆက်တည်း ဖြစ်ပေါ်လာခဲ့ပြန်သည်။ မေ ၈ရက်နှင့် ၉ ရက်နှစ်ရက်အတွင်း နွားထိုးကြီး၊ ရေတာရှည်၊ ပေါက်၊ ဆိပ်ဖြူစသည့်ဒေသများတစ်ဝိုက်တွင် လေပြင်းများ တိုက်ခတ်ပြီး မိုးသီးများ ကျဆင်းမှုကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းများထိခိုက်ပျက်စီးခဲ့ရကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည်ကို တွေ့ရမည်ဖြစ်သည်။

**ဆိုင်ရာဌာနများမှ သတိပေးချက်များထုတ်ပြန်**

ထိုသို့ဖြစ်ပေါ်ရခြင်းမှာလည်း ယခုကာလနွေရာသီကုန်ခါနီး မိုးရာသီအစတွင် ထိုသို့ဖြစ်ပေါ်တတ်သည့်အပူချိန်မြင့်မားခြင်းကြောင့် လေပွေလိုင်းများဖြစ်ပေါ်လာခြင်း၏နောက်ဆက်တွဲအဖြစ် ရာသီဥတုအပြောင်းအလဲမြန်ခြင်းများပင်ဖြစ်သည်ဆိုသည်ကိုလည်း အားလုံးသိပြီးဖြစ်ကြမည်ထင်သည်။ သို့ဖြစ်၍ နှစ်စဉ်နှစ်တိုင်း ယခုလိုကာလရောက်လျှင် သက်ဆိုင်ရာမိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနကလည်း မိုးလေဝသ သတင်းများကို အဆက်မပြတ်ကြေညာပေးကြသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း အပူဒဏ်အန္တရာယ် ကာကွယ်ရေး သတိပေးနှိုးဆော်ချက်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်များကို နိုင်ငံပိုင်သတင်းစာများနှင့်ရုပ်သံလိုင်းများက ထုတ်ပြန်ကြေညာပေးကြသည်။ ထို့အပြင် အပူရှိန်မြင့်မားခြင်း၊ လေပြင်းတိုက်ခတ်မှုရှိခြင်းများကြောင့်ဖြစ်ပေါ်လာနိုင်မည့် မီးဘေးအန္တရာယ်များအတွက်လည်း ဆိုင်ရာမီးသတ်ဦးစီးဌာနက သတိပေးချက်များ ထုတ်ပြန်ထားကြသည်ကို တွေ့ရှိကြရမည်ဖြစ်သည်။

**သတိထားဆင်ခြင်ကြရမည့်အရာများ**

ထို့အတွက် နိုင်ငံအတွင်း နယ်ပယ်ဒေသအသီးသီးရှိ ပြည်သူများအနေဖြင့်လည်း လက်ရှိကာလတွင် ဖြစ်ပေါ်ပြောင်းလဲမှု မြန်ဆန်နေသည့် မိုးလေဝသသတင်းများကို အထူးဂရုပြုကြရမည်ဖြစ်ပြီး မိမိတို့၏လုပ်ငန်းခွင်များအတွက် ချိန်ဆတွက်ချက်ကာ ဆောင်ရွက်ကြရန်လိုအပ်လာပါသည်။ မိမိတို့နေထိုင်ရာဒေသအလိုက်ဖြစ်ပေါ်လာနေသည့် မိုးလေဝသအခြေအနေများနှင့် လိုက်လျောညီထွေစွာ ကြုံတွေ့ရနိုင်သည့် အန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ထားရန်လည်းအထူးလိုပါသည်။ သို့အတွက် မိုးလေဝသသတင်းများအရ ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများအပေါ်မူတည်၍ ဒေသများအလိုက် ပြင်ဆင်ထားကြရမည့် အချက်များမှာလည်း ကွဲပြားမှုရှိမည်ဖြစ်ပါသည်။

**နေ့အပူချိန်မြင့်မားနေသည့်ဒေသများ**

ထိုဒေသများအတွက်မူ ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို အထူးဂရုစိုက်သင့်ပြီး ထိုရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နှင့် တတ်နိုင်သမျှ မထိမတွေ့ကြရအောင် ရှောင်ကြရမည်ဖြစ်သည်။ ရှောင်ရန်မဖြစ်နိုင်သည့်အလုပ်လုပ်ကြရသူများအဖို့ နေရောင်ခြည်ကိုကာကွယ်ရန် အဝတ်များထူထူဝတ်ဆင်ခြင်း၊ ဦးထုပ်၊ ထီးတို့ကိုအသုံးပြုခြင်းများဖြင့် အကာအကွယ်ပြုသင့်ပြီး မျက်လုံးအတွက် နေကာမျက်မှန်ကို အသုံးပြုသင့်သည်။ ကလေးများမှာ လူကြီးများထက် ပိုမိုခံရနိုင်သဖြင့် လူကြီးများက ကလေးများကို အသိပညာပေးကြရန်လည်းလိုသည်။ ထိုသို့ကာကွယ်မှုမပြုဘဲ သွားလာလုပ်ကိုင်ပါက ကြာလာသည့်အခါမျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျခြင်း၊ အရေပြားကင်ဆာ ဖြစ်ပွားခြင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် ဂရုပြုကြရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတိပေးတိုက်တွန်းနှိုးဆော်ထားသည်ကို တွေ့ကြရမည်ဖြစ်သည်။

**မိုးရေချိန်များရွာသွန်းသည့်ဒေသများ**

ထိုဒေသများတွင် နေထိုင်လုပ်ကိုင်သွားလာနေကြသည့်သူများအတွက်မူ နေ့အပူချိန်မြင့်မားရာမှ တစ်ဆင့်ရုတ်တရက်ပြောင်းလဲပြီး မိုးရွာချသည့်အတွက် အပူချိန်ပြောင်းလဲမှုကို ခံစားကြရမည်ဖြစ်သည်။ ထို့အတွက် ထိုအပြောင်းအလဲဖြစ်သည့် အပူနှင့်အအေးနှစ်ခုအကြားတွင် ဖြစ်ပေါ်တတ်လေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါနှင့် အပူရှပ်ကာ သတိမေ့မြောတတ်သည်များကို သတိထားဆင်ခြင်ကြရမည်ဖြစ်ပါသည်။ မိုးရွာသွန်းမှုများလာသည့်ရက်များအတွင်း မိမိတို့ဒေသအလိုက် ခြင်၊ ယင်များ ခိုအောင်းပေါက်ပွားမှုမရှိအောင် သတိထားကြိုတင်ဆောင်ရွက်ထားသင့်ပြီး မိုးလေဝသအပြောင်းအလဲအကြားတွင် ဝတ်စားဆင်ယင်မှုနှင့်အိပ်စက်မှုတို့ကိုလည်း သတိထားကြရမည်ဖြစ်သည်။

**လေပြင်းတိုက်ခတ်မှုနှင့် မိုးသီးများကြွေကျသည့်ဒေသများ**

ထိုလေပြင်းတိုက်ခတ်မှုနှင့်မိုးသီးများကြွေကျမှုသည် နေရာဒေသတိုင်းလိုလို အချိန်အခါမရွေးကျရောက်လာနိုင်သည်ဖြစ်ရာ မိမိတို့နေထိုင်ရာ အိမ်အမိုးအကာနှင့် လေနောက် လွင့်ပါသွားနိုင်တတ်သည့် အရာများကို ခိုင်ခံ့အောင် ပြုလုပ်ထားသင့်ကြသည်။ ထိုလေပြင်းတိုက်ခတ်မှုနှင့်အတူ ယှဉ်တွဲပါလာတတ်သည်မှာ မီးဘေးအန္တရာယ်ပင်ဖြစ်ရာ မီးကြိုးများ ပေါက်ပြဲဆွေးမြည့်နေမှုရှိ၊ မရှိ စစ်ဆေးပြုပြင်ထားကြရမည်ဖြစ်ပြီး လေပြင်းတိုက်ခတ်နိုင်သည့်နေ့လယ်ပိုင်းနှင့် ညနေပိုင်းအချိန်များတွင် မီးအသုံးပြုကာ မိမိတို့အိမ်ကိုယ်စီတွင် ချက်ပြုတ်ကြခြင်းများကို ရှောင်ကြဉ်ကြရန်လိုသည်။ အပူချိန်မြင့်မားသည့်ဒေသများတွင် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအတွင်း မီးမမွှေးရန်၊ လျှပ်စစ်မီးကို အသုံးပြုပြီး ချက်ပြုတ်ကြော်လှော်ခြင်းမပြုရန် ဆိုင်ရာများကလည်း နှိုးဆော်ကြသည်ကိုလည်း သတိထားကြရမည်သာဖြစ်ပါသည်။

**နိဂုံးချုပ်တင်ပြချက် သဘာဝဘေးအန္တရာယ်ကင်းရေးအတွက်**

နိဂုံးချုပ်အားဖြင့်တင်ပြရလျှင် အထက်တွင်တင်ပြခဲ့သည့်အချက်များကို အားလုံးခြုံငုံသုံးသပ်ကြည့်ပါက ယခုလို နွေရာသီကာလအပူရှိန်မြင့်မားစွာ ဖြစ်ပေါ်တတ်သည့်အချိန်တွင် မိုးလေဝသပြောင်းလဲမှု မြန်ဆန်မှုများကိုတွေ့ကြရမည်ဖြစ်ပြီး ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း ဂရုပြုမိကြမည်ထင်မိပါသည်။ သို့အတွက် နေ့အပူချိန်မြင့်မားခြင်း၊ မိုးများရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသီးများကြွေခြင်းတို့ကိုအထူးသတိထားပြီး ဆိုင်ရာဌာနများမှ ရေဒီယို၊ ရုပ်သံလိုင်းနှင့်သတင်းစာများမှ သတိပေးထုတ်လွှင့်ချက်များကို စောင့်ကြည့်လေ့လာကာ ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

> “ လက်ရှိကာလတွင် ဖြစ်ပေါ်ပြောင်းလဲမှု မြန်ဆန်နေသည့် မိုးလေဝသသတင်းများကို အထူးဂရုပြုကြရမည်ဖြစ်ပြီး မိမိတို့၏လုပ်ငန်းခွင်များအတွက် ချိန်ဆတွက်ချက်ကာ ဆောင်ရွက်ကြရန်လိုအပ်...
>
> မိုးလေဝသအခြေအနေများနှင့် လိုက်လျောညီထွေစွာ ကြုံတွေ့ရနိုင်သည့် အန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ထားရန်လည်း အထူးလို ...”

## စမ်းချောင်းမြို့နယ် ဗားကရာလမ်းရေစီးရေလာဆောင်ရွက်

**စမ်းချောင်း မေ ၁၃**

ရန်ကုန်အနောက်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး၏စီစဉ်မှုဖြင့် ခရိုင်စီမံရေးရာ ဌာနခွဲမှူးဦးမြတ်ကျော်နှင့် စမ်းချောင်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းတို့ဦးဆောင်ကာ စုပေါင်းအင်အား ၁၁၅ ဦးဖြင့် မြေနီကုန်း တောင်ရပ်ကွက် ဗားကရာလမ်း (မြေနီကုန်းမီးပွိုင့်မှဓမ္မစေတီလမ်းဆုံထိ) ရေနုတ်မြောင်းများအား မေ ၁၂ ရက် နံနက်က ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ပေးခဲ့ကြသည်။

“မိုးစတင်ရွာသွန်းတဲ့အချိန် ရေစီးနဲ့အတူ စည်းကမ်းမဲ့စွန့်ပစ်ထားတဲ့ အချိုရည်ဘူး၊ ရေသန့်ဘူး၊ ဖော့ဘူးမျိုးစုံ၊ အမှိုက်မျိုးစုံက စီးမျောပြီး မြောင်းထဲကိုရောက်ရှိကာ မြောင်းပိတ်ကာရေလျှံတာပါ။သွားရင်းလာရင်း အမှိုက်တွေကိုလမ်းပေါ်မချဘဲ အမှိုက်ပုံးထဲအရောက် စွန့်ပစ်ပေးခြင်းဖြင့် ကူညီစေလိုပါတယ်” ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးနိုင်ဝင်းက ပြောသည်။

အထူးသန့်ရှင်းရေးဆောင်ရွက်ရာသို့ တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသော်တာအောင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်တို့က လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **မောင်မောင်**



## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ကွမ်းခြံကုန်း မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးကြည်သည် မေ ၉ ရက်က ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးမြို့နယ်များရှိ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုသည်။

ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းများ၊ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်း ဖွင့်လှစ်မှုအခြေအနေများ၊ မြို့နယ်ရုံး တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လိုက်လံကြည့်ရှုပြီး လိုအပ်ချက်များအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သရဖီ(ကွမ်းခြံကုန်း)**

## သတင်းတိုများ

### မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်မှုကြောင့် ပျက်စီးသွားသောဓာတ်တိုင်များ တပ်ဆင်ပြီးစီး

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်တွင် မေ ၉ ရက် နေ့လယ်ပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုဒဏ်ကြောင့် ပြိုလဲပျက်စီးသွားသည့် လျှပ်စစ်ဓာတ်တိုင်များအား ရှမ်းပြည်နယ် တောင်ကြီးမြို့မှ ပြည်နယ်လျှပ်စစ်အဖွဲ့ တာဝန်ရှိသူများ၊ လင်းခေးခရိုင်နှင့် မြို့နယ်မှ လျှပ်စစ်ဝန်ထမ်းများက ပျက်စီးသွားသော လျှပ်စစ်ဓာတ်တိုင် အလုံး ၂၀ အား မေ ၁၂ ရက်က ကွန်ကရစ်တိုင်များ အသစ်လဲလှယ်ပြီး ဓာတ်အားလိုင်းကြိုးများ ပြုပြင်တပ်ဆင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **စိုင်းဇော်လတ်(ပြန်/ဆက်)**

### လက်ပံတန်းမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းများပျက်စီး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့တွင် မေ ၁၂ ရက်ညနေ ၆ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ နေအိမ် ၁၂၈ လုံး၊ စာသင်ကျောင်းနှစ်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတစ်ခုတို့ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့သည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လက်ပံတန်းမြို့နယ် ခမုံအုပ်စု၊ အောင်လံကုန်းအုပ်စု၊ ဆင်မနီအုပ်စု၊ နတ်ဖန်ကွင်းအုပ်စု၊ သီတာကုန်းအုပ်စု၊ ဇီးဖြူကုန်းအုပ်စု၊ သာရဝေါအုပ်စု ကျေးရွာများတွင် လူနေအိမ် ၁၁၃ လုံး၊ ဇီးဖြူကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတစ်ခု၊ ကုလားချောင်း အ-ထ-က စာသင်ဆောင်နှစ်ဆောင်တို့ အမိုးလန်ခဲ့ပြီး နေအိမ် ၁၅ လုံး နှင့် သီတာကုန်းကျေးရွာ အ-မ-ကကျောင်းမှ စာသင်ဆောင်တစ်ဆောင် ပြိုလဲပျက်စီးခဲ့ကြောင်းသိရသည်။

ဧပြီ ၁၈ ရက်ကလည်း လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၃၃၉ လုံး အမိုးလန်ခဲ့ပြီး ၃၈ လုံး ပြိုလဲပျက်စီးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### ဒေါပုံမြို့နယ်တွင် မှူခင်းအသိပညာပေး

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်အောင်နှင့် တာဝန်ရှိသူများသည် မေ ၁၂ ရက် နံနက် ၉ နာရီက ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက်ဓမ္မာရုံ ရှေ့၌ မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် မှူခင်းအသိပညာပေးခဲ့ရာပြည်သူ ၂၅၀ ခန့် လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ကုစ္ဆာသယလိုဏ်ဂူသစ်အား ပြည်နယ်ဝန်ကြီးချုပ်ကြည့်ရှု



**ဘားအံ မေ ၁၃**

ကရင်ပြည်နယ်တွင် သဘာဝ ထုံးကျောက်ဂူများ၊ သဘာဝ ကျောက်လိုဏ်ဂူများ၊ အပန်းဖြေနိုင်ရန် သဘာဝရေတံခွန်များ ပေါများပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားများ သွားလာမှုများသော ထင်ရှားသည့် ထုံးကျောက်လိုဏ်ဂူများမှာ ကော့ဂွန်းဂူ၊ ရသေ့ပုံဂူ၊ ဆဒ္ဒန်ဂူ၊ ကော့ကသောင်ဂူ၊ ဘုရင့်ညီနောင်ဂူများဖြစ်ပြီး ထပ်မံထင်ရှားလာသည့် အသွားအလာ ရှိလာသော ဘားအံမြို့ နောင်ပလိန်ကျေးရွာရှိ ကုစ္ဆာသယလိုဏ်ဂူအား သွားရောက်လည်ပတ်သူများ အဆင်ပြေစေရေးအတွက် လမ်းများပြုပြင်ခြင်းနှင့် ရပ်ဝေး ပြည်တွင်းခရီးသွားများ၊ ပြည်ပခရီးသွားများ အဆင်ပြေစွာလည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် အခြေအနေအား သိရှိနိုင်ရန် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများသည် မေ ၁၃ ရက် နံနက် ၈ နာရီခွဲက သွားရောက်ခဲ့ကြကြောင်း သိရသည်။

ကုစ္ဆာသယလိုဏ်ဂူသည် ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် နောင်ပလိန်ကျေးရွာ ဧက ၉၀ ရှိ ကုစ္ဆာသယတောင်တွင် တည်ရှိပြီး ဘားအံ-လှိုင်းဘွဲလမ်းပေါ်မှတစ်ဆင့် မဲဘောင်ရွာ-နောင်ပလိန်ရွာလမ်းအတိုင်း ခုနစ်မိုင်ခန့်သွားပါက မုခ်ဦးကို တွေ့ရပြီး မုခ်ဦးမှ ဂူဝသို့ မြေသားလမ်းငါးဖာလုံခန့် တောလမ်းအတိုင်း သွားနိုင်သည်။

လိုဏ်ဂူ၏ အနေအထားမှာ ထုံးကျောက်လိုဏ်ဂူ အမျိုးအစားဖြစ်ပြီး ဂူဝသည် မြေပြင်နှင့် တစ်ညီတည်းရှိကာ ဂူအဝင်ဝတွင် လျောင်းတော်မူရုပ်ပွားတော်ကို ဖူးမြော်နိုင်သည်။ နှစ်ဖက်ပေါက် ရေဝင်ဂူဖြစ်ပြီး ဂူအတွင်းအရှည်ပေ ၁၀၀၀ ကျော်နီးပါးရှိကာ လေဝင်လေထွက် ကောင်းမွန်သည်။

ဂူအတွင်း နှစ်လမ်းသွားနိုင်သည့် အပြင် နှစ်ဆင့်နှစ်လွှာဖြစ်နေကာ ကျောက်စက်မိုးမျှော်များ၊ ပြောင်ချောလှပသော ဂူအမိုးမျက်နှာကြက်များ၊ ဂူနံရံများတွင် ကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်ပန်းဆွဲများဖြင့် အခန်းငယ်သဏ္ဌာန်များ၊ မိုးတွင်းကာလတွင် စမ်းချောင်းများ၊ ဂူအလယ်ပိုင်းတွင် ကျယ်ပြန့်သော မြေပြန့်ကြီးတစ်ခုတွေ့နိုင်ပြီး ရှေ့ဆက်သွားပါက ကျဉ်းမြောင်းသော ဂူပေါက်အားပေ ၃၀ ခန့် ငုံ့ဝင်ကျော်လွန်ပါက ဂူအဆုံးနေရာ အခန်းတစ်ခုကဲ့သို့ တွေ့မြင်ရပေသည်။ ထိုနေရာမှ ဂူအဆုံးတွင် အမြင့် ၁၀ ပေခန့်တွင် အလင်းပေါက်ကိုတွေ့ရပြီး ကျဉ်းမြောင်းသည့် ဂူထွက်ပေါက်အပြင်သို့ ဝါးလှေကားငယ်ဖြင့်တက်၍ ထွက်နိုင်နိုင်သည်။

ကရင်ပြည်နယ်အနေဖြင့် ဘားအံမြို့ကို ဗဟိုပြု၍ သွားလာနိုင်သော သဘာဝလိုဏ်ဂူများ၊ ရိုးရာဒေသဓလေ့များရှိခြင်း၊ သဘာဝ အလှအပများနှင့် ရေပူစမ်းများ၊ ရေကန်များ၊ ရေအိုင်များ၊ ရေတံခွန်များရှိခြင်းကြောင့် ခရီးသွားများ အပန်းဖြေခြင်း၊ ရေကူးခြင်း၊ ရေပူချိုးခြင်း စသည်ဖြင့် ခံစားနိုင်ခြင်းကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလျက်ရှိရာ ဘားအံမြို့သည် အာဆီယံ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း (မြို့ပြခရီးစဉ်ဒေသဆု - ASEAN Sustainable Tourism Award 2018)ကို ချီးမြှင့်ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ ကုစ္ဆာသယလိုဏ်ဂူသည် ဘားအံမြို့၏ ခရီးသွားများ စိတ်ဝင်စားစေသည့် အထင်ကရ သဘာဝဂူတစ်ခု ထပ်တိုးလာပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ဒေသခံ တိုင်းရင်းသားပြည်သူများ အဆင်ပြေစေရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သဘာဝအလှတရားများ ပျောက်ကွယ်စေမည့် ပြုပြင်မွမ်းမံမှုများ မရှိစေရေး၊ သွားလာမှု ပိုမိုအဆင်ပြေစေရန်မုခ်ဦးဝမှငါးဖာလုံရှိ မြေသားလမ်းနှင့် ခရီးသွားများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များအား ကြည့်ရှုခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ကျွဲခေါင်းကြီးတာ ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်

**မြန်အောင် မေ ၁၃**



မြန်အောင်မြို့နယ် ကျွဲခေါင်းကြီးတာ မြန်အောင်တာမိုင် ၂၉/၀ မှ ၃၀/၁ အတွင်း အုန်းတိုင်အခြေပြုရေကာတာတန်းအား ဒေသခံပြည်သူများ လှူဒါန်းသော အုန်းလုံး၊ ထန်းလုံးများ၊ သစ်တောဦးစီးဌာနမှ ပေးပို့သော မျောတိုင်များနှင့်မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက်အထိ ပေ ၂၅၀ အရှည် ရေကာတန်းနှစ်တန်းပြုလုပ်ပြီး ကမ်းထိန်းတာဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချိုချိုထံမှ သိရသည်။

မြန်အောင်တာမိုင် ၃၀/၀ ရှိ ကျွဲခေါင်းကြီးတာကို ၂၀၁၇ ခုနှစ်က ကျွဲခေါင်းကြီးပန်းတာ တာတမံအရှည် ပေ ၃၉၄၀၊ တာထိပ်အကျယ် ၁၂ ပေ ပြုလုပ်ထားပြီးဖြစ်သည်။ ယခု ထပ်မံ၍ ကျွဲခေါင်းကြီးတာ မြန်အောင်တာမိုင် ၂၉/၀ မှ ၃၀/၁ အတွင်း အုန်းတိုင်အခြေပြုရေကာတာတန်း ပြုလုပ်ခြင်းအားဖြင့် နှစ်စဉ် မြစ်ရေကြီးချိန် တာတမံအစိတ်အပိုင်းများတွင် ရေပေါက်ပေါက်ခြင်း၊ ကမ်းပြိုကမ်းစားမှုများ ဖြစ်ပေါ်ခြင်း၊ မိုးရာသီကာလ တာတမံကျိုးပေါက်ခြင်း အန္တရာယ်တို့ကို တားဆီးနိုင်မည်ဖြစ်ကြောင်းနှင့် လယ်မြေဧကများစွာ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမိုလ် (ပြန်/ဆက်)**

## ရှားတောကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စဉ်ဆက်မပျက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၃**

ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးစသည့် စီမံကိန်းသုံးခုဖြင့်အခြေခံပြီး ဆောင်ရွက်ရမည့် ကျေးရွာသစ်စီမံကိန်း(SMU)ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)တို့ ပူးပေါင်းဆောင်ရွက်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရှားတောကျေးရွာမှ ကျေးရွာသစ်လှုပ်ရှားမှုကော်မတီအနေဖြင့် ကျေးရွာနေပြည်သူများနှင့်အတူ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပျက်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျေးရွာသစ်စီမံကိန်းကို မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာပေါင်း ၁၁၀ ကို စိုက်ပျိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး နေပြည်တော်၌ ဒက္ခိဏသီရိမြို့နယ်တွင် ၂၈ ရွာ၊ လယ်ဝေးမြို့နယ်တွင် ငါးရွာ၊ ပျဉ်းမနားမြို့နယ်တွင် လေးရွာနှင့် ဇမ္ဗူသီရိမြို့နယ်တွင် သုံးရွာ စုစုပေါင်း စီမံကိန်းကျေးရွာ ၄၀ ရှိကြောင်း၊ ကျေးရွာသစ်စီမံကိန်းထဲမှ ကျေးရွာတစ်ရွာကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ နှစ်သောင်းစီ ချထားပေးပြီး လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးတွင် ၄၀ ရာခိုင်နှုန်း၊ ဝင်ငွေတိုးတက်ရရှိရေးတွင် ၅၀ ရာခိုင်နှုန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် ၁၀ ရာခိုင်နှုန်း အသီးသီးခွဲဝေအသုံးပြုရပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကဏ္ဍတစ်ခုချင်းစီတွင် ခေါင်းဆောင်များ ကြီးကြပ်၍ ကျေးရွာနေပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရကြောင်း၊ နှစ်ကုန် အကဲဖြတ်ချက်များအရ (A)အဆင့်ရရှိသောကျေးရွာများအား အမေရိကန်ဒေါ်လာနှစ်သောင်းနှင့် (B)အဆင့်ရရှိသော ကျေးရွာများအား အမေရိကန်ဒေါ်လာတစ်သောင်းစီ ထပ်ဆောင်းဆုငွေများ ချီးမြှင့်ပေးကြောင်း သိရသည်။

**သန့်မောင်**

## မိုးကြိုကာလ ရေလျှံမှုမဖြစ်ပေါ်စေရေး စက်အား၊ လူအားဖြင့်ဆောင်ရွက်



**မင်္ဂလာတောင်ညွန့် မေ ၁၃**

တောင်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်သန်းထွဋ် ဦးဆောင်ကာ ခရိုင်အတွင်းရှိ မြို့နယ်ခုနစ်ခုမှ စုပေါင်းအင်အား ၇၀ နှင့် သန့်ရှင်းရေးဌာန ခရိုင်မှူး ဦးသက်ဝေ ဦးဆောင်သည့် မြောင်းရှင်းလုပ်သား ၂၀ နှင့် လမ်းတံတား၊ ပန်းဥယျာဉ်နှင့် ရေသန့်ဌာန ဝန်ထမ်း ၁၅ ဦး စုစုပေါင်း ၁၀၅ ဦးဖြင့် စက်အားလူအားသုံးကာ မေ ၁၂ ရက် နံနက်က မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းနှင့် သပြေကုန်းရပ်ကွက်တို့အား ဖြတ်သန်းသည့် ဦးမြတ်စံလမ်း အရှည်ပေ ၁၃၀၀ ခန့် ဝဲ/ယာ ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ပေးခဲ့ကြသည်။

“ဒီရပ်ကွက်နှစ်ခုလုံး နောက်ဖေးလမ်းကြားတွေကို စည်ပင်က အမှိုက်တွေထုတ်ယူရှင်းလင်းပေးပြီးဖြစ်ပါတယ်၊ ယခုအခါ ရေနုတ်မြောင်းတွေ ရေမလျှံစေရေး ဆောင်ရွက်ပေးတဲ့အတွက် မိဘပြည်သူတွေကိုယ်စားကျေးဇူးတင်ပါတယ်” ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပြောသည်။

“မိဘပြည်သူတွေအနေနဲ့ နောက်ဖေးလမ်းကြားနဲ့ ရေနုတ်မြောင်းတွေထဲကို အမှိုက်များစည်းကမ်းမဲ့ မစွန့်ပစ်ဘဲအသိစိတ်ရှိရှိ ကူညီဖို့သာလိုအပ်ပါတယ်၊ နှစ်ရပ်ကွက်ပေါင်းလူဦးရေ သုံးသောင်းခန့်ရှိပြီး ကိုယ်စီကိုယ်စီတာဝန်သိစိတ်ဖြင့်နေထိုင်ကြမယ်ဆိုရင် ရေဝပ်ရေလျှံမှုတွေလည်း ကင်းဝေးမှာပါ” ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမင်းလှိုင်က ပြောသည်။

၁၉၇

## မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်၊ မစိုးရိမ်တိုက်သစ်

## စာအောင်ဆု ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်း စီမံကိန်း

စာအောင်သံဃာတော်အရှင်သူမြတ်တို့အား (ဘဏ်တိုး) ဖြင့်

(နှစ်စဉ်) စာအောင်ဆုလှူဒါန်းနိုင်ရန်

**စာအောင်ဆု ထာဝရ ငွေပဒေသာပင် ကျပ်သိန်း(၁)သောင်းစီမံကိန်းကို**

**စတင်အကောင်အထည်ဖော်လျက်ရှိပါသည်**

သို့ဖြစ်ရာ အလှူရှင်များအနေဖြင့် ကျပ်(၁)သိန်းနှင့် ကျပ်(၁)သိန်းအထက် စာအောင်ဆု ထာဝရငွေပဒေသာပင်များကို အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်၍ စိုက်ထူလှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

(၁) နာယကဆရာတော်များ ဖုန်း -092002625(-4-3)

(၂) ဦးကင်းဝန် (ဂေါပက) ဖုန်း-09-5302137

အလှူရှင်များ၏ လှူဒါန်းငွေများကို (လစဉ်အလိုက်) သတင်းစာများမှ ဖော်ပြပေးသွားပါမည်။

**ဧပြီလ အလှူရှင်စာရင်း**

| | | | |
|---|---|---|---|
| ၁ | ဟင်းရွက်စုရွာ ရွာဦးကျောင်းဆရာတော် ဦးသောဘိတနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ | ဟင်းရွက်စုရွာ၊ ပုသိမ်ကြီးမြို့နယ် | 30000000 |
| ၂ | ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း)-ဒေါ်မြတ်ငွေ သားသမီးမြေးမိသားစု | မန္တလေးမြို့ | 2500000 |
| ၃ | ကွယ်လွန်သူ ဖခင်ကြီး ဦးညွန့်မောင်-မိခင်ကြီး ဒေါ်စောတင်တို့အား ရည်စူး၍ ကျန်ရစ်သူသားသမီးမြေးများ | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ | 1500000 |
| ၄ | ဦးမောင်ကို-သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥ ထာဝရကုမ္ပဏီလီမိတက်နှင့် ရွှေဥသြရွှေဆိုင် မိသားစု | မန္တလေးမြို့ | 1000000 |
| ၅ | နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးမျိုးညွန့်အောင်-ဒေါ်ယဉ်မင်းထွန်း သား ရော်နယ်အောင် မိသားစု | ရန်ကုန်မြို့ | 1000000 |
| ၆ | ဦးထွန်းအောင်ကျော်-ဒေါ်နွယ်နွယ်ရီ သမီး မနှင်းပွင့်ဖြူ မိသားစု | ၂၈လမ်း၊ မန္တလေးမြို့ | 1000000 |
| ၇ | နှစ်ဖက်သော မိဘများကို အမှူးထား၍ ဦးကျော်ကျော်ဇင်-ဒေါ်ခင်ခင်ချောလွင် သမီး မအိမ့်မြတ်ချယ်၊ သား မောင်အောင်ဘုန်းခန့် မိသားစု | မန္တလေးမြို့ | 500000 |
| ၈ | ဖခင်ကြီး မိခင်ကြီးဒေါ်အေး၊ အစ်ကိုကြီးများဖြစ်သော ဦးအုန်းကြိုင်အေး ဦးလှိုင်ဝင်းအေးတို့အား ရည်စူး၍ ဒေါ်ခင်မွန်အေး မိသားစု | ရွှေတောင်ကြား(၂)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ | 500000 |
| ၉ | ဦးမောင်မောင်အား ရည်စူး၍ ဒေါ်ခင်မွန်အေး မိသားစု | ရွှေတောင်ကြား(၂)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ | 500000 |
| ၁၀ | ဦးခင်မောင်နီ-ဒေါ်ခင်ခင်သိန်း မိသားစု | မလွန်ရပ်၊ မန္တလေးမြို့ | 300000 |
| ၁၁ | ဦးမောင်စန်း-ဒေါ်ခင်ညို မိသားစု | တိုက်(၁၃/၁၀၄)၊ အေးရိပ်မွန်(၁)လမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | 200000 |
| ၁၂ | ဦးအာစိဏ္ဏ | ဆုတောင်းပြည့်ကျောင်းတိုက်၊ ချောင်းဦးမြို့ | 200000 |
| ၁၃ | ဦးဝင်းအေး၊ ဦးမြင့်ဆွေ-ဒေါ်စန်းမြင့် မိသားစု | ရန်ကုန်မြို့ | 120000 |
| ၁၄ | ကွယ်လွန်သူ နှစ်ဖက်မိဘများအားရည်စူး၍ ဦးတင်နု-ဒေါ်သီတာကျော်မိသားစု ဦးတင်နု၏ (၆၃)နှစ်မြောက်မွေးနေ့အလှူ | မုံရွာမြို့ | 100000 |
| ၁၅ | ဦးအောင်ကြည်-ဒေါ်သန်းညွန့် သမီး ဒေါ်နုနုယဉ် မိသားစု | အမှတ်(၁၄၅၄)၊ ထူပါရုံ(၁၂)လမ်း၊ အရှေ့သာကေတ၊ ရန်ကုန်မြို့ | 100000 |
| ၁၆ | အရှင်ကုန္ဒောဘာသ | အောင်ရတနာကျောင်း၊ ပိတ္တောကျေးရွာ၊ ရွှေဘိုမြို့နယ် | 100000 |
| ၁၇ | ဖခင်ကြီးဦးတင်စ-မိခင်ကြီးဒေါ်ခလေးတို့အား ရည်စူး၍ သမီးဒေါ်သင်းသင်းမာ နှင့် ညီအစ်ကိုမောင်နှမများ | ဝေနက္ခန်သာ(၅)လမ်း၊ ပုသိမ်မြို့ | 100000 |
| ၁၈ | ကွယ်လွန်သူ ဒေါ်ဆွေဆွေ(အထက-၁၊ ငြိမ်း)အားရည်စူး၍ ကျန်ရစ်သူမိသားစု | မန္တလေးမြို့ | 100000 |
| ၁၉ | ဦးမောင်စိန်-ဒေါ်အမာစိန် သား မောင်ဇော်ဇော်၊ သမီး မဆွေဆွေ၊ မတင်နီလာထွန်း မိသားစု | သံ/အနောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ | 100000 |
| ၂၀ | ဒေါ်တင်ယု မောင်နှမတစ်စု | အမှတ်(၅၃)၊ သရက်မြိုင်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၁ | ကိုဇော်မင်းသန့်-မနီနီမင်းမြတ် မိသားစု | တိုက်(၁၆/၁၀၅)၊ အေးရိပ်မွန်(၁)လမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၂ | ဦးပင်ဟုန်-ဒေါ်ကျင်မေ မိသားစု | အသုတ်မြို့၊ ရေကြည်မြို့နယ် | 100000 |
| ၂၃ | ကိုကျော်သူ-မနန်းစန္ဒာ သား မောင်သူရကျော်၊ သမီး မကြယ်ဇင်လင်း မိသားစု | ရတနာပုံဈေး၊ မန္တလေးမြို့ | 100000 |
| ၂၄ | ဦးဓမ္မောဒယ | မစိုးရိမ်ကျောင်းတိုက်၊ ဆင်တဲတိုက်၊ အရှေ့ပြင်၊ မန္တလေးမြို့ | 100000 |
| ၂၅ | ဒေါ်ခင်ခင်၊ ဦးမျိုးမြင့်အောင် | အမှတ်(၁၇၀)၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ | 100000 |
| ၂၆ | ဖခင်ကြီးဦးကျော်ငန်း-မိခင်ကြီးဒေါ်လှနှင့် ခင်ပွန်း ဦးအောင်ကြည်တို့အား ရည်စူး၍ ဒေါ်တင်တင်ဝင်း မိသားစု | အမှတ်(၁၅)၊ ခတ္တာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၇ | အဖ ဦးအေးမောင်-အမိ ဒေါ်တင်ယုံနှင့် အစ်ကို ဦးအေးကျော်တို့အားရည်စူး၍ ဒေါ်အေးမြင့် မိသားစု | တိုက်(၂၁)၊ အခန်း(၄)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၈ | ကွယ်လွန်သူနှစ်ဖက်မိဘများနှင့် ဆွေမျိုးတို့အား ရည်စူး၍ ဦးကျော်စိုး-ဒေါ်စန္ဒာဝင်းနှင့် ကျန်ရစ်သူမိသားစု | အမှတ်(၁၃/၆-A)၊ သခင်ဘစိန်ထိမ်း၊ (၃၁)ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့ | 100000 |
| ၂၉ | ဦးအောင်စိုး-ဒေါ်ဆွေဆွေနွယ်၊ သမီး မဟန်နီအောင်စိုး၊ သား မောင်အောင်ကောင်းမြတ် မိသားစု | အမှတ်(၁၁)၊ (၆)လွှာ၊ (၁၄၆)လမ်း၊ တာမွေမြို့နယ် ရန်ကုန်မြို့ | 100000 |
| ၃၀ | ဦးမျိုးညွန့်-ဒေါ်ခင်ခင်အေး မိသားစု နှစ်ဦးအလှူ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၁ | ကိုဇေယျာမျိုးညွန့် မွေးနေ့အလှူ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၂ | ဒေါ်ခင်ငွေး မိသားစု အသက်(၇၀)ပြည့်မွေးနေ့အလှူ | အမှတ်(၇၉၁)၊ (၃၁)ရပ်ကွက်၊ ဗိုလ်ဗလလမ်း၊ ဒဂုံမြောက်ပိုင်း၊ ရန်ကုန်မြို့ | 100000 |
| ၃၃ | ပညာရိပ်သာကျောင်း ဆရာတော် ဦးကုန္ဒာစာရနှင့် ဒါယကာ၊ ဒါယိကာမများ | ပညာရိပ်သာကျောင်း၊ အမှတ်(၂)ဝိုင်းကျောင်းတိုက်၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ | 100000 |
| ၃၄ | ကွယ်လွန်သူ ဦးရွှေအား ရည်စူး၍ ဒေါ်မူမူမြင့်၊ သား မောင်နေဦး မိသားစု | အမှတ်(၉)၊ ဒုတိယထပ်၊ (၁၀၆)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၅ | ဓမ္မသဟာယအဖွဲ့ | မန္တလေးမြို့ | 100000 |
| ၃၆ | ဦးဇော်လွင်-ဒေါ်စုစု သမီး မသီရိဇော် ဝါဝါဝင်းရတနာရွှေဆိုင် မိသားစု | တောင်ငူမြို့ | 100000 |
| ၃၇ | တရားလွှတ်တော်ရှေ့နေကြီး ဦးသောင်းလွင်(အင်္ဂလိပ်စာ) အသက်(၈၀)ပြည့် မွေးနေ့အလှူ | လမ်း(၃၀)၊ လမ်း(၉၀)၊ မန္တလေးမြို့ | 100000 |
| ၃၈ | ဦးပညာတိက္ခ စစ်ကိုင်းတိုင်းဒေသကြီး အကျိုးတော်ဆောင်ဆရာတော် | တတိယဂျိုးဖြူကျောင်း၊ မဟာဇောတိကာရာမ ပါဠိတက္ကသိုလ်စာသင်တိုက်၊ မုံရွာမြို့ | 100000 |
| ၃၉ | ဦးစိုးမြင့်-ဒေါ်စန်းစန်းတင့် သားသမီးမြေးမိသားစု | အမှတ်(၃၉)၊ ၃/ခ၊ ဂန္ဓမာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၄၀ | ဒေါက်တာအောင်ကျော်စိုး | အမှတ်(၂၄၅)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | 50000 |
| ၄၁ | ဒေါ်ချိုချိုခိုင် | ကျားမင်းပွဲရုံ၊ ဘုရင့်နောင်၊ ရန်ကုန်မြို့ | 50000 |
| ၄၂ | ဦးဝင်းတင့်အောင်-ဒေါ်နှင်းဝေခိုင် သား မောင်သု မိသားစု | အမှတ်(၁၇၀)၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ | 50000 |
| ၄၃ | မတင်တင်ဦး | အမှတ်(၅၃)၊ ဝတ်ကျောင်းလမ်း၊ ရေကျော်ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ | 50000 |
| ၄၄ | မောင်ထွန်းလင်းကျော်၊ မခိုင်ဖြိုးလှိုင်၊ မသန်းသန်းမြင့် | အမှတ်(၁၇၀)၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ | 30000 |
| | | | 42150000 |

### ဓမ္မစာပေသင်တန်းများ ဖွင့်လှစ်ပို့ချပါမည်

သရဏာဂုံဆရာတော် အရှင်ကဝိန္ဒာဘိဝံသ(သိရီပဝရ၊ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ပိဋကတ်တစ်ပုံဆောင်၊ဓမ္မစာပေဆုများရှင်)

| ရက်၊နေ့၊အချိန် | နေရာဌာန | သင်မည့်ဘာသာရပ် |
|---|---|---|
| ၂၇-၅-၂၀၁၈-မှစတင်၍ အပတ်စဉ် (စနေ+တနင်္ဂနွေ) နံနက်(၈း၀၀)မှ(၁၁း၀၀)နာရီထိ | ပစ်တိုင်းထောင်ဓမ္မာရုံ ပေါက်တောဝမီးပွိုင့်အနီး ဘုရင့်နောင်လမ်း၊အင်းစိန် | အဘိဓမ္မာ (ပရမတ္ထသံခိပ်) နှင့် ဂုဏ်တော်ကျင့်စဉ် ဖုန်း- ၀၉-၃၈၅၃၇၇၆၆၅၀ ၀၉-၄၄၀၄၁၀၄၂၀ |
| ၁၂-၅-၂၀၁၈-မှ စတင်၍ အပတ်စဉ် (စနေ+တနင်္ဂနွေ) မွန်းလွဲ(၁း၀၀) မှ (၄း၀၀)နာရီထိ | သုခဓမ္မဗလ ဓမ္မာရုံ ဉာတိလမ်း၊ သဃ်န်းကျွန်း | အဘိဓမ္မာ(ပရမတ္ထသံခိပ်) နှင့် ဂုဏ်တော်ကျင့်စဉ် ဖုန်း-၀၉-၅၀၂၉၁၉၄ |




ရောင်ခြည်ထိစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

သင့်သွေးဖြင့်
အသက်ကယ်ပါ

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၂၆)နေ ဦးတင်ဝင်း[၁၂/ကမတ(နိုင်)၀၁၆၁၄၈]သည် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၃)လမ်း၊ အမှတ်(၇၃)၊ (၅)လွှာ(ခေါင်းရင်းဘက်ခြမ်း)အား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးစိန်း** — **ဒေါ်ခင်နီနီလှိုင်**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၀၄၈)** — **အထက်တန်းရှေ့နေ (စဉ်-၃၉၁၁၂)**

**အမှတ်(၅၅)၊ အခန်း-၁၅/က၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့**

### ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်ပြေလမ်း(၂၂)အရှေ့၊ အိမ်အမှတ်(၉)ပေါ်ရှိ ဒုတိယထပ်တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်ပြေလမ်း(၂၂)အရှေ့၊ အိမ်အမှတ်(၉)တွင် (အလျား×အနံ) ပေ(၄၀×၆၀) အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်အဆောက်အအုံမှ ဒုတိယထပ်တိုက်ခန်းဟုခေါ်တွင်သော (အလျား×အနံ) ပေ(၁၈×၆၀) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေပိုင်ရှင် တရားဝင်ပိုင်ဆိုင်ထားသော ဦးသောင်းမြင့်[၁၂/သကတ(ပြု)၀၀၀၃၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငွေငွေသန်း[၁၂/ဒပန(နိုင်)၀၂၆၃၂၃]သည် ၂၅-၈-၂၀၁၇ရက်တွင် ဥပဒေနှင့်အညီ လက်ရောက်လက်ခံ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငွေငွေသန်းထံမှ တရားဝင်ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အမည်ပြောင်းလဲခြင်း၊ အခြားသောကိစ္စရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ သိရှိခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက ဖြစ်ပေါ်လာမည့် အကျိုးအပြစ်တို့ကို ပြုလုပ်သူမှ တာဝန်ယူရမည်ဖြစ်ပြီး လိုအပ်လာပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-ဦးကျော်ကျော်လှိုင်(LL.B,D.B.L,W.I.P.O (Switzerland)**

**အထက်တန်းရှေ့နေ(စဉ်-၃၂၆၂၃)**

**အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ ဖုန်း-၀၉-၄၂၀၁၆၂၄၈၁**


Red Bull
ကျွဲရိုင်း သောက်ပြီး သူဌေးလောင်းဖြစ်မယ့် ကံစမ်းမဲ
ကျပ်သန်း ၅၀၀ ကျော်
တန်ဖိုးရှိသော ဆုမဲများ
VIOS
TOYOTA VIOS ကား ၃ စီး
ရွှေဆွဲကြိုး ၁၅၀ ကုံး
ကျွဲရိုင်းဘူး ၇သိန်း၅သောင်း
RED BULL MYANMAR
Find more information on our facebook fan page
Fan Page တွင် အသေးစိတ်သိရှိနိုင်ပါသည်။
စည်းကမ်းချက်များ
ကျွဲရိုင်းအချိုရည်ဘူးပေါက်သော ကံစမ်းမဲကို ကံစမ်းမဲပြုလုပ်သော အရောင်းဆိုင်များတွင် ချက်ချင်းထုတ်ယူနိုင်ပါသည်။
ကားနှင့် ရွှေဆွဲကြိုးများပေါက်ပါက ရန်ကုန်မြို့ Pahtama Group Co., Ltd ဖုန်း - ၀၁ ၅၈၀၆၄၉ ၊ ၀၁ ၅၈၀၄၃၃ နှင့် မန္တလေးမြို့ ဖုန်း - ၀၂ ၈၂၁၇၄ ၊ ၀၂ ၈၂၁၇၅ ၊ ၀၂ ၈၂၁၇၆ ၊ ၀၉ ၆၇၇ ၈၇၉ ၅၈၇ ကို ဆက်သွယ်ပြီး ဆုမဲထုတ်ယူရမည့် နေ့ရက်အား ချိန်း၍ ထုတ်ယူရမည်ဖြစ်သည်။
ဆုမဲကိစ္စနှင့် ပတ်သက်၍ အငြင်းပွားဖွယ် တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက T.C Pharmaceutical Industries Co., Ltd ရဲ့ ဆုံးဖြတ်ချက်သာ အတည်ဖြစ်ပါသည်။
ဆုမဲပေါက်သော ဘူးအဖုံးခွံများ ပျောက်ဆုံး၊ ပျက်စီးပါက ဆုမဲများ ထုတ်ယူခွင့်မရှိပါ။
ကားလိုင်စင်သည် ရန်ကုန်တိုင်းမှလွဲ၍ မည်သည့်တိုင်းနှင့် ပြည်နယ်မဆို အမည်ပေါက်လျှောက်ထားနိုင်သည်။
Pahtama Group Co., Ltd ဝန်ထမ်းများနှင့် Red Bull Myanmar မှ ဝန်ထမ်းများ ပါဝင်ကံစမ်းခွင့်မရှိပါ။
ကံစမ်းမဲကာလမှာ ၂၀၁၈ ခုနှစ် မေလ ၁ ရက်နေ့မှ စတင်မည်ဖြစ်ပြီး ဆုမဲများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ထုတ်ယူနိုင်ပါသည်။
ကန့်သတ်ချက်များနှင့် ဆုမဲများ ပြောင်းလဲခြင်းရှိပါက ကုမ္ပဏီမှ ကြိုတင်အကြောင်းကြားခြင်း မရှိပါ။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဗိုလ်မှူး ဗိုလ်ထွန်း(ငြိမ်း)

**အသက်(၇၈)နှစ်**

**(လေ-၁၃၇၂)**

**တရားဥပဒေနှင့် ပြည်သူ့စီမံခန့်ခွဲရေးရာကော်မတီဝင်(ငြိမ်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ သရက်တောလမ်း၊ အမှတ်(၂၅)နေ ဦးထွန်းဦး-ဒေါ်စိန်တို့၏သား၊ ဦးစိုးညွန့်-ဒေါ်ခင်မေတို့၏ သားသမက်၊ ဒေါ်အုန်းမြင့်(ခ) ဒေါ်အေးမိစံ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သီတာအေး၊ ဗိုလ်မှူးမောင်မောင်ရွှေမိုး(ငြိမ်း) (Eager Communications Group Co., Ltd)-ဒေါ်ခင်လဲ့ဝင်း၊ ဗိုလ်မှူးမောင်မောင်မြမိုး(ငြိမ်း) (မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်ဝါဝါမင်း၊ ဦးမောင်မောင်လှမိုး(Sanko Denki Myanmar Co., Ltd./F&P Myanmar Co., Ltd)-ဒေါ်ခင်လေးအောင်၊ ဦးသန်းဝင်း (Diamond Voyage Co., Ltd)-ဒေါ်နီလာအေး(Telecom International Myanmar Co., Ltd)၊ ဦးဇော်ထွန်းဝင်း(ဌာနစုမှူး-၁)(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်စန္ဒာအေး(ဌာနစုမှူး-၂) (နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်တို့၏အဘိုး ဗိုလ်မှူးဗိုလ်ထွန်း(ငြိမ်း)သည် ၁၃-၅-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင်(ခ)လင်ဘိတင်း

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၈၇)နေ (ဦးကြည်လင်း)၏ဇနီး၊ ဦးဝင်းသန်း-ဒေါ်တင်တင်ဝင်း၊ ဦးရဲထင်-ဒေါ်ခင်ထွေးရီ၊ ဦးရဲလင်း-ဒေါ်ကြည်ကြည်အေးတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွား ဒေါ်တင်တင်(ခ)လင်ဘိတင်း သည် ၁၃-၅-၂၀၁၈ ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးရဲမောင်(မင်္ဂလာတောင်ညွန့်)

**အသက်(၆၁)နှစ်**

**စိန်မိုက်ကယ် အ-ထ-က(၅)၊ ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၈)ရပ်ကွက်၊ သူရလမ်း၊ အမှတ်(၁၁၇)နေ [ဗိုလ်ကြီးစံရွှေ(ငြိမ်း)-ဒေါ်ကြည်]တို့၏ သား၊ (ဦးစိုးညွန့်)-ဒေါ်တင်ရီတို့၏သားသမက်၊ (ကပ္ပတိန်ဦးရဲညွန့်-ဒေါ်မြမြသန်း)၊ ဦးစိန်မောင်ဦး-ဒေါ်ခင်ခင်ကြီး၊ ဦးရဲမြင့်-ဒေါ်သန်းသန်းနွယ်တို့၏ ညီ/မောင်၊ ဦးရဲနောင်-ဒေါ်ခင်သန်းဌေးတို့၏အစ်ကို၊ ဒေါ်စိုးစိုးရီ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲမင်းဟိန်း၊ ကိုဇော်မျိုးအောင်-မယဉ်မင်းဟန်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မဆုသက်မွန်၏ အဘိုးသည် ၁၃-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးသန်းနိုင် (နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)

**အသက်(၇၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်နေ (ဦးသန်းတင်-ဒေါ်ဘုမ)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးဘိုးသောင်း-ဒေါ်ရွှေသီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၀)ရပ်ကွက်၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၁၃)နေ ဒေါ်တင်ဦး (သစ်တောရေးရာဝန်ကြီးဌာန-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးအောင်၊ (ဦးတင်ဝင်း)-ဒေါ်အေးမို၊ (ဦးမောင်ဇော်-ဒေါ်လှဌေး)၊ ဦးတင့်လွင်-ဒေါ်အေးဖြူမေ၊ (ဦးချစ်ဆွေ)-ဒေါ်အေးအေးမြင့်၊ (ဦးတင်ဌေ)-ဒေါ်ခက်ခက်မြင့်၊ ဦးတိုးကြီးစိုး-ဒေါ်ကြိုင်တို့၏အစ်ကိုကြီး၊ ဦးတင်မောင်နိုင်(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်သက်နှင်းဦးတို့၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ၁၄ ယောက်တို့၏ ဘကြီး၊ မအေးမြသက်နိုင်၏ ချစ်လှစွာသောအဘိုးသည် ၁၃-၅-၂၀၁၈ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈(အင်္ဂါနေ့) နံနက် ၁၀နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အညွန့်(မာန်အောင်) (၇၇)နှစ်

**(သူနာပြု-ငြိမ်း)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာအနောက်(၁၅)လမ်း၊ အမှတ်(၆၁၇)နှင့် ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ကမ်းနားရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးဖြူ၏ဇနီး၊ ကိုညီညီ-မဖြူဖြူညွန့်၊ ကိုအောင်နိုင်တွန်း-မခင်ခင်ဝင်းရွှေတို့၏မိခင်၊ မောင်သာလင်းထက်၊ မောင်ဟိန်းထက်၊ မောင်ဉာဏ်လင်းထက်တို့၏အဘွားသည် ၁၁-၅-၂၀၁၈ရက် ည ၉း၂၀နာရီတွင် အောင်ရတနာဆေးရုံ(တောင်ဥက္ကလာ)၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သာကေတနေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၈ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြင်တီ (၇၈)နှစ်

**အတွင်းရေးမှူး(ငြိမ်း)၊ မြန်မာနိုင်ငံစာစစ်အဖွဲ့**

ရန်ကုန်မြို့၊ဗိုလ်တထောင်မြို့နယ်၊(၅)ရပ်ကွက်၊ (၅၂)လမ်း၊အမှတ်(၃၂)၊ အခန်း(၁၁)နေ (ဦးဖောငါး-ဒေါ်ခင်)တို့၏သမီးကြီး၊ ဦးဖေကြည်-ဒေါ်ကြင်မြင့်၊ ဦးနေဝင်း-ဒေါ်ကျင်အေး၊ (ဒေါ်ကြင်ဝေ)၊ (ဦးစိုးနိုင်)တို့၏အစ်မကြီး၊ ဦးသီဟဇော်(DISI)-ဒေါ်ဆုမွန်(DPTSC)တို့၏အဒေါ်သည် ၁၂-၅-၂၀၁၈ (စနေနေ့) ည ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၃-၅-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၈ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

မာန်အောင် (အများပိုင်ကုမ္ပဏီ)၊ ဒါရိုက်တာ ဦးဖြူ၏ဇနီး ရဟန်း၊ကျောင်း ဒါယိကာမကြီး ဒေါ်အညွန့် (သူနာပြုဆရာမ-ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန) အသက် (၇၇) နှစ်သည် ၁၁-၅-၂၀၁၈ ရက် ညတွင် ကွယ်လွန်သွားပါသဖြင့် မာန်အောင်အများပိုင်ကုမ္ပဏီအနေဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မာန်အောင်အများပိုင်ကုမ္ပဏီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဒေါ်ခင်ထူး(ထူးဆေးတိုက်)**

**အသက်(၇၆)နှစ်**

သူငယ်ချင်း မသက်သက်ထွန်း B.E(Mechanical)၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နေ ဒေါက်တာဒေါ်ခင်ထူး (ထူးဆေးတိုက်) အသက်(၇၆)နှစ်သည် ၁၁-၅-၂၀၁၈ (သောကြာနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**86/95 RIT သူငယ်ချင်းများ**

---

## အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဟိုဝိန်ဝီး(ခ)ဦးဝီး

**အသက်(၉၀)**

**သင်းပုံ့ပုံ့နွယ်စတိုး၊ တောင်ငူမြို့**

တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ် (၅၉၂)နေ (ဦးဟိုကီး-ဒေါ်မော်ဝီ)တို့၏ ပဌမမြောက်သား၊ ဒေါ်တင်တင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနေမျိုးအောင်-ဒေါက်တာခင်ခင်အေး (ခါတ်မှန်ဆရာဝန်ကြီး အကယ်ဒမီဆေးရုံနှင့် အာရှတော်ဝင်ဆေးရုံ)၊ ဦးဝင်းအောင်-ဒေါ်ကျင်ထွေး၊ ဦးစိန်မြင့်-ဒေါ်ခင်ခင်ယုံ(ကထိက၊အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးအောင်အောင်-ဒေါ်စောသီရိ၊ ဦးအေးမော်-ဒေါ်ခင်ခင်ဂွမ်း၊ ဒေါ်ခင်ခင်သန်း၊ ဒေါက်တာခင်ခင်နွယ်(နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံ)၊ ကိုထွန်းလင်းအောင်တို့၏ကျေးဇူးရှင်ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၁၃-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ငူမြို့ တရုတ်ကောင်းအုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်သင်းမာ

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၉၁၁/ခ)၊ ငွေပုလဲ (၁)လမ်း၊ (၃၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ (ဦးခင်ဖေ-ဒေါ်သန်းစိန်)တို့၏ သမီး၊ (ဦးတင်ရွှေ-ဒေါ်ခင်လှ)တို့၏ သမီးချွေးမ၊ ဦးဝင်းနိုင်၏ ဇနီး၊ ကိုအောင်ပြည့်ဖြိုး-မသင်းသီရိ(ခ)ရွှေဟသ်ာ၊ ကိုအောင်ကိုကို(ခ)ဖိုးခွား-မဆုမြတ်နိုင်၊ မောင်ကောင်းခန့်တို့၏ မွေးသမိခင်၊ မောင်ရဲမြတ်ကျော်ခေါင်၏အဘွားသည် ၁၂-၅-၂၀၁၈ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၈ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းထွန်း

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီ(၁၇)လမ်း၊ အမှတ်(၅၉၄/က)နေ (ဦးကျော်-ဒေါ်မြသိန်း)တို့၏ သား၊ (ဦးစိမ်းမောင်-ဒေါ်ထွေးခင်)တို့၏သားသမက်၊ ဦးထွန်းဦး-(ဒေါ်အေးမိစံ)၊ ဒေါ်ခင်မြင့်၊ ဒေါ်လှရွှေတို့၏မောင်၊ ဦးအောင်ကျော်ထွန်း-ဒေါ်တင်တင်သန်း၊ ဒေါက်တာသန်းဝေ-ဒေါ်နုနုလွင်၊ ဦးမျိုးမင်းသူ-ဒေါ်မိုးမိုးကျော်တို့၏အစ်ကို၊ ဒေါက်တာဖြိုးမြတ်သူ၊ မောင်သန့်စည်သူစိုး(ဒု/အင်္ဂလိပ်စာ)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်ညွန့်ညွန့်ဌေး၏ ချစ်လှစွာသောခင်ပွန်း ဦးထွန်းထွန်းသည် ၁၂-၅-၂၀၁၈ (စနေနေ့) ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၈(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းရီ

**အသက်(၆၃)နှစ်**

**(စမ်းရောစားသောက်ဆိုင်)**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ရာ၊ အမှတ် (B36/A2)နေ ဦးစိန်အောင်၏ဇနီး၊ ဦးထွန်းအောင်ကျော်-ဒေါ်ကေခိုင်အောင်၊ ဦးစိုးမိုးအောင်-ဒေါ်နန်းသီတာလင်းတို့၏မိခင်၊ မခန့်ရတီကို၊ မောင်ထွန်းခိရအောင်တို့၏အဘွား ဒေါ်စန်းရီ သည် ၁၃-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၈ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ကျောင်းအမ

## ဒေါ်ခင်အေးသန်း(ခ)လုံးလုံး

**အသက်(၆၀)**

**(ရွှေတိဂုံစေတီတော်၊ တနင်္လာသန့်ရှင်းရေးအသင်းစာရင်းစစ်)**

ရန်ကုန်မြို့နေ (ဦးချစ်မောင်-ဒေါ်အုံးကြည်)တို့၏ သမီး၊ (ဦးခင်မောင်ချို-ဒေါ်တင်တင်ညို)၊ (ဦးတင်ထွန်း)-ဒေါ်ယဉ်ကြည်၊ (ဦးအောင်သန်း)-ဒေါ်မြသွင်၊ (ဦးခင်ဝင်း-ဒေါ်လှလှမြင့်)၊ (ဦးသိန်းဌေး)၊ ဦးမောင်အေး-ဒေါ်ခင်ဝင်းဌေးတို့၏ ချစ်လှစွာသောညီမ၊ (ဦးလှမင်း)-ဒေါ်မြင့်မြင့်စိန်(တာမွေတရားရုံး)တို့၏ ချစ်လှစွာသောအစ်မ၊ ရန်ကုန်မြို့၊ တိုက် (D/8)၊ ရွှေဇလပ်လမ်း၊ ရွှေပုန်းညွှက်ရိပ်မွန်၊ ကမာရွတ်မြို့နယ်နေ ဦးကျော်သူရ-ဒေါ်စုခိုင်ခိုင်ဝင်းတို့၏ ချစ်လှစွာသောအဒေါ်၊ တူ/တူမ ၁၈ ယောက်တို့၏ ချစ်လှစွာသောအဒေါ်သည် ၁၂-၅-၂၀၁၈ရက် မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မြတ်သူ(ခ)အပြုံး

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်ဒုံ(၃)၊ ရွှေသဇင်လမ်းသွယ်၊ အမှတ်(၁၁၈-က)နေ (ဦးသန်းခင်-ဒေါ်ညွန့်ညွန့်မေ)တို့၏ သမီး၊ (ဒေါ်ခင်အေးဇင်)၏ ညီမ၊ ဒေါ်ခင်နိုင်အေး(တွဲဖက်ပါမောက္ခ-ငြိမ်း၊ သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဒေါ်ခင်စိမ်းယုတို့၏အစ်မ ဒေါ်ခင်မြတ်သူ(ခ)အပြုံးသည် ၁၂-၅-၂၀၁၈ (စနေနေ့) ည ၇း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၈ (သောကြာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်စီစီ

**အသက် (၆၁)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် (၈၆)၊ ဘုန်းကြီးလမ်းနေ (ဦးလင်ဟုန်ဝမ်-ဒေါ်နှင်းဝေ)တို့၏ သမီး၊ [ဦးအောင်မြင့်(ခ)ဦးလင်ဟန့်ဘင်]၊ (ဦးလင်ဟုန်ပင်း)၊ ဒေါ်မော်လီတို့၏ညီမ၊ ဒေါ်အေးအေး-ဦးဝင်းစိန်၊ ဒေါ်ခင်မြတ်သင်း-ဦးတင်ဦးတို့၏ အစ်မ၊ တူ/တူမ သုံးယောက်တို့၏ အဒေါ်သည် ၁၂-၅-၂၀၁၈ (သောကြာနေ့) ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၈ရက် နံနက် ၇ နာရီမှ ၁၀နာရီအထိ အမှတ်(၈၆)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## Rev.Lianmang Cinzah

**အသက် (၇၃) နှစ်**

**(B.A, LL.B,B.D,M.Th,TH.D) (တရားသူကြီး-ငြိမ်း)**

**Founder of Myanmar Christian Seminary, Myanmar Christian Mission, Faith Children Home**

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ငဖိုင်သဲကျေးရွာ**

(ဦးနိုင်း-ဒေါ်လှော်နတီလ်)တို့၏သားကြီး၊ ဒေါ်ဒါရ်ထွေး၏ချစ်လှစွာသောခင်ပွန်း၊ U Mg Mg San @ U Satlo-Daw Hnem Cin Thluai၊ U Hre Ling-Daw Iang Hi၊ U Si Hlo-Daw Vakhei၊ U Ra He-Daw Khai Hlao၊ U Lai Tha-Daw Thei Mai တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ဦးဆန်လေးမန်း-ဒေါ်စင်သီယာ၊ ဦးရမ်ကျုံးမန်း-ဒေါ်ရွှေလီခိုင်၊ ဦးပိုင်နောင်မန်း၊ ဦးလျောန်ခွာမန်း-ဒေါ်မေလျန်းပါရ်၊ ဦးဇေလီဆာ-ဒေါ်အက်စ်တာခိုင်၊ ဒေါ်မေရီမြင့်ပါရ်ထွေး၊ Dr. ချယ်ရီမြင့်တို့၏ချစ်လှစွာသောမွေးသဖခင်၊ စူစန်နာပါရ်ဆုန်၊ ဂျိုးဇက် BieRaTheiMa၊ Jessica Maidi၊ MeiMeiPaw၊ Sino, Vapawti၊ ထျန်းကီး Kei RaLiတို့၏ ချစ်လှစွာသောအဘိုး ဦးလျန်မန်းကျင်းဇသည် ၁၂-၅-၂၀၁၈ (စနေနေ့) နံနက် ၇း၃၀ နာရီတွင် အမှတ်(၈၆၀)၊ ဖွံ့ဖြိုးရေးလမ်း၊ ရဲစုမြောက်ပိုင်း၊ ဘွတ်ကြီးကုန်းကျေးရွာ၊ မှော်ဘီမြို့နယ် နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄-၅-၂၀၁၈(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် မင်္ဂလာဒုံမြို့နယ် ခရစ်ယာန်ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်ဝင်း(ခ)တောင်လေကြူး

**အသက် (၆၇)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ် (၁၀၀)၊ ငါးလွှာနေ (ဦးဟန်ထွန်း)-ဒေါ်စောဝှက်တို့၏ သမီးကြီး၊ (ဦးချိန်ဟိုက်-ဒေါ်ရှုအိမ်)တို့၏ သမီးချွေးမ၊ ဦးထွန်းမြင့်-ဒေါ်ခင်ခင်အေး၊ ဦးသန်းမြင့်-ဒေါ်ခင်ခင်ထွေး၊ ဦးအေးစိန်-ဒေါ်ဌေးဌေးမြင့်တို့၏ အစ်မ၊ ဦးမျိုးဝင်း၏ ချစ်လှစွာသောဇနီး၊ မဇင်မာဝင်း၊ မယုယုမွန်၊ မောင်ဝေဖြိုးဟန်၊ မမေသင်းခိုင်တို့၏ ချစ်လှစွာသောမိခင်သည် ၁၃-၅-၂၀၁၈ရက် နံနက် ၁၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည် စူး၍ ၁၉-၅-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ကိုညီထွေးထွန်း(မြိတ်)

**အသက်(၃၇)နှစ်**

**(အထက-၄၊ အလုံ) ကျောင်းသားဟောင်းအဖွဲ့ဝင်**

မြိတ်မြို့နေ (ဦးထွန်းဟန်ရွှေ-ဒေါ်လွယ်တင်)တို့၏ သားထွေး၊ ဒေါ်စောမြင့်၊ (ဒေါ်အေးမြင့်)တို့၏တူ၊ ကိုရဲထွန်း-မဟေမာန်၊ ကိုငွေထွန်းဇော်-မလဲ့ဝင်းလှိုင်၊ ကိုမျိုးသိန်းထွန်း-မစုစုပို၊ ကိုကျော်မင်းထွန်းတို့၏ ညီငယ်၊ မသက်မာဝင်း၏ခင်ပွန်း၊ မောင်မင်းသန့်ဗိုလ်(အထက-၄၊ အလုံ)၏ဖခင် ကိုညီထွေးထွန်း(အထက-၄ ကျောင်းသားဟောင်းအဖွဲ့ဝင်)သည် ၁၂-၅-၂၀၁၈ ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ကိုညီထွေးထွန်း(မြိတ်)

**အသက်(၃၇)နှစ်**

**သီဟရာဇာဆောက်လုပ်ရေး Co., Ltd.**

မြိတ်မြို့နေ (ဦးထွန်းဟန်ရွှေ-ဒေါ်လွယ်တင်)တို့၏ ချစ်လှစွာသောသားထွေး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်နေ ဦးစောဝင်း-ဒေါ်စန်းစန်းယဉ်တို့၏ သားသမက်၊ ကိုနေဇင်ဦး-မယဉ်ညိုဝင်း၊ ကိုအောင်ဖြိုးသူ-မဟေမာဝင်းတို့၏ ညီ/အစ်ကို၊ မသက်မာဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းသန့်ဗိုလ်(အထက-၄၊ အလုံ)၏ မွေးသဖခင်ကျေးဇူးရှင်သည် ၁၂-၅-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိခြင်း

## ဒေါ်ခင်စန်းနွဲ့

**အသက် (၈၁)နှစ်**

ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်စန်းနွဲ့ အသက်(၈၁)နှစ်၏ နောက်ဆုံးခရီးအတွက် အစစအရာရာ စေတနာအပြည့်ဖြင့် ကူညီအားပေးနှစ်သိမ့်ခဲ့ပါသော ဦးသောင်းဟန်-အန်တီဝင်း၊ ဦးပါ-အန်တီလီနှင့် မောင်ညီမလေးများ၊ ကြီးကြီးဒေါ်လီ(ဟသ်ာတ)၊ ဦးစစ်-အန်တီမညွန့်ရီ၊ အန်တီတင်မီ(ကဗျာဆရာမ မအိ)နှင့် မောင်ညီမလေးများ၊ အဒေါ်ကို အမေရင်းကဲ့သို့ပြုစုစောင့်ရှောက်ပေးခဲ့သော ကိုတင်အောင်မိုး-မငုဝါရှိန်နှင့် မမဥမ္မာမွန်(ကညန-သာယာဝတီ)၊ ကိုတာတူး(ဒါရိုက်တာညီညီထွန်းလွင်)နှင့် တူ/တူမလေးများ၊ အစ်မဖြစ်သူ၏နောက်ဆုံးခရီးအတွက် ကိုယ်တိုင်ဆောင်ရွက်ပေးခဲ့သော ဦးကိုလတ် ဦးဆောင်သည့် အလုံသံဝေဂနာရေးအဖွဲ့၊ ပြည်သူ့ကယ်ဆယ်ရေးအဖွဲ့ (ကြို့ကုန်းအရှေ့၊ အင်းစိန်မြို့နယ်)၊ ကော့မှူးမြို့မှ ငယ်သူငယ်ချင်းများနှင့် မိတ်သင်္ဂဟများ၊ အထက(၂)အင်းစိန်မှ ငယ်သူငယ်ချင်းများ၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနနှင့် ဓာတုဗေဒဌာနတို့မှ ငယ်သူငယ်ချင်းများ၊ ကျမ်းစာသင်ကျောင်းလမ်းနှင့် အရှေ့ကြို့ကုန်းရပ်ကွက်မှ ငယ်သူငယ်ချင်းများနှင့်ရပ်ဆွေရပ်မျိုးများ၊ ငွေစံပယ်လိုင်ကုမ္ပဏီ (NZB) နှင့် F.M.I City Development မှ တာဝန်ရှိသူများနှင့် လုပ်ဖော်ကိုင်ဖက်များ၊ စာနာကူညီပေးကြသော ကျောင်းသားမိဘများနှင့် တပည့်လေးများ၊ အရှေ့ကြို့ကုန်းရပ်ကွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များ၊ အင်းစိန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် အမျိုးသမီးကော်မတီဝင်များ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ကျေးဇူးတင်ထိုက်သူအားလုံးကို ရင်နှင့်အမျှ အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရ

**နေပြည်တော် မေ ၁၃**

၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာအသင်းသည် ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ ချန်ပီယံဆုနှင့် လွဲချော်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ချန်ပီယံဆုရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ဒုတိယပိုင်းပေးလိုက်ရသည့် ဂိုးကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲသို့ ပထမဆုံးတက်ရောက်နိုင်ခဲ့သည့် မြန်မာအသင်းသည် အနိုင်ရရန် ကြိုးပမ်းခဲ့သော်လည်း ထိုင်းအသင်းကို အရှုံးပေးခဲ့ရပြီး ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ ထိုင်းအသင်းမှာမူ နှစ်ကြိမ်ဆက် ဗိုလ်စွဲခဲ့သည်။

**စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ○**





# မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် အောင်လအန်ဆန်နှင့် လီအန်ဒရိုတို့ ထိုးသတ်မည်

**ရန်ကုန် မေ ၁၃**

မြန်မာ MMA ကစားသမား အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲအဖြစ် ဇွန် ၂၉ ရက်တွင် ဘရာဇီးနိုင်ငံသား လီအန်ဒရိုနှင့် ထိုးသတ်ရမည်ဖြစ်သည်။ ဝိတ်တန်းနှစ်ခုတွင် ချန်ပီယံဆုရထားသည့် အောင်လအန်ဆန်အနေဖြင့် ပထမဆုံးချန်ပီယံကာကွယ်ပွဲအဖြစ် မစ်ဒယ်ဝိတ်တန်း၌ ထိုးသတ်ရခြင်းဖြစ်သည်။

ဘရာဇီးနိုင်ငံသား လီအန်ဒရိုသည် မေ ၁၂ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် မစ်ဒယ်ဝိတ်တန်းစိန်ခေါ်ပွဲတွင် ချန်ပီယံဟောင်း ဗစ်တာလီဘစ်ဒက်ရှ်ကို တတိယအချီတွင် အလဲထိုးအနိုင်ရခဲ့သောကြောင့် အောင်လအန်ဆန်ကို စိန်ခေါ်ခွင့်ရခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်နှင့် လီအန်ဒရိုတို့၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲကို ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။ လီအန်ဒရိုသည် အောင်လအန်ဆန်၏

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖**

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး၊ ထွက်ပြိုင်ပွဲ စစ်ကိုင်းအသင်း ပင်နယ်တီတွင် အနိုင်ရ

**ရန်ကုန် မေ ၁၃**

၂၀၁၈ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး၊ ထွက်ပြိုင်ပွဲ ပထမအဆင့်(ဒုတိယနေ့)ကို ယနေ့တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ စစ်ကိုင်းအသင်းက မြဝတီအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသည်။

မိနစ် ၁၂၀ ဖြစ်သည်အထိ နှစ်ဂိုးစီ သရေကျနေ၍ ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ ဂိုးသမား အေဇင်မျိုး၏ လက်စွမ်းပြမှုဖြင့် စစ်ကိုင်းအသင်း နောက်တစ်ဆင့် တက်ခဲ့ခြင်းဖြစ်သည်။ MNL ကလပ်နှစ်သင်းတွေ့ဆုံမှုမှာ အပြန်အလှန်ရှိခဲ့ပြီး အချိန်ပို ပင်နယ်တီအထိ အဆုံးအဖြတ်ခံယူခဲ့ရသည်။

စစ်ကိုင်းအသင်းသည် အသစ်ခေါ်ထားသည့် နိုင်ဂျီးရီးယားတိုက်စစ်မှူး ဘမ်ဘာအပါအဝင် လူစုံနီးပါး အသုံးပြုခဲ့ပြီး မိနစ် ၃၀ နောက်ပိုင်းတွင် နိုင်ငံခြားတောင်ပံကစားသမား ဖရိုင်းဒေးဝင်လာမှ တိုက်စစ်ပိုကောင်းလာခြင်းဖြစ်သည်။ မြဝတီအသင်းမှာလည်း ရဲဝေယံစိုး၊ ကောင်းစည်သူ၊ ဝေယံဦးတို့ဖြင့် လူစုံခဲ့သည်။ ယခုရာသီတွင် MNL သို့ ပထမဆုံးတန်းတက်လာသည့် နှစ်သင်းတွေ့ဆုံသော ပွဲဖြစ်သောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၂၃ မိနစ်တွင် သက်ပိုင်ကိုက မြဝတီအတွက် ဦးဆောင်ဂိုးသွင်းခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် စစ်ကိုင်းအသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ဘမ်ဘာက ခေါင်းတိုက်ပြီး ချေပဂိုး ပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းအစတွင် စစ်ကိုင်းအသင်း ပိုဖိကစားခဲ့ပြီး ၄၈ မိနစ်တွင် ဘမ်ဘာက ဒုတိယဂိုးထပ်သွင်းခဲ့သည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●**



ကျားပေါက်(ရန်စစ်ငြိမ်း)နှင့် ကျောက်လျှမ်းလီ(တရုတ်)တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်။

# မြန်မာ၊ ထိုင်း၊ တရုတ်၊ လာအိုနှင့် ဘရာဇီး ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး ကွာတားဖိုင်နယ်(၂)ပွဲစဉ်များ ကျင်းပ

**ရန်ကုန် မေ ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး MMTS နှင့် H & S Group တို့ ပူးပေါင်းကျင်းပသော မြန်မာ၊ ထိုင်း၊ တရုတ်၊ လာအိုနှင့် ဘရာဇီးနိုင်ငံတို့မှ လက်ဝှေ့ကျော်များ လာရောက်ယှဉ်ပြိုင်သည့် Lethwei Nation 50th Media Championship 2018 မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး၏ ကွာတားဖိုင်နယ်(၂) ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူ လက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

အဆိုပါ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ၅၇-၆၁ ကီလိုပြိုင်ပွဲတွင် ဒေါင်းဖြူလေး(Adventure)နှင့် ခွမ်းဖစ်(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ငါးချီပြည့်သည်ထိ အနိုင်၊ အရှုံးမပေါ်၍ အမှတ်ဖြင့်ဆုံးဖြတ်ရာ ခွမ်းဖစ်က အနိုင်ရရှိသည်။ ရဲသွေးနီ(တောင်ကလေး)နှင့် ပင်ဖစ်(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် စတင်ယှဉ်ပြိုင်ထိုးသတ်သည်နှင့် ရဲသွေးနီက ၎င်း၏ အားပါလှသော ဘယ်ဝိုက်၊ ညာဝိုက်လက်သီးတွဲလုံးများဖြင့် ထိုးသတ်ရာ ဒုတိယအချီ ၃၄ စက္ကန့်တွင် ရဲသွေးနီက အလဲထိုးဖြင့် အနိုင်ရရှိသည်။

၆၂-၆၆ ကီလိုတန်းတွင် စောမင်းအောင်(တောင်ကလေး)က ဗထူးမောင်(ရတနာပုံ)အား ပထမအချီ ၃၃ စက္ကန့်တွင်လည်းကောင်း၊ စိုးထက်ဦး(Phoenix)က ဆူနိအို(ထိုင်း)အား ပထမအချီ တစ်မိနစ်နှင့် ၅၀ စက္ကန့်တွင် လည်းကောင်း၊ ကျားပေါက်(ရန်စစ်ငြိမ်း)က ကျောက်လျှမ်းလီ(တရုတ်)အား ဒုတိယအချီ တစ်မိနစ်နှင့် ၂၄ စက္ကန့်တွင် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး ၆၇-၇၁ ကီလိုတန်းတွင် မင်းမောင်မောင်(တောင်ကလေး)က

**စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ✳**


ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၀၁၄-၁၅/ ၂၀၁၅-၁၆/ ၂၀၁၆-၁၇) ပညာသင်နှစ်တွင် ၃-နှစ်ဆက်တိုက် အောင်ချက်အကောင်းဆုံးကျောင်း
ဝိပွဲဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး တတိယအဆင့် (Top-3) နှင့် ဂုဏ်ထူးရှင်ပေါင်းများစွာမွေးထုတ်ပေးခဲ့သော
ကျောင်းတွင်းထူးချွန်ဆုရကျောင်းသားများကိုလည်း နှစ်စဉ်နှစ်တိုင်းမွေးထုတ်ပေးနေသော ပညာမြင့်မိုရ်



မြန်မာတစ်နိုင်ငံလုံး တတိယအဆင့် (Top-3)
မောင်မင်းခန့်မွန်



ပညာမြင့်မိုရ်
၂၀၁၈-၁၉ ပညာသင်နှစ်အတွက် ကျောင်းကြိုအပ်လက်ခံပြီ။
၁၀-တန်း စာသင်တန်းများ စ ပြီ။
တန်းခွဲသစ်များ မေလ (၃)ရက်နေ့ စမည်။
၅၊ ၆၊ ၇၊ ၈၊ ၉ တန်းများ မေလ(၃)ရက်နေ့ စမည်။
ကြိုအပ်လက်ခံပြီ။

ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ကတယ-၁၃/၀၉/၀၂၈
၅-တန်း မှ ၁၀-တန်း အထိ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
- ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း
- ၈/၉/၁၀ တန်းများအတွက်စိတ်ကြိုက်အပ်နှံနိုင်သော အမျိုးအစားများ

နေ့ကျောင်း၊ ဘော်ဒါ၊ တဝက်ဘော်ဒါ
- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
- လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်။

ချက်ပြုတ်၊လျှော်ဖွပ်၊သန့်ရှင်း(မ) အဆောင်နေနိုင်သူဖြစ်ရမည် တနင်္ဂနွေနေ့ ရုံးခန်းဖွင့်သည်။
အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။
09 965800961, 09 73004720, 09 778912697, 09 445340077, 01 8562830
ကျောင်းကား ရှိပါသည်